# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၄)
အမှတ် (၁၅၀)

Established in 1914

**Myanma Alinn Daily**

၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်

၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီ ၂၇ ရက်၊ သောကြာနေ့။


သခွတ်ပင်က မီးတကျည်ကျည် လုပ်တာတော့လည်း မကောင်းဘူး၊ မြှောက်ပေးတဲ့အထဲ သတင်းစာတွေလည်းပါတယ်လို့ ကျွန်တော်က ပြောချင်တယ်၊ အဲဒီလို ခင်ဗျားတို့လုပ်နေရင် ကျုပ်တို့ကလည်း ဝတ္တရားအတိုင်း အရေးယူလုပ်ရမှာပဲ၊ အဲဒီလိုလုပ်ကြရင် မီးခိုးမဆုံး မိုးမဆုံး ဖြစ်နေမှာပဲ၊ အဲဒါတွေဖယ်ထားပြီး အလုပ်ကလေးလည်း ကောင်းကောင်း လုပ်ပါရစေဦး။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ မေလ ၃၀ ရက်နေ့ သတင်းစာဆရာများအစည်းအဝေးတွင် ပြောကြားခဲ့သောမိန့်ခွန်းမှ ကောက်နုတ်ချက်)



# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ဩစတြေးလျနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဩစတြေးလျနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ နီကိုးလတ်ကော့ပယ်လ်သည် ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ သမ္မတအိမ်တော်သို့သွားရောက်၍ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားသို့ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသူရိန်သန့်ဇင်တို့ တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

**(သတင်းစဉ်)**

---

**ယနေ့**

## မာတိကာ


**အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် ပတ်သက်၍ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်က အကြံပြုချက်များပေးပို့** — *စာမျက်နှာ » ၃*

**အမျိုးသားပညာရေးဥပဒေ-ကောင်းစေချင်သည်**
*ဆောင်းပါး* — *စာမျက်နှာ » ၆*

**ဆိုက်ပရပ်စ်ဆိပ်ကမ်းများကို ရုရှားရေတပ်သင်္ဘောများ အသုံးပြုမည်** — *စာမျက်နှာ » ၁၀*


# သွေးမေတ္တာ သွေးလှူရှင်အသင်း တိုက်ပွဲရှောင်ပြည်သူများအားကူညီရန် လားရှိုးသို့ ရောက်ရှိ

**လားရှိုး ဖေဖော်ဝါရီ ၂၆**

ဖေဖော်ဝါရီ ၂၅ ရက် နံနက်ပိုင်းတွင် လားရှိုးမြို့ ရပ်ကွက်(၁၂)ရှိ သီရိမင်္ဂလာ မန်ဆူရှမ်းကျောင်းတွင် ဖွင့်လှစ်ထားသော လောက်ကိုင်ဒေသမှ တိုက်ပွဲရှောင် အလုပ်သမားပြည်သူများကို ကယ်ဆယ်မှုပြုလုပ်နေသော ကယ်ဆယ်ရေးစခန်းသို့ ရန်ကုန်မြို့မှ သွေးမေတ္တာ သွေးလှူရှင်အသင်း၏ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများ၊ အမှုဆောင်အဖွဲ့ဝင်များ ရောက်ရှိလာသည်။



အဆိုပါအဖွဲ့က လားရှိုးမြို့ရောက် တိုက်ပွဲရှောင်ပြည်သူများကို ကြည့်ရှုအားပေးစကားများပြောကာ ထမင်းထုပ်များဝေငှပေးသည်။

သွေးမေတ္တာသွေးအလှူရှင်အသင်းဥက္ကဋ္ဌ ဦးမြတ်ကျော်၊ ဒုတိယဥက္ကဋ္ဌ (၁)ရုပ်ရှင် သရုပ်ဆောင်ဦးဝေဠုကျော်၊ ဒုတိယဥက္ကဋ္ဌ (၂)ဦးမိုးကျော်နှင့် အမှုဆောင်အဖွဲ့ဝင်များဖြစ်သည့် ရုပ်ရှင်သရုပ်ဆောင် အေးမြတ်သူ၊ မစိုးနှင့် အဖွဲ့ဝင်များပါလာခဲ့ပါကြောင်း၊ ၎င်းတို့သွေးမေတ္တာအသင်းသည် ရှမ်းပြည်နယ်(မြောက်ပိုင်း)ကွမ်းလုံမြို့သို့ ဆက်လက်သွားရောက်ကာ လောက်ကိုင်ဒေသရှိ တိုက်ပွဲရှောင်ပြည်သူများ၏ ဒုက္ခအခက်အခဲများကို ကူညီဖြေရှင်းပေးနိုင်ရန်အတွက် သွားရောက်ကြမည်ဖြစ်ကြောင်း၊ ထိုကွမ်းလုံမြို့ရှိ ဒေသ

*စာမျက်နှာ ၉ ကော်လံ ၃* ❖




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ရင်းနှီးမြှုပ်နှံမှုများ တိုးချဲ့ဖော်ဆောင်

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးမြှင့်တင်ရာတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်အောင်ဆောင်ရွက်ရန် အရေးကြီးသည်။ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာမှုနှင့်အတူ အလုပ်အကိုင်အခွင့်လမ်းများ တိုးပွားလာပြီး လူတစ်ဦးချင်းဝင်ငွေတိုးတက်လာမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ထုတ်ပြန်ချက်အရ ၂၀၁၄ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၉၉ ခုကို ခွင့်ပြုခဲ့ရာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၃ ဒသမ ၆၇၆ ဘီလီယံခန့်ရှိပါသည်။ ထို့အတူ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၂၂ ခုတွင် ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၁၁၅ ဒသမ ၈၈၁ သန်းအပါအဝင် ငွေကျပ် ၅၈၇ ဒသမ ၂၉၆ ဘီလီယံခန့်ရှိပါသည်။

ဤသို့ဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအပေါ် သုံးသပ်ကြည့်မည်ဆိုပါက ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍသည် ၃၆ ဒသမ ၈၃ ရာခိုင်နှုန်းဖြင့် ပထမ၊ စွမ်းအင်ကဏ္ဍသည် ၂၁ ဒသမ ၉၀ ရာခိုင်နှုန်းဖြင့် ဒုတိယနှင့် အိမ်ရာအဆောက်အအုံ တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍသည် ၁၆ ဒသမ ၉၅ ရာခိုင်နှုန်းဖြင့် တတိယနေရာ၌ ရပ်တည်လျက်ရှိပါသည်။ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုအပေါ် သုံးသပ်ကြည့်မည်ဆိုပါက အိမ်ရာအဆောက်အအုံ တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍတွင် ၇၉ ဒသမ ၇၅ ရာခိုင်နှုန်းဖြင့် ပထမ၊ ဆောက်လုပ်ရေးကဏ္ဍတွင် ၉ ဒသမ ၂၉ ရာခိုင်နှုန်းဖြင့် ဒုတိယ၊ စက်မှုကဏ္ဍတွင် ၄ ဒသမ ၈၁ ရာခိုင်နှုန်းဖြင့် တတိယနေရာတွင်ရှိပါသည်။

မြန်မာနိုင်ငံ၏ပြောင်းလဲလာသော နိုင်ငံရေး၊ စီးပွားရေး ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုများကြောင့် ဥရောပသမဂ္ဂအဖွဲ့နိုင်ငံများဖြစ်သော ယူနိုက်တက်ကင်းဒမ်း၊ ပြင်သစ်၊ နယ်သာလန်နှင့် ဆွီဒင်နိုင်ငံတို့မှ ရင်းနှီးမြှုပ်နှံမှုများ ပြန်လည်စီးဝင်လာခဲ့ပါသည်။ ယခင်က ရင်းနှီးမြှုပ်နှံမှုနည်းပါးခဲ့သည့် စင်ကာပူ၊ ယူနိုက်တက်ကင်းဒမ်း၊ ဗီယက်နမ်၊ မလေးရှား၊ ထိုင်း၊ ဟောင်ကောင်နှင့် အိန္ဒိယနိုင်ငံတို့မှလည်း ရင်းနှီးမြှုပ်နှံမှုများ တိုးချဲ့လုပ်ဆောင်လာပါသည်။

ဆယ်စုနှစ်တစ်ခုကျော်ကြာ ရင်းနှီးမြှုပ်နှံမှုများ ရပ်တန့်နေခဲ့သည့် ကနေဒါ၊ နယ်သာလန်နှင့် လူဇင်ဘတ်နိုင်ငံတို့မှလည်း ရင်းနှီးမြှုပ်နှံမှုများ တိုးချဲ့ဆောင်ရွက်လာသည်ကို တွေ့ရပါသည်။ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှု အပြိုင်တိုးတက်နေသောကဏ္ဍသည် အိမ်ရာအဆောက်အအုံတည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍဖြစ်ပါသည်။ ဤအချက်ကိုထောက်ရှုလျက် မြန်မာနိုင်ငံတွင် အိမ်ရာအဆောက်အအုံများနှင့် အခြေခံအဆောက်အအုံများ ဆောက်လုပ်ရေးတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု သိသိသာသာ တိုးတက်လာသည်ကို တွေ့ရပေသည်။ ဤသို့ ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာသဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးနှင့် လူတစ်ဦးချင်းဝင်ငွေတိုးတက်ရေး အထောက်အကူပေးနိုင်မည်ဖြစ်၍ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးချဲ့ဖော်ဆောင်သွားသင့်ပါကြောင်း။ ။

## ပြည်တွင်းသတင်း

# ပတ်ဝန်းကျင်ထိန်းသိမ်းရေး နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပြီး အကောင်အထည်ဖော်ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းသည် UN-HABITAT မှ Country Programme Manager, Mr. Bijay Karmacharya နှင့် Myanmar Climate Change Alliance- MCCA Programme ၏ Chief Technical Advisor, Mr. Psaqurale Capizzi တို့ ပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယမန်နေ့က ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ညှိနှိုင်းခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။ **(အပေါ်ယာပုံ)**



ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် ဥရောပသမဂ္ဂ၊ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်၏ ရန်ပုံငွေအထောက်အပံ့ဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်း ရေးဦးစီးဌာနနှင့် UN-HABITAT၊ UNEP တို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် "မြန်မာရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်" တွင် Chief Technical Advisor အဖြစ် တာဝန်ထမ်းဆောင်မည့် Mr. Psaqurale Capizzi မှ ဆောင်ရွက်အကောင်အထည်ဖော်မည့် လုပ်ငန်းနှင့် အစီအစဉ်များ၊ မြန်မာနိုင်ငံမှ ရေးဆွဲပြုစုမည့် ရာသီဥတုပြောင်းလဲမှု မူဝါဒနှင့် လုပ်ငန်းမူဘောင်များ၊ ကုလသမဂ္ဂ ပတ်ဝန်းကျင်အစီအစဉ်နှင့်ပူးပေါင်း၍ UN-HABITAT မှ မြန်မာနိုင်ငံတွင် ဆောင်ရွက်အကောင်အထည်ဖော်မည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်း အစီအစဉ်များ၊ လာမည့် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် ပြင်သစ်နိုင်ငံ ပဲရစ်မြို့၌ ကျင်းပမည့် (၂၁) ကြိမ်မြောက် ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှု ဆိုင်ရာ ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများ အစည်းအဝေးတွင် မြန်မာနိုင်ငံမှ တက်ရောက်ဆွေးနွေးမည့်ကိစ္စရပ်များကို ဆွေးနွေးကြသည်။

**(မြန်မာ့အလင်း)**

# တတိယအကြိမ် နိုင်ငံတကာကျောက်မျက်ရတနာနှင့် နည်းပညာပြပွဲကြီးကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

ပြည်တွင်း ပြည်ပကျောက်မျက်ရတနာကုန်သွယ်ခွန်များ လျှော့ချလာမှုများအရ ထိုင်းနိုင်ငံရှိ နာမည်ကြီးကျောက်မျက်ရတနာ ကုမ္ပဏီတစ်ခုက တတိယအကြိမ်မြောက် နိုင်ငံတကာ ကျောက်မျက်ရတနာနှင့် နည်းပညာပြပွဲကြီးကို ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်း ဂမုန်းပွင့်ကုန်တိုက်အနီးရှိ ကျောက်မျက်ရတနာပြခန်းကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ကျောက်မျက်လုပ်ငန်းရှင်များအသင်းမှ သိရသည်။

အဆိုပါပြပွဲကြီးကို ကြီးမှူးကျင်းပသည့် ထိုင်းနိုင်ငံကျောက်မျက်ရတနာကုမ္ပဏီကြီးအပါအဝင် အင်ဒိုနီးရှား၊ လာအို၊ ကမ္ဘောဒီးယားနိုင်ငံတို့မှ ကျောက်မျက်ရတနာ အကြမ်းထည် (အရိုင်း) နှင့် လက်ဝတ်ရတနာများ (အချောထည်) များ၊ ခေတ်မီနည်းပညာသုံး ကျောက်သွေး၊ ကျောက်ချောပြုလုပ်သည့် စက်များ၊ အချောထည်ပြုလုပ်သည့် ကိရိယာများ၊ အဆင့်မြင့်ကျောက်ခွဲစက်များနှင့် ဆက်စပ်ပစ္စည်းများ ပါဝင်ပြသသွားမည်ဖြစ်သည်။

ယင်းကဲ့သို့သော နိုင်ငံတကာ ကျောက်မျက်ရတနာနှင့် နည်းပညာပြပွဲကြီးအား မင်းဓမ္မလမ်းရှိ MCC ခန်းမနှင့် UMFCCI Ground Floor တို့၌ယခင် ကျင်းပခဲ့သော်လည်း အဆိုပါ ပွဲများ၌ ကုန်သွယ်ခွန်များ များပြားခဲ့သည့်အတွက် ပြသချင်သည့် ပစ္စည်းများ အလုံအလောက်မပါခဲ့ကြကြောင်း၊ ယခုတတိယအကြိမ်မြောက် ကျင်းပမည့်အဆိုပါ ပြပွဲကြီးတွင် နိုင်ငံတကာ ကျောက်မျက်ကုမ္ပဏီကြီးများက မတ် ၂၅ ရက်နှင့် ၂၆ ရက်တွင် အစမ်းကျင်းပမည်ဖြစ်ပြီး မတ် ၂၇ ရက်မှ ၃၀ ရက်ထိကို နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီထိ ကျင်းပပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **တင်လှမောင်**

# ပေါတောမြို့တွင် ဗုဒ္ဓမြတ်စွယ်တော်ပင့်ဆောင်ကြည်ညိုမည်

**ပေါတော ဖေဖော်ဝါရီ ၂၆**

တရုတ်ပြည်သူ့သမ္မတနိုင်ငံက လှူဒါန်းသည့် ဗုဒ္ဓမြတ်စွယ်တော်တစ်ဆူကို သာသနာရေးဝန်ကြီးဌာနက ၂၀၁၄ ခုနှစ် ဩဂုတ်လ စတုတ္ထပတ်တွင် မူဆယ်မြို့၌ သွားရောက်ပင့်ဆောင်ပြီး ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီးရင်ပြင်တော် ဦးမောင်ကြီးအာရုံခံတန်ဆောင်းသို့ စည်ကားသိုက်မြိုက်စွာ အပူဇော်ခံကိန်းဝပ်စံပယ်တော်မူခဲ့သည်။

ယခုအခါ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် တိုင်းအတွင်း မြို့နယ်များရှိ ရဟန်းရှင်လူ ပြည်သူများ ဖူးမြော်ကြည်ညိုပူဇော်နိုင်ရန် ပုသိမ်မြို့ ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး ကုန်းတော်ရှိ ဂန္ဓကုဋိတိုက်တော်မှ ဒေသစာရီ ကြွချီတော်မူလာခဲ့ပြီဖြစ်သည်။

အဆိုပါ ဗုဒ္ဓစွယ်တော်သည် ပေါတောမြို့၌ အပူဇော်ခံ ဖူးမြော်ကြည်ညိုရန် မတ် ၃ ရက်တွင် ပုသိမ်-ပေါတောကားလမ်းအတိုင်း ဒေသစာရီ ကြွချီတော်မူမည်ဖြစ်သည်။

ဆက်လက်၍ မတ်လ ၄ ရက်အထိ ပေါတောမြို့ မြို့ဦးစွယ်တော်မြတ်စေတီရင်ပြင်တော်၌ နှစ်ညတာ အပူဇော်ခံ ကိန်းဝပ်စံပယ်တော်မူမည်ဖြစ်ရာ ဒေသခံပြည်သူများ ဒေသစာရီကြွချီရာ လမ်းတစ်လျှောက် ဖူးမြော်ကြည်ညို သဒ္ဓါတရား ပွားများနိုင်မည်ဖြစ်ကြောင်း သိရသည်။ **မျိုးကျော်သူ**



## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၆-၂-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၇၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၃၃၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၇၃၅၀၀ |

**စက်သုံးဆီဈေးနှုန်း(Max/Newday စက်သုံးဆီအရောင်းဆိုင်)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၁၆ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၇၅ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၆၃၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၈၈၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၉၀၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၀၀၀-၄၈၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀-၃၇၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၄၅၀၀-၆၈၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၁၂၀၀၀-၁၄၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၇၀၀၀-၃၃၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၆၅၀၀-၁၄၅၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၄၅၀၀-၁၅၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၇၀၀၀-၈၅၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၈၀၀၀-၁၂၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၄၂၀၀-၉၅၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၀၃၆-၁၀၃၈ |
| ဥရောပ | တစ်ယူရို | ၁၂၀၀-၁၂၁၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၇၆-၇၈၀ |
| ထိုင်း | တစ်ဘတ် | ၃၁-၃၃.၅ |
| အိန္ဒိယ | တစ်ရူပီး | ၁၅.၅-၁၆ |
| တရုတ် | တစ်ယွမ် | ၁၆၃-၁၆၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၂၀-၃၂၅ |

**ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း**

| | | |
|---|---|---|
| နွေဆန် | တစ်အိတ် | ၁၈၀၀၀-၁၈၅၀၀ |
| မိုးဆန်သစ် (မနောသုခ) | တစ်အိတ် | ၁၇၀၀၀-၁၇၅၀၀ |
| ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၂၇၀၀၀-၃၁၀၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၄၀၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၃၅၅ |
| ဆိပ်ဖြူကြက်သွန်နီ (အသစ်) | တစ်ပိဿာ | ၂၀၀-၃၇၅ |
| ရှမ်းကြက်သွန်ဖြူ | တစ်ပိဿာ | ၁၃၅၀-၂၀၅၀ |
| ကြက်သွန်ဖြူ(ကြူကုတ်) | တစ်ပိဿာ | ၁၅၂၅-၁၅၄၀ |
| အာလူး(ဆင်ဖြူကျွန်း) | တစ်ပိဿာ | ၃၆၀-၆၇၀ |
| ငရုတ်ရှည် (မိုးထောင်) | တစ်ပိဿာ | ၂၄၀၀-၂၆၀၀ |
| ငရုတ်ပွ (စိမ်းစား) | တစ်ပိဿာ | ၅၀၀၀-၅၄၀၀ |
| သကြား | တစ်ပိဿာ | ၈၁၅-၈၅၀ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

**ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-စေ့ငုတင်ပြသည်။**

ပြည်တွင်းသတင်း

# အမျိုးသားပညာရေးဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့်ပတ်သက်၍ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်က အကြံပြုချက်များပေးပို့

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်ပတ်သက်၍ သာသနာရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်က ၂၀-၂-၂၀၁၅ ရက်တွင် အကြံပြုချက်များပေးပို့ခဲ့ကြောင်း သိရှိရသည်။

ယင်းအကြံပြုချက်များတွင် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၌ အခန်း(၁၃) ပုဒ်မ ၆၈(ခ)အား ပယ်ဖျက်ထားခြင်းနှင့်ပတ်သက်၍ မူလအမျိုးသားပညာရေးဥပဒေအခန်း(၁၃) ပုဒ်မ ၆၈ (ခ)တွင်ပါရှိသည့် ပြည်တွင်းရှိ လူမှုရေး၊ ဘာသာရေး၊ အသင်းအဖွဲ့များက ပုဒ်မ ၃၄ ပုဒ်မခွဲ(ဈ) တွင် အကျုံးဝင်သော ကျောင်းများကိုဖွင့်လှစ်လိုလျှင် ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့က ထုတ်ပြန်သည့်နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်ဟူသည့်အချက်ကိုပယ်ဖျက်လိုက်ပါက ဘာသာရေးကျောင်းများသည် အထိန်းအကွပ်မဲ့သွားနိုင်သဖြင့် ပယ်ဖျက်ခြင်းမပြုဘဲ မူလအတိုင်းထားရှိသင့်ပါကြောင်း အကြံပြုထားသည်။

ထို့ပြင် ပြင်ဆင်သည့်ဥပဒေကြမ်းအခန်း(၁) ပုဒ်မ-၂ (ဟ) တက္ကသိုလ်အုပ်ချုပ်ရေးကောင်စီကို ပြင်ဆင်ထည့်သွင်းထားခြင်းနှင့်ပတ်သက်၍ မူလအမျိုးသားပညာရေးဥပဒေတွင်လည်း အခန်း(၁) ပုဒ်မ ၂(ဟ) ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဟုပါရှိရာ ထိုတက္ကသိုလ်အုပ်ချုပ်ရေးကောင်စီနှင့် ကျောင်းအကျိုးဆောင်အဖွဲ့တို့သည် သဘောတရားချင်းအတူတူပင်ဖြစ်၍လည်းကောင်း၊ ထေရဝါဒဗုဒ္ဓတက္ကသိုလ်များအနေဖြင့် ကျောင်းသား/ဆရာသမဂ္ဂများမရှိသဖြင့်လည်းကောင်း ယခင်အတိုင်း ကျောင်းအကျိုးဆောင်အဖွဲ့ဟုသာ ပြင်ဆင်ဖြည့်စွက်ခြင်းမပြုဘဲ မူလအတိုင်းထားရှိသင့်ကြောင်း၊

ဥပဒေကြမ်းအခန်း(၄) အပိုဒ်(င)တွင်ပါရှိသော သင်ကြားရေးတွင် ဘာသာစကားသုံးမျိုးစနစ်ဖြစ်သော မိခင်ဘာသာစကား၊ မြန်မာဘာသာစကား၊ အင်္ဂလိပ်ဘာသာစကားတို့ကို အသုံးပြုသင်ကြားမည်ဆိုရာ၌ အပိုဒ်ခွဲ (ခခ)တွင် မိခင်ဘာသာစကားကို ဦးစွာရွေးချယ်ပြီးပါက မြန်မာစာနှင့် အင်္ဂလိပ်စာကို ဒုတိယဘာသာစကားအဖြစ် လေ့လာနည်းများအသုံးပြုပြီး ကျန်ဘာသာရပ်များကို မိခင်ဘာသာစကားအဖြစ် သင်ကြားသင်ယူခွင့်ရှိသည်ဟုဖော်ပြခြင်းသည် အမျိုးသားရေးအတွက် အထူးသတိပြုရန်ဖြစ်သည့် အပြင် အခုအချိန်ကာလ၌ ဘာသာရေးအယူသီးမှု၊ လွှမ်းမိုးမှုများကိုအားပေးသကဲ့သို့ဖြစ်နေသည်ကို တွေ့ရှိရကြောင်း၊ ထို့အပြင် အပိုဒ်ခွဲ(ကက)မှ (ဃဃ) အထိကိုသာ ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်ပါက မိခင်ဘာသာစကားဟုပြဋ္ဌာန်းပြီးဖြစ်၍ တရုတ်လူမျိုး၊ ဘင်္ဂလီလူမျိုးများအနေဖြင့် ၎င်းတို့၏မိခင်ဘာသာစကားနှင့်ပင် ပညာသင်ကြားရန် သဘောသက်ရောက်သွားမည်ဖြစ်ကာ အလွန်အန္တရာယ်ကြီးမားသော ဘာသာရေး၊ ပညာရေးနောက်ဆက်တွဲဆိုးကျိုးများ ဖြစ်ပေါ်လာစေနိုင်သဖြင့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းတွင် အခန်း(၄)အပိုဒ်(င)၌ပါရှိသော အပိုဒ်ခွဲ(ကက)မှ(ဃဃ)အထိကို အသစ်ဖြည့်စွက်ခြင်းမပြုဘဲ ပယ်ဖျက်သင့်ပါကြောင်းဖြင့် ဖော်ပြထားသည်။

ဆက်လက်၍ ဥပဒေကြမ်းအခန်း(၆)ပုဒ်မ ၃၄(ည) အခြားဘာသာရေးအဖွဲ့အစည်းများမှ ဖွင့်လှစ်ထားသော ပညာရေးကျောင်းများဟု အသစ်ဖြည့်စွက်ထားခြင်းသည် ကျောင်းသားမဟုတ်သူတို့က ကျောင်းသားများအား ကိုယ်စားပြုထားသယောင် သံသယမျိုးဖြစ်နိုင်သဖြင့် အသစ်ဖြည့်စွက်ခြင်းမပြုဘဲ ပယ်ဖျက်သင့်ပါကြောင်း၊ အခန်း(၉)ပုဒ်မ ၅၂ တွင်ပါရှိသော ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသည် ဆရာများ၏အရည်အသွေးမြင့်မားစေရေးနှင့် နိုင်ငံတကာအတွေ့အကြုံရှိစေရေးတို့အတွက် စီမံဆောင်ရွက်ပေးရမည်ဟူသည့် အဆိုပြုချက်ကို ပယ်ဖျက်ထားခြင်းနှင့်ပတ်သက်၍ ယင်းအဆိုပြုချက်သည် အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်အနေဖြင့် အစဉ်တစိုက် ကျင့်သုံးဆောင်ရွက်သွားရမည့်ကိစ္စဖြစ်၍ လည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့နှင့် သာသနာရေးဝန်ကြီးဌာနတို့၏ပံ့ပိုးကူညီမှုဖြင့်လည်းကောင်း အစဉ်တစိုက်ဆောင်ရွက်ရမည့်ကိစ္စဖြစ်၍ ပယ်ဖျက်ခြင်းမပြုဘဲ မူလအမျိုးသားပညာရေးဥပဒေအခန်း(၉) ပုဒ်မ ၅၂ အတိုင်းသာ ထားရှိသင့်ပါကြောင်းဖြင့် အကြံပြုထားသည်။

ထို့ပြင် ပြင်ဆင်သည့်ဥပဒေကြမ်းတွင် အခန်း(၁၁) ပုဒ်မ ၅၇ အား ပယ်ဖျက်ထားခြင်းနှင့်ပတ်သက်၍ မူလအမျိုးသားပညာရေးဥပဒေအခန်း(၁၁) ပုဒ်မ ၅၇(ခ) တွင်ပါရှိသော ထူးခြားသောလုပ်ငန်းသဘာဝအရ အစိုးရအဖွဲ့၏ သီးခြားခွင့်ပြုချက်ဖြင့် သာသနာရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့က ထူထောင်ဖွင့်လှစ်ထားသည့် အဆင့်မြင့်ပညာကျောင်းများမှအပ ကျန်တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့်သိပ္ပံများအားလုံးသည် အဆင့်မြင့်ပညာပေါင်းစပ်ညှိနှိုင်းရေးကော်မတီနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရမည်ဟူသည့်အချက်သည် ဝန်ကြီးဌာနအသီးသီးအောက်ရှိ တက္ကသိုလ်များ သင်ကြားရေးနှင့် စီမံခန့်ခွဲရေးကိစ္စတို့ဆောင်ရွက်ရန် အဆင်ပြေချောမွေ့မှုရှိသဖြင့် ပယ်ဖျက်ခြင်းမပြုဘဲမူလအတိုင်းထားရှိသင့်ပါကြောင်း စသည်ဖြင့် အကြံပြုထားကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

**အပိုဒ်ခွဲ(ခခ)တွင် မိခင်ဘာသာစကားကို ဦးစွာရွေးချယ်ပြီးပါက မြန်မာစာနှင့် အင်္ဂလိပ်စာကို ဒုတိယဘာသာစကားအဖြစ် လေ့လာနည်းများအသုံးပြုပြီး ကျန်ဘာသာရပ်များကို မိခင်ဘာသာစကားအဖြစ် သင်ကြားသင်ယူခွင့်ရှိသည်ဟုဖော်ပြခြင်းသည် အမျိုးသားရေးအတွက် အထူးသတိပြုရန်ဖြစ်သည့်အပြင် အခုအချိန်ကာလ၌ ဘာသာရေးအယူသီးမှု၊ လွှမ်းမိုးမှုများကိုအားပေးသကဲ့သို့ဖြစ်နေ**

# အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု ညှိနှိုင်းရေးကော်မတီအစည်းအဝေးကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**



အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု ညှိနှိုင်းရေးကော်မတီအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း တက်ရောက်သည်။ **(ယာပုံ)**

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှဝန်ကြီးများ၊ နိုင်ငံတော်သမ္မတ၏ အကြံပေးပုဂ္ဂိုလ်များ၊ UNDP မှတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ယနေ့ကျင်းပသည့် အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု ညှိနှိုင်းရေးကော်မတီအစည်းအဝေးသည် တတိယအကြိမ်မြောက်ကျင်းပသည့် အစည်းအဝေးဖြစ်ပါကြောင်း၊ ပထမအကြိမ် အစည်းအဝေးတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ပြည်သူလူထုလိုလားချက်များကိုလေ့လာ၍ ပြောင်းလဲသင့်သည့်အချက်များကို ပြုစုတင်ပြရန် ဆုံးဖြတ်ဆောင်ရွက်ခဲ့ပါကြောင်း၊ ဒုတိယအကြိမ်ကျင်းပသည့် အစည်းအဝေးတွင် ပြုစုတင်ပြလာသော အချက်များအပေါ် မူတည်၍ Quick Win ရရှိစေမည့်ကိစ္စရပ်များကို ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးခဲ့ပါကြောင်း။

ယင်း Quick Win ရရှိစေမည့် ကိစ္စရပ်များမှာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများက တင်ပြလာသော အကြံပြုချက်များအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ပေးမည့် အချက်(၇၈)ချက်၊ လုပ်ငန်းသဘာဝအရ တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည့် အချက် ၅၅ ချက်နှင့် ခေတ်နှင့်လိုက်လျောညီထွေဖြစ်စေရန် ပြင်ဆင်သင့်သည့် အချက်ကိုးချက်ဟူ၍ ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးခဲ့ပါကြောင်း။

ယခု တတိယအကြိမ်ကျင်းပသည့် အစည်းအဝေးတွင် အုပ်ချုပ်ရေးစနစ်ကောင်းတစ်ခုဖြစ်ပေါ်စေရေးအတွက် ရေရှည်ခိုင်မာသည့် အုတ်မြစ်ကောင်းတစ်ခုကိုချမှတ်နိုင်ရန်အတွက် မျှော်မှန်းဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ယင်းသို့ ဆောင်ရွက်ရန်အတွက် အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု မူဘောင်တစ်ရပ်ပေါ်ထွန်းရေးကို ဆွေးနွေးသွားမည်ဖြစ်ပါကြောင်း၊ အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှု မူဘောင်တစ်ရပ် ပေါ်ထွန်းသင့်သည့် အကြောင်းတရားများမှာ (က) ဘက်စုံလွှမ်းခြုံသော အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်တစ်ရပ် လိုအပ်ခြင်း၊ (ခ) နိုင်ငံ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံအုတ်မြစ်ကောင်းတစ်ရပ်ချမှတ်ရန်လိုအပ်ခြင်း၊ (ဂ) အကောင်အထည်ဖော် ဆောင်ရွက်သူများအားလုံးအကြား ပူးပေါင်းညှိနှိုင်းဆွေးနွေးနိုင်ရန် မူဘောင်တစ်ရပ်လိုအပ်ခြင်း၊ (ဃ) နှစ်ကာလအပိုင်းအခြားဖြင့် တိကျစွာ သတ်မှတ်၍ ဆောင်ရွက်ရန်လိုအပ်ခြင်းတို့ ဖြစ်ပါကြောင်း။

အသေးစိတ်ဆွေးနွေးဆောင်ရွက်နိုင်ရန်အတွက်နှင့် သက်ဆိုင်သူများအားလုံးကျယ်ကျယ်ပြန့်ပြန့် ပါဝင်ဆွေးနွေးနိုင်ရန်အတွက် ရည်ရွယ်ပြီး အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု မူဘောင်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတစ်ခုကျင်းပရန်လည်း စဉ်းစားထားပါကြောင်း၊ သို့ဖြစ်၍ တက်ရောက်လာကြသော ကော်မတီဝင်များအားလုံး အနေဖြင့်လည်း ဝိုင်းဝန်းဆွေးနွေး အကြံပြုပေးပါရန် ပဏာမ ပြောကြားလိုပါကြောင်း။

အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု လုပ်ငန်းများကို ဖွံ့ဖြိုးဆဲနိုင်ငံများ၌ လုပ်ကိုင်ဆောင်ရွက်ကြရာတွင် အမြန်ဆုံးပြုပြင်ပြောင်းလဲနိုင်သော နိုင်ငံပေါင်း ၂၀ က အချိန်ယူခဲ့ကြရသည့် ပျမ်းမျှနှစ်သည် နှစ်ပေါင်း ၂၀ ခန့် ဖြစ်ပါကြောင်း၊ အမြန်ဆုံးပြုပြင်ပြောင်းလဲနိုင်သောနိုင်ငံပင် ၁၂ နှစ်ခန့်ကြာခဲ့သည်ကို လေ့လာမှုစစ်တမ်းများအရ သိရှိရကြောင်း၊ နိုင်ငံအားလုံးက စံနမူနာအဖြစ် လိုက်နာကျင့်သုံးရမည့် ပြုပြင်ပြောင်းလဲရေးနည်းနာများလည်း မပေါ်ထွန်းသေးပါကြောင်း၊ မိမိတို့နိုင်ငံ၏သမိုင်းကြောင်း၊ ယဉ်ကျေးမှုနှင့် ကာလဒေသအလျောက် ကျင့်သုံးဆောင်ရွက်ရပါကြောင်း၊ ထို့ကြောင့် အပြုသဘောအောင်မြင်ခဲ့သော နိုင်ငံတကာ အတွေ့အကြုံများအပေါ် အခြေခံပြီး ဌာနအချို့နှင့် မြို့နယ်အချို့တို့တွင် စီမံချက်များဖြင့် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုများကိုပြုလုပ်ရာတွင် နိုင်ငံတကာ၏ လုပ်ပုံကိုင်ပုံများကို လေ့လာရမည်ဖြစ်သော်လည်း ပြုပြင်ပြောင်းလဲရေးပုံစံသည် မိမိတို့၏အခြေအနေနှင့် ကိုက်ညီရန်လိုအပ်ပါကြောင်း၊ ရေရှည်အမြင်ရှိရန်လိုအပ်ကြောင်း၊ တဖြည်းဖြည်းတိုးတက်ရန် ပြင်ဆင်ရမည်ဖြစ်ပါကြောင်း၊ ပြည်သူတို့၏မျှော်လင့်ချက်မြင့်မားနေမှုများကို စီမံကိုင်တွယ်ရမည်ဖြစ်ပါကြောင်း၊ ပျော့ပျောင်းညင်သာမှုရှိအောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် UNDP ကိုယ်စားလှယ်က အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု မူဘောင်(မူကြမ်း)နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ ကော်မတီဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများက အကြံပြုဆွေးနွေးကြသည်။

ထို့နောက် UNDP ကိုယ်စားလှယ်က အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုမူဘောင်ဆိုင်ရာနှင့် ပတ်သက်၍ အလုပ်ရုံဆွေးနွေးပွဲ အစီအစဉ်များကို အသေးစိတ်ရှင်းလင်းတင်ပြခဲ့ပြီး ကော်မတီဝင်များက အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု မူဘောင်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲအစီအစဉ်များ နှင့် ပတ်သက်၍ ဖြည့်စွက်ဆွေးနွေးကြပြီး အထွေထွေကိစ္စရပ်များအပေါ် ဝိုင်းဝန်းဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

# မြန်မာစာပေချစ်မြတ်နိုးသူများအသင်း နှစ်ပတ်လည်စည်းဝေးပွဲ ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

မြန်မာစာပေကိုတန်ဖိုးထားမြတ်နိုးသော စိတ်ဖြင့်ဖွဲ့စည်းခဲ့သော မြန်မာစာပေချစ်မြတ်နိုးသူများအသင်းသည် ပွင့်လင်းမြင်သာသော ဒီမိုကရေစီနိုင်ငံတော်သစ်တွင် ပိုမိုကျယ်ကျယ်ပြန့်ပြန့် ထက်ထက်မြက်မြက် လုပ်ကိုင်ဆောင်ရွက်နိုင်ရေးအတွက် အသင်း၏နှစ်ပတ်လည်အစည်းအဝေးကို မတ် ၇ ရက် မွန်းလွဲ ၂ နာရီတွင် ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်း (၂၂၁/ ၂၂၃) တော်ဝင်နှင်းဆီခန်းမ၌ ကျင်းပမည်။ မြန်မာစာပေချစ်မြတ်နိုးပြီး တန်ဖိုးထားသူတိုင်း တက်ရောက်နိုင်ကြရန် အသင်းဝင်နိုင်ရန် ဖိတ်ခေါ်ထားသည်။ ထို့ပြင် အသင်းမှရိုက်နှိပ်ထုတ်ဝေသောစာအုပ်များကိုလည်း အရောင်းဆိုင်တွင် ရောင်းချမည်ဖြစ်ရာ စိတ်ကြိုက်ရွေးချယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

**စိန်ရွှေလှိုင်**

လွှတ်တော်ရေးရာ

# ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ကုလသမဂ္ဂနိုင်ငံရေးရာဌာနအကြီးအကဲအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ကုလသမဂ္ဂနိုင်ငံရေးရာဌာန အကြီးအကဲ ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာ ဂျက်ဖရီဖဲလ်မင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၈ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ ပြည်သူ့လွှတ်တော်နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးဌေးဦး၊ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝမြှင့်တင်ရေးရာနှင့် ပြည်တွင်း ငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီအတွင်းရေးမှူး ဒေါ်ဒွဲဘူ၊ ပြည်ထောင်စုလွှတ်တော်ရုံးနှင့် ပြည်သူ့လွှတ်တော်ရုံးတို့မှတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# စီမံကိန်းများအကောင်အထည်ဖော်ရာတွင် ရေရှည်ရင်းနှီးမြှုပ်နှံမှုဖြစ်သည့် ပညာရေး၊ ကျန်းမာရေးကဏ္ဍများကို ထည့်သွင်းစဉ်းစား

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ပြည်ထောင်စုလွှတ်တော်(၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး(၁၉) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင်ပြည်ထောင်စုအစိုးရအဖွဲ့ကပေးပို့သော **ပင်လယ်ကြောင်းအကောက်ခွန် အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် ကုန်းလမ်း အကောက်အခွန်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**တို့အား တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

ယင်းနောက် **၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း၏မူနှင့် အခြေခံသဘော အပါအဝင် စီမံကိန်းလုပ်ငန်းများ**နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦး**က ဖွံ့ဖြိုးသည့်နိုင်ငံအဆင့်သို့တက်လှမ်းမည်ဆိုပါက စက်မှုကဏ္ဍကို ဦးစားပေးရမည်ဖြစ်ပါကြောင်း၊ လယ်ယာကဏ္ဍတွင်လည်း လယ်ယာမြေများသိမ်းဆည်းခံရခြင်းနှင့် သဘာဝဒဏ်များခံစားရခြင်းတို့ကြောင့် လယ်ယာလုပ်သားများ ရှားပါးနေပါကြောင်း၊ စီမံကိန်းများအကောင်အထည်ဖော်ရာတွင်



ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦး ဆွေးနွေးစဉ်။ (သတင်းစဉ်)

မလိုအပ်သည့် စီမံကိန်းများ ဆိုင်းငံ့၊ ပယ်ဖျက်ပြီး ရေရှည်ရင်းနှီးမြှုပ်နှံမှုဖြစ်သည့် ပညာရေး၊ ကျန်းမာရေးကဏ္ဍများကို ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

**တံတားဦးမဲဆန္ဒနယ်မှ ဒေါ်ခင်သန္တာ**က လယ်ယာကဏ္ဍတွင်ရှိသည့် မူဝါဒ၊ လုပ်ငန်းစဉ်၊ ရည်မှန်းချက်များ အောင်မြင်နိုင်ရန်အတွက် သိမ်းဆည်းခံမြေများ ပြန်လည်စွန့်လွှတ်ရန်နှင့်လျော်ကြေး၊ နစ်နာကြေးများပေးရန် ထည့်သွင်း ရေးဆွဲရမည်ဖြစ်ပါကြောင်း၊ အရှုံးပေါ်နေသော နိုင်ငံပိုင်လုပ်ငန်းများကို ပုဂ္ဂလိကသို့ လွှဲပြောင်းငှားရမ်းခြင်းဖြင့် နိုင်ငံတော်၏ ဝင်ငွေ၊ ကုန်ထုတ်လုပ်မှုနှင့် အလုပ်သမားများ၏ ကြိုးစားအားထုတ်မှုများ ပိုမိုတိုးတက်လာမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

**ဝွမဲဆန္ဒနယ်မှ ဦးကြည်သာ**က မြန်မာနိုင်ငံပို့ကုန်ဝင်ငွေ၏ ၄၂ ဒသမ ၅ ရာခိုင်နှုန်းသည် သဘာဝဓာတ်ငွေ့ရောင်းချသည့် လုပ်ငန်းမှ ဖြစ်ပါကြောင်း၊ ၂၃ ဒသမ ၉ရာခိုင်နှုန်းသည် လယ်ယာကဏ္ဍဖြစ်ပါကြောင်း၊ ၁၁ ရာခိုင်နှုန်းသာလျှင်စက်မှုကုန်ကြမ်းပစ္စည်းများဖြစ်ပါကြောင်း၊ သဘာဝဓာတ်ငွေ့ရောင်းချရသည့် ငွေဖြင့် အဓိကရပ်တည်နေသည့် နိုင်ငံဖြစ်ပါကြောင်း၊ လယ်ယာကဏ္ဍ၏ တိုးတက်မှုကိုလည်း အထူးဂရုပြုရမည်ဖြစ်သကဲ့သို့ စက်မှုကဏ္ဍ၏ ကုန်ချောထုတ်လုပ်မှုကိုလည်း ဂရုပြုရမည်ဖြစ်ပါကြောင်း၊ အနာဂတ်အမျိုးသားစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းများ မှန်မှန်ကန်ကန်ဖြစ်စေရန်နှင့် ဌာနတစ်ခုနှင့်တစ်ခု အချိတ်အဆက်ညီအောင် ဆောင်ရွက်ကြမှသာ



ဝွမဲဆန္ဒနယ်မှ ဦးကြည်သာ ဆွေးနွေးစဉ်။ (သတင်းစဉ်)

စီမံကိန်း အောင်မြင်မည် ဖြစ်ပါကြောင်းဖြင့်ဆွေးနွေးသည်။

**ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦး**က ပညာရေးကဏ္ဍတွင် ဆရာ၊ကျောင်းသား အချိုး၌တိုးတက်မြင့်မားလာပြီဖြစ်၍ အရည်အချင်းပြည့်ဝလာရေးဆောင်ရွက်ပေးရန်လိုအပ်ပါကြောင်း၊ ဘဏ္ဍာရေးစနစ်ပြုပြင်ပြောင်းလဲရေးတွင် နိုင်ငံတော်၏ စီးပွားရေးလိုငွေပြနေမှုနှင့် ငွေကြေးဖောင်းပွမှုကို လျှော့ချရန်အတွက် အခွန်ရရှိမှုကို မြှင့်တင်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အမျိုးသားမှတ်ပုံတင်ရေးနှင့် နိုင်ငံသားမှတ်ပုံတင်ရေးလုပ်ငန်း၌ "မိုးပွင့်စီမံချက်ဆောင်ရွက်ရာတွင် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရန် ကျန်ရှိနေသောပြည်သူများသို့ မြန်ဆန်အဆင်ပြေစွာ ထုတ်ပေးနိုင်ရေးအတွက် တည်ဆဲဥပဒေဘောင်အတွင်းမှ ခွင့်ပြုနိုင်ရန်ဆောင်ရွက်သွားမည်"ဟု အသစ်ဖြည့်စွက်လိုပါကြောင်းဖြင့် ဆွေးနွေးသည်။

**ချောက်မဲဆန္ဒနယ်မှ ဦးသိန်းလွင်**က စက်မောင်းဆီဖြန့်ဖြူးမှုဈေးနှုန်းသည် ပုဂ္ဂလိက၏ လက်ဝယ်တွင်ရှိနေပါကြောင်း၊ ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းများ ကျဆင်းလာချိန်တွင် ပြည်ပမှ အဓိကတင်သွင်းရောင်းချနေသည့် ပြည်တွင်းစက်မောင်းဆီဈေးနှုန်းများသည် အချိန်နှင့် တစ်ပြေးညီလိုက်လျောညီထွေကျဆင်းလာခြင်းမရှိပါကြောင်း၊ ပြည်တွင်း ပုဂ္ဂလိက စက်မောင်းဆီအရောင်းဆိုင်မှ ဖြန့်ဖြူးရောင်းချနေသည့် စက်မောင်းဆီများ၏ အရည်အသွေး၊ အချိန်အတွယ်နှင့် ရောင်းဈေးနှုန်းများကို ညှိနှိုင်းထိန်းသိမ်းတည့်မတ်ပေးရန် လိုအပ်ပါကြောင်း၊ ဈေးကွက်စီးပွားရေး မူဝါဒတွင်ဈေးကွက်လက်ဝါးကြီးအုပ်စနစ်ရှိသည့်အတွက် ၎င်းတို့ကို Counter Balance လုပ်ပေးနိုင်သည့်အခြားပြိုင်ဘက်အုပ်စုများက ယှဉ်ပြိုင်စေရေးထိထိရောက်ရောက်လုပ်ဆောင်ပေးရန် လိုအပ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

**အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဒေါ်ဒွဲဘူ**က မငြိမ်းချမ်းသည့်ဒေသများမှ ငြိမ်းချမ်းသည့်နေရာများတွင် ပညာရေး၊ ကျန်းမာရေးကဏ္ဍများ ဖွံ့ဖြိုးလာအောင် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ မဖွံ့ဖြိုးသေးသည့်ဒေသများ၌ပညာရေးနှင့် ကျန်းမာရေးကဏ္ဍကို အလေးထားဆောင်ရွက်ရန်နှင့်တိုင်းရင်းသား အရေးနှင့်ငြိမ်းချမ်းရေးကို အထူးအလေးပေးဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုလွှတ်တော်၊ နိုင်ငံတကာပါလီမန်များအဖွဲ့ဆိုင်ရာ ပူးပေါင်းကော်မတီအစည်းအဝေးကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ပြည်ထောင်စုလွှတ်တော်၊ နိုင်ငံတကာပါလီမန်များအဖွဲ့ဆိုင်ရာ ပူးပေါင်းကော်မတီ အစည်းအဝေးကို လွှတ်တော်ဝင်းအတွင်းရှိ ဇမ္ဗူသီရိခန်းမဆောင်(အပေါ်ထပ်) အစည်းအဝေးခန်း၌ ယနေ့ညနေ ၃ နာရီတွင် ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတကာပါလီမန်များအဖွဲ့ဆိုင်ရာ ပူးပေါင်းကော်မတီဝင်များ တက်ရောက်ကြပြီး ပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦးက အမှာစကားပြောကြားသည်။ ဆက်လက်၍အတွင်းရေးမှူး ဦးမောင်တိုးက ယခင်နှစ်က တက်ရောက်ခဲ့သော (၁၃၁) ကြိမ်မြောက် နိုင်ငံတကာပါလီမန်များအဖွဲ့ညီလာခံမှ ဆုံးဖြတ်ချက်များ၊ ယခုနှစ်မတ်လတွင် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ ကျင်းပမည့် (၁၃၂)ကြိမ်မြောက် နိုင်ငံတကာပါလီမန်များအဖွဲ့ညီလာခံတွင် ဆောင်ရွက်ရန်များ ရှင်းလင်းတင်ပြသည်။

တက်ရောက်လာသော ပူးပေါင်းကော်မတီအဖွဲ့ဝင်များက နိုင်ငံတကာ ပါလီမန်များအဖွဲ့ညီလာခံတက်ရောက်ရေးနှင့် ညီလာခံတွင်ဆွေးနွေးမည့်အကြောင်းအရာများကို ဝိုင်းဝန်း ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# တက္ကသိုလ်ဝင်တန်းဖြေဆိုမည့်သူများအား ကြည့်ရှုအားပေး

**ကွမ်းလုံ ဖေဖော်ဝါရီ ၂၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း)လောက်ကိုင်ခရိုင် ချင်းရွှေဟော်မြို့နယ်မှ ၂၀၁၄-၂၀၁၅ပညာသင်နှစ်တက္ကသိုလ်ဝင်တန်း စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူခြောက်ဦးသည် စာမေးပွဲဖြေဆိုရန်အတွက် ကွမ်းလုံမြို့ ဟိုလီကျေးရွာ ရတနာဒီပသာသနာပြု ကျောင်းတိုက်တွင်ရောက်ရှိနေပြီး အဆိုပါကျောင်းသား ကျောင်းသူများအား မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းဆွေ၊ မြို့နယ်ပညာရေးမှူး ဒေါ်ငွေအေးတို့က သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်း ထရန်စဖော်မာအားလုံး တိုးချဲ့တပ်ဆင်ပြီးစီး

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ အများပြည်သူဓာတ်အား ပြည့်ဝစွာအသုံးပြုနိုင်စေရေးနှင့် နွေရာသီဓာတ်အားမပြတ်တောက်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၂ ရက်တွင် ထောက်ကြန့်မြို့နယ် ခွေကျေးရွာ ဗိုလ်တေဇလမ်းရှိ 11-6.6/0.4kv,200KVA ထရန်စဖော်မာ တစ်လုံးတိုးချဲ့ တည်ဆောက်ဓာတ်အားလွှတ်ခြင်းကို မြို့လျှပ်စစ်အင်ဂျင်နီယာ ဦးဝင်းဇော်နှင့် လိုင်းဝန်ထမ်းများက ဆောင်ရွက်ခဲ့ကြသည်။

၂၀၁၄-၂၀၁၅ ခုနှစ်ဘဏ္ဍာရေးနှစ်အတွက် မြောက်ပိုင်းခရိုင်အတွင်း တိုးချဲ့တပ်ဆင်ရန် လျာထားသည့် ထရန်စဖော်မာ ၁၇၈ လုံးရှိ၍ လုပ်ငန်းအားလုံး ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရှိရသည်။

**မြင့်လွင်**

**ထရန်စဖော်မာတပ်ဆင်ပြီးစီးမှုအခြေပြဇယား**

| စဉ် | မြို့နယ် | ထရန်စဖော်မာ (KVA) | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|
| | | 315 | 250 | 200 | 160 | 100 | |
| ၁။ | အင်းစိန် | | ၃ | ၂၁ | | | ၂၄ |
| ၂။ | မင်္ဂလာဒုံ | ၃ | | ၈ | | | ၁၁ |
| ၃။ | လှိုင်သာယာ | ၁၁ | ၁ | ၂၇ | | | ၃၉ |
| ၄။ | ရွှေပြည်သာ | ၁၇ | | ၂၄ | | | ၄၁ |
| ၅။ | လှည်းကူး | ၂ | | ၈ | ၂ | | ၁၂ |
| ၆။ | မှော်ဘီ | ၃ | | ၉ | | | ၁၂ |
| ၇။ | တိုက်ကြီး | | | ၅ | | | ၅ |
| ၈။ | ထန်းတပင် | | ၁ | | | | ၁ |
| ၉။ | ထောက်ကြန့် | ၂ | | ၁၈ | | | ၂၀ |
| ၁၀။ | ဖောင်ကြီး | | | ၁ | | | ၁ |
| ၁၁။ | ဥက္ကံ | | ၁ | ၁ | | | ၂ |
| ၁၂။ | ဒါးပိန် | | | ၁ | ၁ | | ၂ |
| ၁၃။ | အင်းတိုင် | | | ၃ | | | ၃ |
| ၁၄။ | အဖျောက် | | | ၄ | | ၁ | ၅ |
| | **စုစုပေါင်း** | **40245 KVA** | | | | | **၁၇၈** |

ပြည်တွင်းသတင်း

# သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ တတိယအစည်းအဝေး ဒုတိယနေ့ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

သတ္တမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ တတိယ အစည်းအဝေး ဒုတိယနေ့ကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်တိုင်း ဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ ကျင်းပသည်။

အဆိုပါ အစည်းအဝေးသို့ နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများ၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် သာသနာရေးဝန်ကြီးဌာနမှ အရာထမ်း/အမှုထမ်းများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် သတ္တမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ တတိယအစည်းအဝေး၏ သြဝါဒါစရိယဆရာတော်ကြီး (၅)ပါးကို တင်မြှောက်တော်မူသည်။

ယင်းနောက် သတ္တမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ တတိယအစည်းအဝေး၌ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဒုတိယဥက္ကဋ္ဌ ဘဒ္ဒန္တအရိယာလင်္ကာရ (အဘိဓဇမဟာရဋ္ဌဂုရု)က သဘာပတိအဖြစ်ဆောင်ရွက်တော်မူပြီး တွဲဖက်အကျိုးတော်ဆောင် ဆရာတော်ဘဒ္ဒန္တဂုဏိကာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်တော်မူသည်။

ထို့နောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များက တင်ပြလာသောအကြံပြုချက်များကို တွဲဖက်အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တအဂ္ဂဓမ္မ (အဂ္ဂမဟာပဏ္ဍိတ၊ ဒွိပိဋကဓရ)နှင့် ဘဒ္ဒန္တဝေပုလ္လ (အဂ္ဂမဟာပဏ္ဍိတ)တို့က ပြန်လည်ရှင်းလင်းလျှောက်ထားပြီး နံနက်ပိုင်း အစည်းအဝေးကို ခေတ္တရပ်နားသည်။

မွန်းလွဲ ၁ နာရီတွင် အစည်းအဝေးကို ပြန်လည်ကျင်းပရာ အခမ်းအနားမှူး ဆရာတော်က နိုင်ငံတော်အဆင့် ဝိနိစ္ဆယဆုံးဖြတ်ချက်များကို စိစစ်ရွေးချယ်၍ စံနမူနာပြုစာတမ်း



စာစောင်များအဖြစ် ထုတ်ဝေနိုင်ရေးအတွက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များ ပါဝင်သော စိစစ်ရွေးချယ်ရေးအဖွဲ့ကို လျာထားဖွဲ့စည်းတင်ပြမှုကို အတည်ပြုပေးရန်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၌ ပြည်ပရေးရာအဖွဲ့ငယ် ဖွဲ့စည်းရေး၊ လုပ်ထုံးလုပ်နည်းများ ဖွဲ့စည်းရေး၊ လုပ်ထုံးလုပ်နည်းစသည်များ ပြင်ဆင်ရေးအဖွဲ့က တင်ပြလာခြင်းကိစ္စ၊ သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ တတိယအစည်းအဝေးသို့ တင်ပြအတည်ပြုချက်ရယူမည့် “သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်း လုပ်ထုံးလုပ်နည်းများ၊ ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ဝိနိစ္ဆယလက်စွဲ”မူကြမ်းများကို တင်ပြခြင်းကိစ္စ၊ ပထမပြန် ဓမ္မာစရိယ နိကာယ်နှင့် တိပိဋကဓရရွေးချယ်ရေးစာမေးပွဲများအတွက် စည်းမျဉ်းသစ်ရေးဆွဲရေးအဖွဲ့ ဖွဲ့စည်းပေးရန်တင်ပြခြင်းကိစ္စ၊ တိပိဋကဓရတိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးတွင် စာထောက်စာမပြုလုပ်တော်မူကြမည့် သံဃာတော်များ၏ အရည်အချင်းများ ပြင်ဆင်ခြင်းနှင့် အာဂုံပြန်ဆိုပွဲအတွက် အာဂုံပြန်ရက် ပြင်ဆင်ခြင်း သတ်မှတ်ပေးရန်ကိစ္စတို့ကို ဆွေးနွေး ဆုံးဖြတ်တော်မူကြသည်။

ယင်းနောက် တစ်နှစ်တာကာလ အတွင်းဆောင်ရွက်ခဲ့သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ အစီရင်ခံစာကို သက်ဆိုင်ရာကိုယ်စားလှယ်ဆရာတော်များက ဆွေးနွေးတော်မူကြပြီး အစည်းအဝေး ဒုတိယနေ့ကို ရုပ်သိမ်းလိုက်သည်။

ယနေ့ အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဆရာတော်ကြီးများအား မိခင်ကြီး ဒေါ်တင်ဝင်းရည်ကို အမှူးထား၍ ဦးသိန်းဌေး၊ ဇနီး သုမင်္ဂလီဂီ ဒေါက်တာဒေါ်မြသီတာ၊ သမီးအမရာနှင့် ဣန္ဒြေမဒီဆွေတင်၊ သား လင်းမောင်မောင်နှင့်လင်းညီညီဆွေတင် မိသားစုတို့က တစ်နေ့တာဆွမ်းဆက်ကပ်လှူဒါန်းကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# လောက်ကိုင်ဒေသ၌ စွန့်လွှတ်စွန့်စားတာဝန်ထမ်းဆောင်နေကြသော တပ်မတော်သားများအား ဂုဏ်ပြုငွေနှင့် ပစ္စည်းများလှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အလှူရှင်များ လိုက်ပါလျက် ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်တပ်နယ် ခုတင်(၇၀၀)စစ်ဆေးရုံသို့ ရောက်ရှိပြီး ရှေ့တန်းစစ်မြေပြင်၌ အသက်ပေးလှူတာဝန်ထမ်းဆောင်ခဲ့ကြသော တပ်မတော်သားအရာရှိ၊ စစ်သည်များနှင့် လောက်ကိုင်ဒေသ၌ ကိုးကန့်သောင်းကျန်းသူများနှင့် ရင်ဆိုင်တိုက်ပွဲဝင် တာဝန်ထမ်းဆောင်နေကြသော တပ်မတော်သားများအား လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မိသားစုများနှင့် စေတနာရှင် အလှူရှင်များမှ စုပေါင်းလှူဒါန်းကြသည့် ထောက်ပံ့လှူဒါန်းငွေများနှင့် ထောက်ပံ့ပစ္စည်း ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် ဇနီး ဒေါ်ခင်သန့်စင်တို့က လောက်ကိုင်ဒေသ စစ်ဆင်ရေးတာဝန်ထမ်းဆောင်နေကြသော တိုက်ပွဲဝင်စစ်သည်များအတွက် ဝန်ကြီးဌာန မိသားစုများနှင့် အလှူရှင်များက စုပေါင်းလှူဒါန်းငွေကျပ် သိန်း ၅၀၀ ကို ပေးအပ်လှူဒါန်းရာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ကိုယ်စား ဦးစီးအရာရှိ ပထမတန်း(စစ်ရေး) ဒုတိယဗိုလ်မှူးကြီး ဝင်းနိုင်ထွန်းက လက်ခံသည်။

ဆက်လက်၍ လောက်ကိုင်ဒေသ တိုက်ပွဲများတွင် ဒဏ်ရာရရှိပြီး ဆေးရုံ တက်ရောက်ကုသဆဲဖြစ်သော အရာရှိ၊ စစ်သည် ၃၆ ဦးတို့အား တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀၊ စောင်၊ သွားတိုက်ဆေး၊ အချိုရည်၊ ဆပ်ပြာ၊ ကော်ဖီမှုန့်နှင့် စားသောက်ဖွယ်ရာများကို ပေးအပ်လှူဒါန်းရာ ဆေးရုံတပ်မှူး ဗိုလ်မှူးကြီးမျိုးသန့်က လက်ခံသည်။

ထို့နောက် လောက်ကိုင်ဒေသတွင် တာဝန်ထမ်းဆောင်လျက်ရှိကြသော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ အရာထမ်း အမှုထမ်း ၇၀ တို့အတွက် တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ နှုန်း၊ အဝတ်အထည် စားသောက်ဖွယ်ရာ အချိုရည်၊ ကော်ဖီတို့ကို ဝန်ကြီးဌာနကိုယ်စား စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်းက ပေးအပ်လှူဒါန်းရာ လောက်ကိုင်ခရိုင်ဦးစီးမှူးက လက်ခံသည်။

ယင်းနောက် ဒေါက်တာနိုင်ထွန်းအောင်နှင့် ဇနီး ဒေါက်တာဝေဝေအောင်တို့က လှူဒါန်းငွေကျပ် သိန်း ၂၀၀ ကို အလှူရှင်ကိုယ်စား စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ရွှေက ပေးအပ်လှူဒါန်းရာ တိုင်းစစ်ဌာနချုပ်ကိုယ်စားလှယ်က လက်ခံသည်။

ဆက်လက်၍ Ve Ve ကုမ္ပဏီမှ ဦးကျော်မြင့်နှင့် ဇနီး ဒေါ်ခင်ရီတို့က တန်ဖိုးငွေကျပ် သိန်း ၈၀ တန်ဖိုးရှိ အချိုရည်ကတ် ၆၀၀ နှင့် တစ်ဦးချင်းအတွက် အလှူငွေနှင့် အဝတ်အထည်များကို လည်းကောင်း၊ ငွေရည်ပုလဲကုမ္ပဏီ ဦးသိန်းမြင့် မိသားစုတို့က လှူဒါန်းငွေနှင့် ပစ္စည်းများကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူတစ်ဦးက လက်ခံသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားများအတွက် အသက်ကိုပဓာနမထားဘဲ စွန့်လွှတ်စွန့်စား တာဝန်ထမ်းဆောင်နေကြသော သားကောင်းရတနာတပ်မတော်သားများကို ဂုဏ်ပြုလှူဒါန်းရခြင်း၏ ရည်ရွယ်ချက်နှင့် တပ်မတော်သားများကို ဂုဏ်ပြုလှူဒါန်းကြသော အလှူရှင်များနှင့် တပ်မတော်သားများကို စောင့်ရှောက်ကုသပေးနေကြသော ခုတင်(၇၀၀)ဆေးရုံကြီးမှ တပ်မှူးနှင့် ပါရဂူများ၊ နိုင်ငံ့ဝန်ထမ်းများကို ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ဆေးရုံအုပ်ကြီး ဗိုလ်မှူးကြီးမျိုးသန့်က ယနေ့လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမိသားစုများနှင့် အလှူရှင်များ၏ တပ်မတော်သားများကို လာရောက်ဂုဏ်ပြုလှူဒါန်းခြင်းအပေါ် ကျေးဇူးတင်စကား ပြောကြားသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် ဇနီး ဒေါ်ခင်သန့်စင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ အလှူရှင်များသည် ဆေးရုံတက်ရောက် ဆေးကုသခံယူနေကြသော အရာရှိ၊ စစ်သည်များကို တစ်ဦးချင်း အလှူငွေများနှင့် ထောက်ပံ့ပစ္စည်းများအား လှူဒါန်းပြီး အားပေးစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တပ်မတော်သားများအတွက် မွန်ပြည်နယ်မှ အလှူငွေများ ပေးအပ်လှူဒါန်း

**မော်လမြိုင် ဖေဖော်ဝါရီ ၂၆**

အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ လောက်ကိုင်ဒေသ၌ နိုင်ငံတော် လုံခြုံရေးတာဝန်ထမ်းဆောင်ရင်း အသက်စွန့်ပေးလှူသွားကြသည့်တပ်မတော်သားများ၊ ထိခိုက်ဒဏ်ရာရရှိခဲ့သော တပ်မတော်သားများနှင့် ကျန်ရှိသော မိသားစုဝင်များအတွက် အလှူငွေပေးအပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၂၃ ရက်နံနက် ၈ နာရီက အရှေ့တောင်တိုင်းစစ်ဌာနချုပ် အဏ္ဏဝါရိပ်သာခန်းမ၌ ကျင်းပရာ တိုင်းမှူးဗိုလ်ချုပ် တင်မောင်ဝင်းနှင့် တပ်မတော်အရာရှိကြီးများ၊ မွန်ပြည်နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် အလှူရှင်များ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် အလှူရှင်အသီးသီးက အလှူငွေကျပ် ၅၀၁၂၅၀၀၀ ကို လှူဒါန်းရာ ရ.တ.ခ တိုင်းမှူးဗိုလ်ချုပ်တင်မောင်ဝင်းက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါပေးအပ်ခြင်းသည် ဒုတိယအကြိမ်မြောက်ဖြစ်ပြီး ပထမအကြိမ်အဖြစ်ငွေကျပ် သိန်း ၇၀၀ လှူဒါန်းခဲ့ကာ စုစုပေါင်းငွေကျပ် ၁၂၀၁၂၅၀၀၀ ကို လှူဒါန်းခဲ့ပြီးဖြစ်ကြောင်းသိရသည်။ **ကိုဆက်**



ဟုမ္မလင်းမြို့နယ် ကောယားစံပြကျေးရွာ ကျေးလက်ကျန်းမာရေးဌာနတွင် အသုံးပြုရန်အတွက် မန္တလေးမြို့ အမှတ် (၅၀၀) ၈၄ လမ်းနေ ဒေါ်ဝင်းရီ၊ သားသမီးများဖြစ်ကြသော ကိုကျောက်စိမ်း-မခင်မိုးဆွေ၊ ကိုကျော်ကျော်၊ မပုလဲ၊ ဒေါက်တာ အောင်ကျော်စိုးတို့က တန်ဖိုးငွေကျပ် ၁၀၁ သိန်း သုံးသောင်းတန်ဖိုးရှိ လူနာတင်ယာဉ်ကားတစ်စီးကို ပေးအပ်လှူဒါန်းရာ ဟုမ္မလင်းမြို့ ခုတင် ၁၀၀ ဆေးရုံအုပ်ကြီး ဒေါက်တာညဏ်မြင့် လက်ခံရယူစဉ်။ (မြန်မာ့အလင်း)

● *ကျောဖုံးမှ*

**ကမ္ဘောဇ-ရန်ကုန်**

ရန်ကုန်အသင်းက ခုနစ်ပွဲစလုံး အနိုင်ရထားပြီး သွင်းဂိုး ၂၂ ဂိုး ရှိသည်။ ကမ္ဘောဇအသင်းက အိမ်ကွင်းပွဲစဉ်အားလုံး အမှတ်ပြည့်ရထားပြီး ပေးဂိုး သုံးဂိုးသာရှိသည်။ ရန်ကုန်အသင်း၏ နိုင်ပွဲဆက်စံချိန်ကို ကမ္ဘောဇအသင်း အိမ်ကွင်း၌ ရပ်တန့်နိုင်မလားဆိုတာ စိတ်ဝင်စားစရာကောင်းသည်။ ပွဲစဉ်(၇)အပြီးတွင် အကောင်းဆုံးတိုက်စစ်နှင့် အကောင်းဆုံးခံစစ်အားပြိုင်မှုတွင် မည်သည့်အသင်းအသာရမလဲ စောင့်ကြည့်ရမည်ဖြစ်သည်။

**ရောဝတီ-ရတနာပုံ**

နှစ်သင်းစလုံး ရှေ့ဆိုင်းပွဲများရှိနေ၍ ခြောက်ပွဲစီသာ ကစားရသေးသည်။ ယခုပွဲတွင် ရောဝတီအားသာနေပြီး အိမ်ကွင်း၌ ကစားရမည့်အပြင် ရတနာပုံအသင်း ဒဏ်ရာရကစားသမား များပြားနေခြင်းဖြစ်သည်။ နှစ်သင်းစလုံးကြားရက်များတွင်AFC Cup အုပ်စုပွဲစဉ်များ ယှဉ်ပြိုင်ထားရ၍ ပွဲပန်းနိုင်သော်လည်း အကြိတ်အနယ်ရှိနိုင်ပေသည်။

# တပ်မတော်သားများအတွက် မြင်းခြံမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့က အလှူငွေများပေးအပ်

**မြင်းခြံ ဖေဖော်ဝါရီ ၂၆**

လောက်ကိုင်ဒေသအတွင်း နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို သက်စွန့်ကြိုးပမ်းဆောင်ရွက်နေကြသော တပ်မတော်သားများအား ဂုဏ်ပြုသောအားဖြင့် မြင်းခြံမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့မှ ငွေကျပ် ၃၀၀၀၀၀ ကို ဖေဖော်ဝါရီ ၂၃ ရက်က မန္တလေးတိုင်းဒေသကြီး စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ (စည်ပင်ပြင်ပ)သို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**


နိုင်ငံ့တာဝန်ကျေပွန်အောင်
ကျသင့်အခွန်မှန်မှန်ဆောင်

ဥပဒေရေးရာ

*National Network for Education Reform (NNER)နှင့် ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီတို့မှ ကိုယ်စားလှယ်များကိုယ်စား ဒေါက်တာသိန်းလွင်၊ ဒေါက်တာညီညီသင်းနှင့် ဦးအောင်မိုင်းဆန်းတို့ လက်မှတ်ရေးထိုးတင်သွင်းထားသည့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် ပတ်သက်ပြီး ရှုထောင့်အမျိုးမျိုးမှ သုံးသပ်ရေးသားသည့် ဆောင်းပါးများအနက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အများပြည်သူဝန်ဆောင်မှုမီဒီယာဆိုင်ရာ စံနှုန်းများနှင့်ကိုက်ညီသော ဆောင်းပါးများကို ရွေးချယ် ဖော်ပြပေးသွားမည်ဖြစ်ပါသည်။ ဆောင်းပါးတွင်ဖော်ပြထားသည့် သုံးသပ်ချက်များသည် ဆောင်းပါးရှင်၏ ကိုယ်ပိုင်ရှုမြင်သုံးသပ်ချက်များသာဖြစ်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အယူအဆမဟုတ်ပါ။ အမျိုးသားပညာရေးဥပဒေကို စိတ်ဝင်စားသူများအနေဖြင့်လည်း ဆောင်းပါးများ ရေးသားပေးပို့နိုင်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ မူဝါဒနှင့်ကိုက်ညီပါက ဖော်ပြပေးသွားမည်ဖြစ်ပါသည်။*

# အမျိုးသားပညာရေးဥပဒေ - ကောင်းစေချင်သည်

ဦးမြင့်မောင်

ယခုအခါ "အကျယ် အကျယ်-မငြိမ်းဖွယ်" ဖြစ်နေသော အမျိုးသားပညာရေးဥပဒေနှင့်ပတ်သက်၍ ကျွန်တော်မြင်သမျှကို တင်ပြလိုသည်။ "ပညာရေးဥပဒေကို ပါဝင်ဆွေးနွေးရလောက်အောင် ဘာအရည်အချင်းတွေများရှိလို့လဲ" ဟု ကျွန်တော့်ကိုမေးနိုင်ပါသည်။

ပထမဆုံးပြောရလျှင် ကျွန်တော်လည်း ကျောင်းသားမိဘတစ်ယောက်ဖြစ်သဖြင့် ယနေ့ခေတ်ပညာရေးနှင့် သက်ဆိုင်သူတစ်ဦးဖြစ်ပါ၏။ ဒုတိယမှာ ကျွန်တော်သည်ပညာရေးဝန်ထမ်းမဖြစ်ခဲ့သော်လည်း ဘာသာစကားနှင့်ပတ်သက်၍ စိတ်ဝင်စားသူဖြစ်သောကြောင့် ဘာသာစကားသင်ကြားရေးနှင့်သက်ဆိုင်သော ပညာရေးဆိုင်ရာမဟာဘွဲ့တစ်ခုကို ရရှိထားသူတစ်ဦးဖြစ်ပါသည်။ ထို့ကြောင့် ပညာရေးနှင့်ပတ်သက်၍ အထိုက်အလျောက်ပါဝင်ဆွေးနွေးနိုင်သော အရည်အချင်းရှိသည်ဟု မိမိကိုယ်ကိုယ်ယုံကြည်သည်။ တတိယမှာ ယခုပွင့်လင်းလာသောခေတ်တွင် အမေရိကန်၊ ဂျပန်၊ ကိုရီးယား၊ တရုတ်၊ ဟောင်ကောင်၊ စင်ကာပူ၊ အိန္ဒိယအစရှိသော နိုင်ငံများမှ တက္ကသိုလ်များစွာတို့၌ ပညာရှင်တစ်ဦးအဖြစ် လေ့လာရေး၊ ဆွေးနွေးပွဲ၊ စာတမ်းဖတ်ပွဲ၊ နှီးနှောဖလှယ်ပွဲ၊ ဟောပြောပို့ချမှုစသည့်အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိခဲ့ဖူးရာ နိုင်ငံတကာတက္ကသိုလ်များနှင့်ပတ်သက်၍ စာတွေ့မဟုတ် ကိုယ်တွေ့မျက်မြင်လေ့လာခဲ့ဖူးသူဖြစ်ပါသည်။

ထို့ကြောင့် မြန်မာနိုင်ငံ၏ပညာရေးနှင့်ပတ်သက်၍ တံမြက်စည်းရောင်းသူမှစ၍ မီးပြင်သမားပါမကျန် လူတိုင်းလိုလိုပါဝင်ဆွေးနွေးနေကြချိန်တွင် ကျွန်တော်ကိုယ်တိုင်သည်လည်း ပါဝင်ဆွေးနွေးခွင့်နှင့် ပါဝင်ဆွေးနွေးနိုင်သည့် အရည်အချင်းရှိသည်ဟုယူဆသည့်အတွက် ကျွန်တော်တို့နိုင်ငံ၏ပညာရေး ကောင်းစေဖို့ ရိုးဖြောင့်သည့်စေတနာဖြင့်ပါဝင်ကာ ကျွန်တော်၏အမြင်များကို ပြည်သူများအား မျှဝေတင်ပြရခြင်းဖြစ်ပါသည်။

> " စင်ကာပူတွင် တက္ကသိုလ်များကို ပိုမိုလွတ်လပ်သော ကိုယ်ပိုင်အုပ်ချုပ်ခွင့်များပေးအပ်ရာ၌ အကြွင်းမဲ့လွတ်လပ်မှုကိုပေးသည်တော့မဟုတ်ပေ။ အဆိုပါတက္ကသိုလ်များသည် စင်ကာပူအစိုးရက ပြဋ္ဌာန်းထားသော ပုဂ္ဂလိကပညာရေးအက်ဥပဒေ (Private Education Act) ကို လိုက်နာကြရသည်။ ထို့အပြင် စီမံခန့်ခွဲမှုနှင့်ပတ်သက်၍ စင်ကာပူ၏ ကုမ္ပဏီအက်ဥပဒေကို လိုက်နာရသည်။ "

**ပညာရေးစီမံခန့်ခွဲမှုစနစ်**

အမျိုးသားပညာရေးဥပဒေနှင့်ယင်းဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းများနှင့်ပတ်သက်၍ ပုဒ်မတစ်ခုချင်းစီကို လက်လီစိတ်၍ဝေဖန်ဆွေးနွေးလိုခြင်းမရှိပါ။ ယင်းအစား ပညာရေးအတွက်အရေးကြီးဆုံးကိစ္စတစ်ခုဖြစ်သော ပညာရေးစီမံခန့်ခွဲမှုစနစ်အပေါ်၌သာ လွှမ်းခြုံဆွေးနွေးလိုပါသည်။ ထိုသို့ဆွေးနွေးရာ၌ နိုင်ငံတကာတွင်ကျင့်သုံးလျက်ရှိသော နည်းလမ်း၊ စနစ်များနှင့် ဥပဒေ၊ ဥပဒေကြမ်းပါ အဆိုပြုစနစ်များကိုနှိုင်းယှဉ်ကာ အကျိုးအမြတ်အလားအလာများအား သုံးသပ်ပြလိုပါသည်။ သုံးသပ်ရာ၌လည်း မည်သည့်ဘက်ကိုမျှမလိုက်ဘဲ ကျောင်းသားမိဘတစ်ဦး၊ ပြင်ပမှလေ့လာသူတစ်ဦးအမြင်ဖြင့်သာ ဓမ္မဓိဋ္ဌာန်ကျကျ လေ့လာသုံးသပ်သွားမည်ဖြစ်ပါသည်။

ပညာရေးစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ အပိုင်းနှစ်ပိုင်း ခွဲခြားလေ့လာဆန်းစစ်သွားလိုပါသည်။ ယင်းတို့မှာ-

(က) တက္ကသိုလ်နှင့်ကျောင်းများအုပ်ချုပ်ပုံစနစ်၊

(ခ) ဘဏ္ဍာရေးထောက်ပံ့ဖြည့်ဆည်းမှုစနစ်တို့ဖြစ်ကြပါသည်။

**တက္ကသိုလ်နှင့်ကျောင်းများအုပ်ချုပ်ပုံစနစ်**

နိုင်ငံရေးအမြင်ဖြင့်လေ့လာသုံးသပ်ပါက ၂၀၁၄ ခုနှစ် စက်တင်ဘာလက အတည်ပြုပြဋ္ဌာန်းခဲ့သော အမျိုးသားပညာရေးဥပဒေနှင့် ယင်းဥပဒေကို အောက်ခြေသိမ်းပြန်လည်ပြင်ဆင်ရေးဆွဲခဲ့သော ဥပဒေကြမ်းတို့၏ ကွာခြားချက်မှာ ပြုစုရေးဆွဲသူများ၏ မျိုးဆက်ကွာခြားမှု၊ အတွေ့အကြုံနောက်ခံကွာခြားမှုတို့မှ ဆင်းသက်လာသည့်အမြင်ကွာခြားမှုဖြစ်သည်ဟု ရှုမြင်ပါသည်။ မည်သို့ပင်ဖြစ်စေ နှစ်ဖက်စလုံးတွင် ပညာရေးစနစ်ကို ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ လိုက်ပါပြောင်းလဲလိုသောရည်ရွယ်ချက်နှင့် မိမိတို့နိုင်ငံ၏ပညာရေးကို ပို၍ကောင်းစေလိုသော စေတနာတို့တွင် တူညီကြသည်ဟု ကျွန်တော်ယုံကြည်ပါသည်။

၂၀၁၄ ခုနှစ် အမျိုးသားပညာရေးဥပဒေကို ပြုစုခဲ့စဉ်က လွှတ်တော်ဘက်မှ ပညာရေးကော်မတီက စတင်သောဥပဒေကြမ်းနှင့် အစိုးရဘက်မှ ပညာရေးဝန်ကြီးဌာနက ဦးဆောင်ပြုစုခဲ့သောဥပဒေကြမ်းတို့ကို ပေါင်းစပ်၍ အချောကိုင်ခဲ့သည်ဟု မှတ်သားမိပါသည်။ အကြမ်းဖျင်းအားဖြင့် နောက်ဆုံးထွက်ပေါ်လာသောဥပဒေတွင် အစိုးရဘက်မှတင်သည့် အချက်အလက် ၅၀ ရာခိုင်နှုန်းကျော်နှင့် လွှတ်တော်ဘက်မှ အချက်အလက် ၄၀ ရာခိုင်နှုန်းကျော်တို့ပေါင်းစပ်ပါဝင်သည်ဟု သိရပါသည်။ လွှတ်တော်ဘက်မှ ပါဝင်ခဲ့သည့် ပုဂ္ဂိုလ်အများစုမှာ ပညာရေးကဏ္ဍတွင် နှစ်ပေါင်းကြာမြင့်စွာ ဆောင်ရွက်ခဲ့ကြသည့်အငြိမ်းစားပုဂ္ဂိုလ်ကြီးများဖြစ်ကြ၍ သူတို့ခေတ်၊ သူတို့အခါက အတွေ့အကြုံ၊ အတွေးအမြင်များမှာ ပထမမျိုးဆက်အဖြစ် အတော်အတန် ရှေးရိုးဆန်သော အမြင်ရှိလိမ့်မည်ကိုတွေးဆနိုင်ပါသည်။ အစိုးရဘက်မှပြုစုခဲ့သောဥပဒေကြမ်းမှာ လက်ရှိပညာရေးလောကမှ ဒုတိယမျိုးဆက်တာဝန်ရှိသူများ၊ ပြင်ပမှပညာရှင်ကြီးများ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ အမြင်များကို ပေါင်းစပ်ထားခြင်းဖြစ်၍ အနည်းငယ်ရှေးရိုးဆန်သော အလယ်အလတ်အမြင်ရှိနိုင်ပါသည်။ ဤနှစ်ခုပေါင်းစပ်လိုက်သောအခါ ရှေးရိုး၊ အလယ်အလတ် ပေါင်းစပ်ပုံစံဖြစ်လာပါတော့သည်။

ဤပုံစံကို ပိုမိုငယ်ရွယ်၍ အရာရာတော်လှန်ပြောင်းလဲချင်နေသော တတိယမျိုးဆက်တက်ကြွလှုပ်ရှားသူများက မလိုလားဘဲ လွတ်လပ်မှုလွန်ကဲသောပုံစံကို တောင်းဆိုလာကြသောအခါ ယခုကဲ့သို့ပြဿနာပေါ်ပေါက်လာရခြင်းဖြစ်သည်ဟု ရှုမြင်သုံးသပ်ပါသည်။

တက္ကသိုလ်နှင့်ကျောင်းများအုပ်ချုပ်မှုပုံစံကို နှိုင်းယှဉ်လေ့လာသောအခါ အတည်ပြုပြဋ္ဌာန်းထားပြီးသော အမျိုးသားပညာရေးဥပဒေ၌ အမျိုးသားပညာရေးတစ်ခုလုံးကိုကြီးကြပ်နိုင်ရန် အမျိုးသားပညာရေးကော်မရှင်ကို ဖွဲ့စည်းထားသည်။ ယင်းကော်မရှင်ကို ပြည်ထောင်စုအဆင့်ရှိသည့် ပုဂ္ဂိုလ်တစ်ဦးက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး ပညာရေးနှင့်သက်ဆိုင်သော ဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းရင်းသားပညာရှင်များနှင့် အခြားသင့်လျော်သော ပုဂ္ဂိုလ်များက အဖွဲ့ဝင်အဖြစ်ပါဝင်သည်။ ယင်းကော်မရှင်ကို လွှတ်တော်၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းခြင်းဖြစ်၏။ တက္ကသိုလ်အဆင့်အတွက် အဆင့်မြင့်ပညာကျောင်းအသီးသီးကို လွတ်လပ်စွာ စီမံခန့်ခွဲပိုင်ခွင့်ပေးထားသည်။ သို့သော် အဆင့်မြင့်ပညာရေးနှင့် စပ်လျဉ်းသည့်ကိစ္စများကို လိုအပ်သလို ညှိနှိုင်းဆောင်ရွက်နိုင်ရန်သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် လွတ်လပ်စွာ ရပ်တည်သော အဆင့်မြင့်ပညာပေါင်းစပ်ညှိနှိုင်းရေးကော်မတီကို ဖွဲ့စည်းပေးရမည်ဟု ဆိုသည်။

ပြင်ဆင်ထားသောဥပဒေကြမ်းကို လေ့လာကြည့်သောအခါ အမျိုးသားပညာရေးကော်မရှင်နှင့်ပတ်သက်သော အခန်း(၄)တစ်ခုလုံးကို ပယ်ဖျက်ထားကြောင်း တွေ့ရသည်။ ထိုသို့ ပယ်ဖျက်လိုက်သည့်နေရာတွင် တက္ကသိုလ်များအုပ်ချုပ်ရေးအတွက် တက္ကသိုလ်အုပ်ချုပ်ရေးကောင်စီက တာဝန်ယူဆောင်ရွက်မည်ဖြစ်ပြီး အခြားကျောင်းများအုပ်ချုပ်ရေးအတွက် ကျောင်းအုပ်ချုပ်ရေးအဖွဲ့က တာဝန်ယူဆောင်ရွက်မည်ဟုဆိုသည်။ တက္ကသိုလ်အုပ်ချုပ်ရေးကောင်စီတွင် ဘာသာရပ်ဆိုင်ရာ ပါမောက္ခများ၊ စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာသမဂ္ဂနှင့်ကျောင်းသားသမဂ္ဂမှ ကိုယ်စားလှယ်များ၊ လွတ်လပ်သောပညာရှင်များပါဝင်သည်ဟု ဆိုသည်။ တက္ကသိုလ်အချင်းချင်း ပေါင်းစပ်ညှိနှိုင်းရန်လိုအပ်ပါက တက္ကသိုလ်အုပ်ချုပ်ရေးကောင်စီအချင်းချင်း ညှိနှိုင်းဆောင်ရွက်မည်ဟုဆိုသည်။ ကျောင်းအုပ်ချုပ်ရေးအဖွဲ့တွင် ကျောင်းအုပ်ကြီး၊ ဆရာသမဂ္ဂကိုယ်စားလှယ်၊ ကျောင်းသားမိဘကိုယ်စားလှယ်နှင့် ရပ်ရွာမှ လေးစားကြည်ညိုသူများပါဝင်သည်ဟုဆိုသည်။ (သို့သော် အခန်း(၄) ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(cc)၌ ကျောင်းအုပ်ချုပ်ရေးအဖွဲ့တွင် ကျောင်းသားသမဂ္ဂမှ ကိုယ်စားလှယ်များပါဝင်ခွင့်ရှိသည်ဟု ဆိုပြန်သည်။)

တက္ကသိုလ်ကျောင်းများအုပ်ချုပ်ရေးနှင့်ပတ်သက်၍ အစိုးရက ငွေကြေးထောက်ပံ့ထားပြီး လွတ်လပ်စွာအုပ်ချုပ်စီမံခွင့်ရှိသော စင်ကာပူနိုင်ငံမှ တက္ကသိုလ်များ၏ အုပ်ချုပ်မှုပုံစံကိုလေ့လာနိုင်ရန် တင်ပြလိုသည်။ **စင်ကာပူတွင် တက္ကသိုလ်များကို ပိုမိုလွတ်လပ်သော ကိုယ်ပိုင်အုပ်ချုပ်ခွင့်များ ပေးအပ်ရာ၌ အကြွင်းမဲ့လွတ်လပ်မှုကိုပေးသည်တော့မဟုတ်ပေ။ အဆိုပါတက္ကသိုလ်များသည် စင်ကာပူအစိုးရက ပြဋ္ဌာန်းထားသော ပုဂ္ဂလိကပညာရေးအက်ဥပဒေ (Private Education Act) ကို လိုက်နာကြရသည်။ ထို့အပြင် စီမံခန့်ခွဲမှုနှင့်ပတ်သက်၍ စင်ကာပူ၏ ကုမ္ပဏီအက်ဥပဒေကို လိုက်နာရသည်။** ထိုအက်ဥပဒေအရ တက္ကသိုလ်ကို ကုမ္ပဏီလီမိတက်တစ်ခုအဖြစ် သတ်မှတ်ထားသည်။ တက္ကသိုလ်၏ သင်ကြားရေးဆိုင်ရာ အဖွဲ့ဝင်များကိုလည်းကောင်း၊ ဘဏ္ဍာရေးနှင့် အုပ်ချုပ်မှုဆိုင်ရာ တာဝန်ခံဘုတ်အဖွဲ့ (Trustee Board)အဖွဲ့ဝင်များကိုလည်းကောင်း ပညာရေးဝန်ကြီးကသာခန့်အပ်/ထုတ်ပယ်နိုင်သည်။ တက္ကသိုလ်၏ မူဝါဒသည် အဆင့်မြင့်ပညာရေးလမ်းညွှန်ချက်များနှင့်အညီ ကျင့်သုံးဆောင်ရွက်စေရန် ပညာရေးဝန်ကြီးက ညွှန်ကြားနိုင်သည်။ တက္ကသိုလ်၏ လုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သက်၍ ပညာရေးဝန်ကြီးက ခန့်အပ်သည့် သီးခြားလွတ်လပ်သောကော်မရှင်က အခါမပြတ်လေ့လာသုံးသပ်၍ တင်ပြရသည်။ တက္ကသိုလ်၏ ငွေစာရင်းအသုံးစရိတ်များကိုလည်း ပညာရေးဝန်ကြီးဌာနက မျက်ခြည်မပြတ် လာရောက်စစ်ဆေးသည့်အခါတိုင်း တင်ပြရသည်။ တက္ကသိုလ်တွင်ဖွဲ့စည်းသည့် ကျောင်းသားအဖွဲ့အစည်း (Student bodies) များမှာလည်း အသင်းအဖွဲ့ဥပဒေ (Societies Act)နှင့်အညီ ဖွဲ့စည်းကြရပြီး ယင်းဥပဒေနှင့်အညီ အစိုးရ၏ငွေစာရင်းစစ်ဆေးမှုကို ခံယူကြရသည်။ အချုပ်အားဖြင့်ဆိုရလျှင် စင်ကာပူမှ အစိုးရအထောက်အပံ့ခံတက္ကသိုလ်များသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရသည်ဟုဆိုသော်လည်း နိုင်ငံ၏ဥပဒေများကို လိုက်နာကြရပြီး အစစအရာရာ ပညာရေးဝန်ကြီးဌာန၏ ကြီးကြပ်လမ်းညွှန်မှုကို ခံရသည်ဖြစ်၍ လုံးဝလွတ်လပ်သည်ဟု မဆိုနိုင်ပေ။ မည်သို့ပင်ဖြစ်စေ စင်ကာပူတက္ကသိုလ်များသည် ကမ္ဘာ့အဆင့်မြင့်ပညာရေးအရည်အချင်းသတ်မှတ်ချက်တွင် ထိပ်ဆုံးမှရှိနေသည်ကား မငြင်းနိုင်ပေ။

ဥပမာ စင်ကာပူအမျိုးသားတက္ကသိုလ်သည် ကမ္ဘာ့အဆင့်တွင် ၁၁၆၊ အာရှအဆင့်တွင် ၁၃ ရှိသည်။ (သို့သော် တစ်ပါတီစနစ်ကျင့်သုံးပြီး လွတ်လပ်ခွင့် လုံးဝမရှိဟု ဝေဖန်ခြင်းခံရသော တရုတ်နိုင်ငံမှ ပီကင်းတက္ကသိုလ်သည် ကမ္ဘာ့အဆင့်(၄၇)ရှိပြီး အာရှအဆင့်(၂)ဖြစ်သည်မှာ အံ့သြဖွယ်ဖြစ်၏) Source (Ranking Web of Universities၊ CSIC Spain)

အခြေခံပညာကျောင်းများ အုပ်ချုပ်ရေးနှင့်ပတ်သက်၍ အမေရိကန်နိုင်ငံ၏စနစ်ကို တင်ပြလိုပါသည်။ အခြေခံပညာကျောင်းများအနက်မှ အစိုးရထောက်ပံ့သော ကျောင်းများတွင် အုပ်ချုပ်မှုပုံစံမှာ ပြည်နယ်အစိုးရ၊ ဒေသန္တရအစိုးရတို့က School District ခေါ် ပညာရေး နယ်မြေဖွဲ့စည်း၍ နယ်မြေပညာရေးအာဏာပိုင် Local Education Authority အဖွဲ့ဖြင့် ထိန်းကျောင်းသည်။ ကျောင်းအဆင့်တွင် ကျောင်းနယ်မြေအလိုက် ကျောင်းသားမိဘများအတွင်း ကျောင်းကောင်စီများ ရွေးကောက်တင်မြှောက်သည်။ ယင်းကျောင်းကောင်စီက သက်ဆိုင်ရာကျောင်းများတွင် အုပ်ချုပ်မည့် ကျောင်းအုပ်ကြီးနှင့် ကျောင်းဆရာများကို ခန့်အပ်သွားခြင်းဖြစ်သည်။ **အမေရိကန်နိုင်ငံတွင် မည်သည့်ကျောင်းသားသမဂ္ဂနှင့် ဆရာသမဂ္ဂမျှ ကျောင်းအုပ်ချုပ်မှုတွင် မပါဝင်ပါ။**

တက္ကသိုလ်ကျောင်းများအုပ်ချုပ်ရေးတွင်လည်း ကျွန်တော်သိသမျှ အမေရိကန်၊ ဥရောပနှင့် အာရှဒီမိုကရေစီနိုင်ငံများရှိ လွတ်လပ်သော တက္ကသိုလ်များတွင် အုပ်ချုပ်မှုအဖွဲ့နှင့် Trustee Board ခေါ် တာဝန်ခံကြီးကြပ်ရေးဘုတ်အဖွဲ့ဟူ၍ နှစ်မျိုးဖြင့် အုပ်ချုပ်စီမံခန့်ခွဲကြပါသည်။ အုပ်ချုပ်မှုအဖွဲ့တွင် President ခေါ် အဓိပတိ သို့မဟုတ် Vice-Chancellor (ဥရောပ)တို့က အကြီးအကဲဖြစ်ပါသည်။ ယင်း၏လက်အောက်တွင် Provost ခေါ် သင်ကြားရေးတာဝန်ခံနှင့် Vice- President များ ရှိကြပါသည်။ ယင်းတို့၏အောက်တွင် အတွင်းရေးမှူး သို့မဟုတ် အုပ်ချုပ်မှုဒါရိုက်တာ စသည်ဖြင့်ရှိကြပြီး ဤအုပ်ချုပ်မှုအဖွဲ့က Trustee Board ၏ ညွှန်ကြားမှုအောက်တွင် မူဝါဒများကို လက်တွေ့ဖော်ဆောင်ကြပါသည်။ Trustee Board မှာ တက္ကသိုလ်၏ ကိစ္စအဝဝကို မူဝါဒချမှတ်ခြင်း၊ စီမံခန့်ခွဲခြင်းများ ပြုကြပါသည်။ ဘုတ်အဖွဲ့ဝင်အများစုမှာ စီးပွားရေးလုပ်ငန်းရှင်ကြီးများနှင့် ထင်ရှားသော ဂုဏ်သရေရှိပုဂ္ဂိုလ်ကြီးများ ဖြစ်ကြပါသည်။ ဘုတ်အဖွဲ့တွင် ဆရာကိုယ်စားလှယ်နှင့် ကျောင်းသားကိုယ်စားလှယ်များပါဝင်သော်လည်း အနည်းစုသာဖြစ်ကြပြီး ဘုတ်အဖွဲ့အစည်းအဝေးတွင် မဲပေးခွင့်မရကြပါ။ ဥပမာ အမေရိကန်တက္ကသိုလ်တွင် ဆရာကိုယ်စားလှယ် နှစ်ဦးပါဝင်ပြီး ယင်းနှစ်ဦးမှာ တက္ကသိုလ်ဆီးနိတ်က ရွေးချယ်အမည်စာရင်းတင်သွင်းသည့်သူများထဲမှ ဘုတ်အဖွဲ့က ရွေးချယ်ခန့်အပ်ခြင်းဖြစ်ပါသည်။

> " အမေရိကန်နိုင်ငံတွင် မည်သည့်ကျောင်းသားသမဂ္ဂနှင့် ဆရာသမဂ္ဂမျှ ကျောင်းအုပ်ချုပ်မှုတွင် မပါဝင်ပါ။ "

ဆရာသမဂ္ဂက ရွေးချယ်တင်မြှောက်ခြင်းမဟုတ်ပါ။ ကျောင်းသားကိုယ်စားလှယ်နှစ်ဦးတွင် တစ်ဦးသာ ကျောင်းသားသမဂ္ဂက ရွေးချယ်သူဖြစ်၍ တစ်ဦးမှာ ဘုတ်အဖွဲ့က ရွေးချယ်သူဖြစ်ပါသည်။ များသောအားဖြင့် ကျောင်းသားသမဂ္ဂ(အမေရိကန်တွင် ကျောင်းသားကောင်စီ၊ ကျောင်းသားစင်တာဟု ခေါ်လေ့ရှိပါသည်)မှာ ကျောင်းသားများ၏ သက်သာချောင်ချိရေး၊ အားကစားနှင့် ယဉ်ကျေးမှုစသည့်ကိစ္စများကို တာဝန်ယူဆောင်ရွက်ကြလေ့ရှိပါသည်။

အထက်ပါ နိုင်ငံတကာစံများနှင့်နှိုင်းယှဉ်ပါက ယခု ပြင်ဆင်ရေးသားသော ဥပဒေကြမ်းတွင် ဆရာများသမဂ္ဂနှင့် ကျောင်းသားသမဂ္ဂများက အုပ်ချုပ်မှုအပိုင်း၌ အစစအရာရာ ဝင်ရောက်လွှမ်းမိုးနေသည်ကိုတွေ့ရပါသည်။

*စာမျက်နှာ ၇ ကော်လံ ၁ သို့*

ပြည်တွင်းသတင်း

# နိုင်ငံလုံးဆိုင်ရာပညာရေးပြုပြင်ပြောင်းလဲမှုကွန်ရက်နှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ တွေ့ဆုံဆွေးနွေး

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

လေးပွင့်ဆိုင် သဘောတူထားသော အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ နိုင်ငံလုံးဆိုင်ရာ ပညာရေးပြုပြင်ပြောင်းလဲမှုကွန်ရက် (NNER) နှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းတို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ဗိုလ်အောင်ကျော်လမ်း(အောက်လမ်း)ရှိ Home (House of Media & Entertainment)ခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



**လေးပွင့်ဆိုင် သဘောတူထားသော အမျိုးသား ပညာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ် လျဉ်း ၍ NNER နှင့် အ ရပ် ဘက် လူမှု အဖွဲ့အစည်းများနှင့် ဆွေးနွေးပွဲ ကျင်းပစဉ်။** (သတင်းစဉ်)

ဆွေးနွေးပွဲကို ဦးဆောင်စီစဉ်သူဂျိမ်းက "အရပ်ဘက်အဖွဲ့အစည်းတွေ၊ နိုင်ငံလုံးဆိုင်ရာ ပညာရေးပြုပြင်ပြောင်းလဲမှုကွန်ရက် (NNER)နဲ့ အခြား ပုဂ္ဂိုလ်အဖွဲ့အစည်းတွေရဲ့ ဒီဥပဒေအပေါ်မှာထားရှိတဲ့ သဘောထား၊ ဆုံးဖြတ်ချက်တွေကို လွှတ်တော်မှာရှိတဲ့ ကိုယ်စားလှယ်တွေသိမယ်ဆိုရင် ပိုပြီးတော့အကျိုးရှိနိုင်မယ်လို့ ယုံကြည်ပါတယ်။ အဲဒါကြောင့် ဥပဒေနဲ့ပတ်သက်ပြီးတော့ ပိုမိုကျယ်ကျယ်ပြန့်ပြန့် ရှင်းရှင်းလင်းလင်းသိစေလိုတဲ့အတွက် အခုလို ဆွေးနွေးပွဲကို ကျင်းပရခြင်း ဖြစ်ပါတယ်" ဟု ပြောကြားသည်။

အလားတူ "NNER ကို ပညာရေးပြုပြင်ပြောင်းလဲရေးကို စိတ်ဝင်စားတဲ့လူပုဂ္ဂိုလ်တွေ၊ အဖွဲ့အစည်းတွေနဲ့ချိတ်ဆက်ထားပါတယ်။ အမျိုးသားပညာရေးတစ်ရပ် မပေါ်ခင် ပညာရေးမူဝါဒ ရှိသင့်တယ်လို့ ယုံကြည်တဲ့အတွက် ဒေသ ၂၅ ခုမှာ ဆွေးနွေးပွဲတွေပြုလုပ်ခဲ့ပြီး အမျိုးသားပညာရေးဥပဒေမူကြမ်းကို ရေးဆွဲခဲ့တာဖြစ်ပါတယ်" ဟု NNER မှ ဒေါက်တာသိန်းလွင်က ပြောကြားပြီး အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် ပတ်သက်၍ ဆက်လက်ရှင်းလင်းပြောကြားသည်။

ထို့အပြင် လေးပွင့်ဆိုင်ဆွေးနွေးနေစဉ် ဆန္ဒပြကျောင်းသားများ ကြုံတွေ့နေရသည့် အခြေအနေများကိုလည်း ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီမှ နန္ဒစစ်အောင်က ရှင်းလင်းပြောကြားသည်။

ထို့အတူ ယနေ့တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည့် မင်္ဂလာတောင်ညွန့်မြို့နယ်နေသူ ဦးသိန်းဘော်က "ညှိနှိုင်းကြတဲ့အခါမှာ တစ်ဖက်နဲ့တစ်ဖက် မာနတရားတွေကို လျှော့ပြီးတော့ ဆွေးနွေးကြမယ်ဆိုရင် အားလုံးအဆင်ပြေနိုင်ပါတယ်။ နောက်ပိုင်းပြဿနာတွေကို ဖြေရှင်းတဲ့အခါ သည်းတော့ခံရမယ်။ ဒါပေမယ့် မှန်တာကိုတော့ ပြန်ပြောရမယ်။ အခုဆွေးနွေးပွဲတွေမှာလည်း မှန်တာတွေပြောကြရင် ဒီကိစ္စတွေ အကုန်လုံး အဆင်ပြေသွားမှာပါ" ဟု အမျိုးသားပညာရေးဥပဒေသစ် ပေါ်ထွက်လာရေး ကြိုးပမ်းဆောင်ရွက်နေမှုနှင့် ပတ်သက်၍ ၎င်း၏အမြင်ကို ပြောပြခဲ့သည်။

ယင်းနောက် တက်ရောက်လာသူများ၏ အမျိုးသားပညာရေးဥပဒေ ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် ပတ်သက်၍ သိရှိလိုသည်များကို ပြန်လည်ဖြေကြားခဲ့ကြသည်။

**သတင်း-ခင်ချိုဝင်း**
**ဓာတ်ပုံ-ဇော်မင်းလတ်**

---

*စာမျက်နှာ ၇ မှ*

ဤဥပဒေကြမ်းကို လက်တွေ့ဖော်ဆောင်ရန် ပြဿနာများစွာ ရှိပါလိမ့်မည်။ ဥပမာ-ကျောင်းတိုင်း၌ အထက်ပါအုပ်ချုပ်မှုအဖွဲ့ဖြင့် အုပ်ချုပ်ရမည်ဆိုပါက ဘုန်းတော်ကြီးသင်ကျောင်းများ၊ ပုဂ္ဂလိကကျောင်းများအတွက် ပြဿနာရှိနိုင်သကဲ့သို့ မူကြိုကျောင်း၊ မူလတန်းကျောင်း စသည်တို့တွင် ကျောင်းသားသမဂ္ဂဖွဲ့ကြမည်လော၊ ကျောင်းအုပ်ချုပ်ရေးတွင် ပါဝင်ကြမည်လော စသည့်မေးခွန်းများ ပေါ်ထွက်လာပါသည်။

တက္ကသိုလ်အုပ်ချုပ်ရေးတွင်လည်း တက္ကသိုလ်အုပ်ချုပ်ရေးကောင်စီ၌ ပါမောက္ခချုပ်အမည်ပင် ပါဝင်သည်ကိုမတွေ့ပါ။ ပါမောက္ခဌာနမှူးများနှင့် မော်ကွန်းထိန်း စသည့်စီမံခန့်ခွဲရေးနှင့် ငွေစာရင်းတာဝန်ရှိသူများကိုသာ ထည့်သွင်းထားပြီး ဆရာများသမဂ္ဂနှင့် ကျောင်းသားသမဂ္ဂတို့ကို အတင်းအဓမ္မ ထည့်သွင်းထားပြန်သည်ကို တွေ့ရပါသည်။ ပြင်ပပညာရှင်ဆိုသူများလည်း ပါဝင်နေပါသည်။

တက္ကသိုလ်အုပ်ချုပ်ရေးတွင်လည်းကောင်း၊ အခြားကျောင်းများ အုပ်ချုပ်ရေးတွင်လည်းကောင်း အဆင့်ဆင့်ထိန်းသိမ်းကြီးကြပ်မှုစနစ်များ မတွေ့ရဘဲ ကျောင်းအလိုက် အလွန်လွတ်လပ်စွာအုပ်ချုပ်မှုသည် တစ်ကျောင်းတစ်ဂါထာဖြစ်သွားကာ နိုင်ငံအဆင့်ပညာရေးရည်မှန်းချက်များကို အကောင်အထည်ဖော်ရာ၌ များစွာခက်ခဲပါလိမ့်မည်။ စာမေးပွဲနှင့် အရည်အသွေးထိန်းသိမ်းမှုတွင်လည်း အလွန်လွတ်လပ်၍ ထိန်းသိမ်းရန်ခက်ခဲသည့်ပုံစံများ တွေ့ရပါသည်။ ဥပဒေကြမ်းပါ ဖော်ပြချက်များမှာ ဖွံ့ဖြိုးတိုးတက်သောနိုင်ငံများတွင်ပင် လက်တွေ့ဖော်ဆောင်ရန် ခက်ခဲသေးသည့် အနေအထားရှိရာ မြန်မာနိုင်ငံ၌ ဤစနစ်ကို မဖြစ်မနေဖော်ဆောင်ရမည်ဆိုပါက "မအောင်မရှိင့်ါတပည့် ဆရာတွေမှာ တာဝန်ရှိ" ဖြစ်ခဲ့သည့် မအောင်မြင်သော စဉ်ဆက်မပြတ်အကဲဖြတ်စစ်ဆေးမှု စီမံချက်ပုံစံသို့သာ ပြန်လည်သွားဖွယ်ရှိပါသည်။

**ဘဏ္ဍာရေးထောက်ပံ့ဖြည့်ဆည်းမှုစနစ်**

နိုင်ငံတကာ၌ အစိုးရက ထောက်ပံ့သည့်တက္ကသိုလ်နှင့် ကျောင်းများရှိသော်လည်း များသောအားဖြင့် ထိုကျောင်းများက လိုအပ်သည်ဟု တောင်းခံသမျှပေးနိုင်ခြင်းမရှိပါ။ ဥပမာ အမေရိကန်၌ ဖက်ဒရယ်ဗဟိုအစိုးရက ပညာရေးကို ထောက်ပံ့ငွေမှာ ပညာရေးအသုံးစရိတ်၏ ၈ ဒသမ ၅ ရာခိုင်နှုန်းသာ ရှိပါသည်။ အဆိုပါ ၈ ဒသမ ၅ ရာခိုင်နှုန်းတွင်ပင် နံနက်စာကျွေးမွေးခြင်းကို စိုက်ပျိုးရေးဌာနကတာဝန်ယူပြီး စစ်မှုထမ်းနှင့်စစ်ပြန်များ၏ ကျောင်းပညာရေး ထောက်ပံ့မှုကို ကာကွယ်ရေးဌာနက ထည့်ဝင်သုံးစွဲခြင်းဖြစ်ပါသည်။ ပညာရေးအသုံးစရိတ်အများစုမှာ ပြည်နယ်နှင့် ဒေသန္တရအာဏာပိုင်များက ထည့်ဝင်ခြင်းဖြစ်ပြီး Property Tax ခေါ် အိမ်ခြံမြေအခွန်နှင့် အခြားအခွန်အခများကို ပညာရေးအတွက်သတ်မှတ်၍ သုံးစွဲခြင်းဖြစ်ပါသည်။ တက္ကသိုလ်အဆင့်တွင် အစိုးရထောက်ပံ့သည့် တက္ကသိုလ်များကို ပြည်နယ်အစိုးရက ထောက်ပံ့ခြင်းဖြစ်ပြီး ထိုသို့ထောက်ပံ့ရန် ဗဟိုအစိုးရက ပြည်နယ်တစ်ခုကို ဗဟိုအစိုးရပိုင်မြေဧကသုံးသောင်း လုပ်ပိုင်ခွင့်ချထားပေးကာ ထိုမြေမှရသော ဝင်ငွေအခွန်အခဖြင့် ယင်းပြည်နယ်တက္ကသိုလ်များ၏ မတည်ရန်ပုံငွေ Trust တွင် ထည့်ပေးခြင်းဖြစ်ပါသည်။ တက္ကသိုလ်အုပ်ချုပ်ရေးကောင်စီက အစိုးရထံ လိုသမျှ လက်ဖြန့်တောင်း၍မရပါ။

အလားတူပင် အခြေခံကျောင်းများအတွက်လည်း ကျောင်းဒိစတြိတ်များက တာဝန်ခံ၍ ပြည်နယ်/ဒေသအာဏာပိုင်များ ထောက်ပံ့သောငွေကို ကျောင်းများသို့ ခွဲဝေပေးခြင်းဖြစ်ပါသည်။ ထိုသို့ခွဲဝေပေးရာ၌ ဆင်းရဲသောကျောင်းသားအများစုနေသည့်ကျောင်းများကို ပိုမိုထောက်ပံ့ခွဲဝေပေးပါသည်။ ဗဟိုအစိုးရ၏ ထောက်ပံ့ငွေမှာ တက္ကသိုလ်နှင့်အခြားကျောင်းများ၌ ကျောင်းဖွံ့ဖြိုးရေးအတွက်မဟုတ်ဘဲ ကျောင်းသားများအတွက် ပညာသင်ထောက်ပံ့ကြေး ပညာသင်ချေးငွေနှင့် သုတေသနလုပ်ငန်းများအတွက်သာ ချထားပေးလေ့ရှိပါသည်။

ယခု ဥပဒေကြမ်းတွင်မူ ကျောင်းအုပ်ချုပ်ရေးအဖွဲ့/တက္ကသိုလ်အုပ်ချုပ်ရေးကောင်စီတို့က လိုသမျှဘတ်ဂျက်ကို မူကြိုကျောင်းမှစ၍ တက္ကသိုလ်အဆုံး ပညာရေးဝန်ကြီးဌာနသို့ တိုက်ရိုက်တင်ပြတောင်းခံရမည့်သဘောရှိပြီး၊ ကြားခံစိစစ်ဖြန့်ဝေထိန်းသိမ်းမည့် ယန္တရားစနစ်မျိုး မတွေ့ရပါ။ အခြားဝန်ကြီးဌာနများလက်အောက်ရှိ တက္ကသိုလ်များ၊ ကျောင်းများသည်လည်း ပညာရေးဝန်ကြီးဌာနသို့ ဘတ်ဂျက်တောင်းခံရမည်လောဟူ၍လည်း မေးစရာရှိလာပါသည်။

**သုံးသပ်ချက်**

အားနာစွာဖြင့်ပင် မှတ်ချက်ပြုရပါလျှင် ပြင်ဆင်ချက်ဥပဒေကြမ်းမှာ လွတ်လပ်မှုလိုချင်ဇောနှင့် သမဂ္ဂများ၏အခန်းကဏ္ဍကို အလွန်အမင်းမြှင့်တင်လိုဇောတို့ပေါင်းစပ်ကာ နာရီပိုင်းလေးအတွင်း လူနှစ်ဦးသုံးဦးက စိတ်လှုပ်ရှားခံစားမှုများကို အခြေခံရေးဆွဲပြုစုခဲ့ခြင်းဖြစ်၍ ကောင်းသောရည်ရွယ်ချက်များရှိသည့်တိုင်အောင် အထက်တွင်တွေ့ရှိခဲ့သည့်အတိုင်း နိုင်ငံတကာအလေ့အကျင့်စံနှုန်းများနှင့် ကွာဟနေခြင်း၊ ရှေ့နောက်မညီခြင်း၊ လက်တွေ့ဖော်ဆောင်ရန်ခက်ခဲခြင်းများကြောင့် အားနည်းမှုများစွာရှိနေသည်ဟု သုံးသပ်ပါသည်။

တစ်မျိုးသားလုံးနှင့်သက်ဆိုင်သော နိုင်ငံ၏အနာဂတ်ကို ပုံဖော်ဖန်တီးနိုင်သော အမျိုးသားပညာရေးနှင့်ပတ်သက်လာလျှင် ဖုတ်ပူမီးတိုက်၊ အလောတကြီး ဆောင်ရွက်ခြင်းမှာ အလွန်အန္တရာယ်များပါသည်။ "အိမ်ထောင်မှု၊ ဘုရားတည်၊ ဆေးမင်ရည်စုတ်ထိုး"သည်က တစ်ဦးတစ်စုကိုသာ ထိခိုက်စေမည်ဖြစ်သော်လည်း ပညာရေးကိစ္စက ရေရှည်တွင် တစ်မျိုးသားလုံးကို ထိခိုက်မည့်ကိစ္စဖြစ်ပါသည်။ "ဤဥပဒေကြမ်းကို ရက်ပိုင်းအတွင်း မဖြစ်မနေ ဤအတိုင်းအတည်ပြုပေးရမည်" စသည့် ဖိအားပေးမှုမျိုးကို လူအုပ်ဖွဲ့၍ အကျပ်ကိုင်ခြင်းသည် စင်စစ်၌ လူအုပ်စုဖိအားပေးချုပ်ကိုင်သည့် 'မော်ဘိုခရေစီ'သာဖြစ်၍ လူအများစုအုပ်ချုပ်စီမံမှု 'ဒီမိုကရေစီ' မဟုတ်သည်ကို သတိချပ်သင့်ပါသည်။ မြန်မာနိုင်ငံသည် ယနေ့ကာလ၌ ဒီမိုကရေစီသို့ အသွင်ကူးပြောင်းဆဲအဆင့်သာဖြစ်ပါသည်။ ဒီမိုကရေစီအလေ့အကျင့် ပြည့်ဝပြီး ဖွံ့ဖြိုးတိုးတက်ပြီးဖြစ်သော နိုင်ငံများ၌ပင် ကျင့်သုံးရန်ခက်ခဲနေသေးသည့်/ မကျင့်သုံးသည့် အလွန်အကျွံလွတ်လပ်မှုစံနှုန်းများကို ဤနိုင်ငံ၏ ပကတိရှိဆဲအခြေအနေ၌ အတင်းအကျပ်စွတ်အတင်းသွတ်သွင်း၍ မရနိုင်သေးသည့် အစွန်းတရားကို လက်တွေ့ကျကျသိမြင်လက်ခံ၍ မြေပြင်အခြေအနေနှင့် ကိုက်ညီ၍ လက်တွေ့ဖြစ်နိုင်သော နည်းလမ်းအဆင့်ဆင့်ဖြင့် ပြုပြင်ပြောင်းလဲသွားသင့်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။

---

# ဒဏ်ရာရအကျဉ်းသူလူနာများအား ကြည့်ရှုအားပေး

**ကွမ်းလုံ ဖေဖော်ဝါရီ ၂၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်မြို့နှင့် ချင်းရွှေဟော်မြို့ကြားလုံထန်ကျေးရွာမရောက်မီ ယာခုကိုင်စျေးအနီး၌ ဖေဖော်ဝါရီ ၂၃ ရက် မွန်းလွဲ ၂ နာရီခွဲ၌ လောက်ကိုင်မြို့မှ ကွမ်းလုံမြို့သို့ အကျဉ်းသူ ၄၅ ဦး တင်ဆောင်လာသော စစ်ယာဉ်တန်းကို ကိုးကန့်သောင်းကျန်းသူအဖွဲ့မှ ပစ်ခတ်ရာ ဗ/-----ယာဉ်မှာ တိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။ အဆိုပါယာဉ် တိမ်းမှောက်မှုကြောင့် ယာဉ်မောင်းစစ်သည်တစ်ဦး၊ အကျဉ်းသူ ၄၅ ဦးနှင့် ဝန်ထမ်းသုံးဦးသည် ညနေ ၅ နာရီ၌ ကွမ်းလုံဆေးရုံသို့ရောက်ရှိပြီး ဒဏ်ရာရလူနာများကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသိန်းမြို့နှင့် ကျန်းမာရေးဝန်ထမ်းများက အရေးပေါ်ကုသမှုများ ဆောင်ရွက်ပေးခဲ့ပြီး ၂၄ နာရီ ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးခဲ့သည်။

ထို့နောက် ဒဏ်ရာရရှိသည့် အကျဉ်းသူလူနာများကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းဆွေ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစောမျိုးသန့်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသိန်းမြို့တို့က အားပေးစကားပြောကြားခဲ့သည်။ အဆိုပါ ဒဏ်ရာရရှိသည့် အကျဉ်းသူများကို လားရှိုးမြို့သို့ မော်တော်ယာဉ်ဖြင့် ဆက်လက်ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

---

# ကျပ် ၂၀၀ တန် ထီဖွင့်ပွဲ မတ် ၁ ရက် ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

(၃၁၄)ကြိမ်မြောက် ကျပ် ၂၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို အောင်ဘာလေသိန်းဆုဌာနခွဲတည်ရှိရာ အမှတ်-၃၈၄ မဟာဗန္ဓုလလမ်းနှင့် ၃၇ လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ မတ် ၁ ရက် နံနက် ၈ နာရီမှစတင်၍ တစ်ရက်တည်းဖြင့် အပြီးဖွင့်လှစ်မည်ဖြစ်သည်။

အဆိုပါထီဖွင့်ပွဲတွင် ဆုကြီးတစ်ဆုချင်းစနစ်အရ ကျပ်သိန်း ၁၅၀၀ တစ်ဆု၊ ကျပ်သိန်း ၁၀၀၀ နှစ်ဆု၊ ကျပ်သိန်း ၅၀၀ ငါးဆု၊ ကျပ်သိန်း ၃၀၀ ခြောက်ဆု၊ ကျပ် သိန်း ၂၀၀ ခုနစ်ဆု၊ ကျပ်သိန်း ၁၀၀ (၁၈)ဆု၊ ကျပ်သိန်း ၅၀ (၂၀)ဆု၊ ကျပ် ၂၅ သိန်း (၂၀)ဆု၊ ကျပ် ၁၀ သိန်း (၃၀)ဆု၊ ကျပ် ငါးသိန်း (၃၄)ဆု၊ ဝေဝေဆာဆာပဒေသာ ဆုမဲစနစ်များမှ အက္ခရာနှင့်ရှေ့ဂဏန်း ငါးလုံးတူ(၁၁)ယူနစ်အတွက် ကျပ်သုံးသိန်း(၁၀၀)ဆု၊ အက္ခရာနှင့်ရှေ့ဂဏန်း လေးလုံးတူ(၁၀)ယူနစ်အတွက် ကျပ် နှစ်သိန်း(၁၀၀၀)ဆု၊ အက္ခရာနှင့်ရှေ့ဂဏန်း သုံးလုံးတူ ကိုးယူနစ်အတွက် ကျပ်တစ်သိန်း(၉၀၀၀)ဆုနှင့် အက္ခရာနှင့် ရှေ့ဂဏန်းနှစ်လုံးတူ သုံးယူနစ်အတွက် ကျပ်ငါးသောင်း(၃၀၀၀၀)ဆုအပါအဝင် ဆုမဲပေါင်း ၄၀၂၄၃ ဆုခွဲဝေပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

# မလှိုင်မြို့မှ တောင်သူများ စိုက်ပျိုးစရိတ်ချေးငွေများကို ပြန်လည်ပေးဆပ်

**မလှိုင် ဖေဖော်ဝါရီ ၂၆**

မန္တလေးတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (မလှိုင် ဘဏ်ခွဲ)မှ ထုတ်ချေးပေးထားသော ၂၀၁၄ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေများအားလုံးကို ဖေဖော်ဝါရီ ၁၈ ရက်က မလှိုင်မြို့နယ်အတွင်းရှိ တောင်သူများအနေဖြင့် ဘဏ်ချေးငွေများအားလုံး အကျေအလည်ပြန်လည်ပေးဆပ်ပြီးဖြစ်ကြောင်း သိရသည်။

၂၀၁၄ ခုနှစ် မိုးရာသီ သီးနှံများ စိုက်ပျိုးချိန်တွင် လိုအပ်သည့် စိုက်ပျိုးစရိတ် ကုန်ကျငွေများအတွက် တောင်သူများ အခက်အခဲမရှိစေရန် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (မလှိုင်ဘဏ်ခွဲ)မှ စပါးတစ်ဧက ငွေကျပ် တစ်သိန်းနှုန်း၊ အခြား ယာသီးနှံ တစ်ဧက ငွေကျပ် နှစ်သောင်းနှုန်းဖြင့် သီးနှံပေါ်ချိန်ပေးဆပ်သည့် နည်းဖြင့် မလှိုင်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၅၂ အုပ်စုမှ တောင်သူ ၁၃၀၀၀ ကို ချေးငွေကျပ် ၂၃၆၈၅ ဒသမ ၂ သိန်း ထုတ်ချေးပေးခဲ့သည်။

**အောင်ဌေး(မလှိုင်)**

ပြည်တွင်းသတင်း

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ လာအိုနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ လိုင်ရင်း ဆိုင်ညဇန်သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ သမ္မတအိမ်တော်သို့ သွားရောက်၍ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားကို သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသူရိန်သန့်ဇင်တို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လိုင်ရင်း ဆိုင်ညဇန်က ၎င်း၏ခန့်အပ်လွှာပေးအပ်စဉ်။**
(သတင်းစဉ်)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ မလေးရှားသံအမတ်ကြီး ခန့်အပ်လွှာပေးအပ်



**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာမိုဟာမက် ဟာနဖ်ဘင်အဗ္ဗဒူလာ ရာမန်သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ သမ္မတအိမ်တော်သို့သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားသို့ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့်သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသူရိန်သန့်ဇင်တို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

## မိုးလေဝသ အခြေအနေ

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် သာယာနေသည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

**(မိုး/ဇလ)**

# မြန်မာ-သီရိလင်္ကာ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရေးဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာသံအမတ်ကြီး မစ္စတာ ဟန်ဒွန်းနသီရန်နူးလူး ပီယဆရီအား ယနေ့ ညနေ ၄ နာရီခွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့သည်။

ယင်းသို့တွေ့ဆုံစဉ် မြန်မာ-သီရိလင်္ကာ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်နိုင်ရေးအတွက် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး အမြင်ချင်းဖလှယ်ခဲ့ကြသည်။

**(သတင်းစဉ်)**

# မြန်မာ့ရိုးရာ လက်ဝှေ့သင်တန်းများဖွင့်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

လူငယ်များစိတ်ဓာတ်မြင့်မားစေရန်နှင့် ကိုယ်ကာယ ကြံ့ခိုင်ကျန်းမာသန်စွမ်းလာကြစေရေးအတွက် မြန်မာ့ရိုးရာလက်ဝှေ့သင်တန်းများကို ဖွင့်လှစ်ရန်စီစဉ်ထားကြောင်း အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်မှ သိရသည်။

မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်မှ နိုင်ငံတကာကျင်းပရေးကော်မတီဝင် ဦးစိုင်းဇော်ဇော်က "ရိုးရာလက်ဝှေ့ သင်တန်းကျောင်းလေးတွေပြုလုပ်တော့မှာပါ။ သင်တန်းဖွင့်ရတဲ့ရည်ရွယ်ချက်ကတော့ လူငယ်တွေထိုးစားခိုင်းဖို့ မဟုတ်ပါဘူး။ ကိုယ်ပိုင်ပညာရပ်အနေဖြင့် တတ်ကျွမ်းစေဖို့နဲ့ ကျန်းမာရေးအထောက်အကူပြုကောင်းမွန်အောင် ပြုလုပ်တာပါ။ ပြီးတော့ သူတို့ရဲ့သတ္တိတွေကို မွေးမြူလာနိုင်အောင်လို့ပါ။ ဝါသနာပါတဲ့ လူငယ်တွေအတွက် နွေရာသီသင်တန်းလေးတွေလုပ်ဖို့ ရှိပါတယ်။ တကယ်လို့ လူငယ်တွေအားကစားကို တကယ်လေ့လာကြတယ်ဆိုရင် တစ်ဖက်မှာ မပျက်စီးတော့ဘူးပေါ့။ သင်တန်းဘယ်တော့ စလုပ်မယ်ဆိုတာကတော့ မသိရသေးပါဘူး။ သက်ဆိုင်ရာလူကြီးတွေဆုံးဖြတ်ပြီးပြီဆိုရင်တော့ ပြုလုပ်သွားတော့မှာပါ" ဟု ပြောသည်။

**စိုးဝင်း**(SP)

# ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် ကုလသမဂ္ဂနိုင်ငံရေးရာဌာန အကြီးအကဲဖြစ်သူ ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာ ဂျက်ဖရီဖဲလ်မင်း ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာ၌ လူ့အခွင့်အရေးဆိုင်ရာ ပြန်လည်သုံးသပ်သည့် လုပ်ငန်းစဉ်တွင် အကောင်အထည်ဖော်ရန်ကျန်ရှိသည့်ကိစ္စရပ်များအား ဆက်လက်ဆောင်ရွက်နိုင်ရေး၊ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးအကောင်အထည်ဖော်ရာတွင် လိုအပ်သောနည်းပညာဆိုင်ရာအကူအညီများ ပံ့ပိုးပေးနိုင်ရေး၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်သော်၊ ဦးသန့်ကျော်နှင့် ဦးကျော်ကျော်ဝင်းတို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



# ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

**သံဖြူဇရပ် ဖေဖော်ဝါရီ ၂၆** – မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေဖြင့် အောင်အေဝမ်းစတားကုမ္ပဏီက တာဝန်ယူဆောင်ရွက်သော ပင်ဆားစီမံကိန်းလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို မွန်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးကြည်၊ ဒုတိယညွှန်ကြားရေးမှူး(နည်းပညာ) ဦးဝင်းနိုင်နှင့် မြို့နယ်ဦးစီးမှူးတို့က ဖေဖော်ဝါရီ ၂၀ ရက်က ကွင်းဆင်း၍ လုပ်ငန်းများ စံချိန်စံညွှန်းနှင့်အညီ ပြည့်မီနိုင်ရေးနှင့် သတ်မှတ်ကာလအတွင်း လုပ်ငန်းများပြီးစီးနိုင်ရေး ကွင်းဆင်းမှာကြားစစ်ဆေးသည်။ **(မြန်မာ့အလင်း)**

# မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန |
| --- | --- |
| (က) ဦးဝင်းခန့် ညွှန်ကြားရေးမှူးချုပ် ပို့ဆောင်ရေးဦးစီးဌာန ပို့ဆောင်ရေးဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ပို့ဆောင်ရေးဝန်ကြီးဌာန |
| (ခ) ပါမောက္ခဒေါက်တာရွှေတိုး ပါမောက္ခချုပ် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (မန္တလေး) ဆေးသိပ္ပံပညာဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန | ပါမောက္ခချုပ် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (ရန်ကုန်) ဆေးသိပ္ပံပညာဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန |

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင်တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
| --- | --- |
| (က) ဒေါက်တာခင်မောင်လတ် ဒုတိယညွှန်ကြားရေးမှူးချုပ် အဏုမြူစွမ်းအင်ဦးစီးဌာန သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် အဏုမြူစွမ်းအင်ဦးစီးဌာန သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန |
| (ခ) ဦးဝင်းမော်ထွန်း ဒုတိယညွှန်ကြားရေးမှူးချုပ် စက်မှုနှင့်သက်မွေးပညာဦးစီးဌာန သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် စက်မှုနှင့်သက်မွေးပညာဦးစီးဌာန သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန |

## ပြည်တွင်းသတင်း

◆ *ကျောဖုံးမှ*


နေ့လယ်စာ စားပွဲအပြီးတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် အမျိုးသားကျန်းမာရေး စောင့်ရှောက်မှုဌာန ဒုတိယအထွေထွေအတွင်းရေးမှူးချုပ်တို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတသည် ထိုင်းနိုင်ငံကျန်းမာရေးဝန်ကြီး H.E.Prof.Dr.Rajata Rajatanavin နှင့် ကျန်းမာရေးဝန်ကြီး ဌာန၌ တွေ့ဆုံသည်။ **(အောက်ပုံ)**

အဆိုပါ တွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦး၊ ဒုတိယဝန်ကြီး ဦးတင်ဦးလွင်၊ ဒေါက်တာဝင်းမြင့်၊ ဦးထင်အောင်၊ ဒေါက်တာစိုင်းကျော်အုန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာ နှစ်နိုင်ငံကျန်းမာရေးကဏ္ဍပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်ရေး၊ နယ်စပ်ဒေသနေပြည်သူများအတွက် ကျန်းမာရေးဆောင်ရွက်မှုကဏ္ဍများကို နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံနယ်စပ်ဒေသများတွင် ကူးစက်ရောဂါမပြန့်ပွားရေး စနစ်တကျပူးပေါင်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့သည် ထိုင်းနိုင်ငံကျန်းမာရေးဝန်ကြီး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့နှင့် အဆိုပါဝန်ကြီးဌာန



အစည်းအဝေးခန်း၌ ဆက်လက်တွေ့ဆုံပြီး ထိုင်းနိုင်ငံကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက အများပြည်သူနှင့် သက်ဆိုင်သည့် ကျန်းမာရေး စောင့်ရှောက်မှုစနစ်နှင့် ကျန်းမာရေးစီမံခန့်ခွဲမှု၊ အများပြည်သူနှင့် သက်ဆိုင်သည့် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ၌ ထိုင်း-မြန်မာပူးပေါင်းဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များက သိရှိလိုသည်များကို မေးမြန်းခဲ့ကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ထိုင်းနိုင်ငံကျန်းမာရေးဝန်ကြီးထံ အမှတ်တရ လက်ဆောင်ပစ္စည်းပေးအပ်ပြီး ဧည့်သည်တော်များနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးကြသည်။

ညပိုင်းတွင် ဒုတိယသမ္မတသည် ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ထိုင်းနိုင်ငံ ကျန်းမာရေးဝန်ကြီး H.E.Prof.Dr.Rajata Rajatanavin က ဗန်ကောက်မြို့ ရှန်ဂရီလာဟိုတယ်၌ တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

❖ *ရှေ့ဖုံးမှ*

ကြက်ခြေနီအသင်းဝင်များ၊ လူမှုရေးအသင်းများနှင့်ပူးပေါင်းကာ တိုက်ပွဲရှောင်ဒုက္ခသည်ပြည်သူများ၏အခက်အခဲများကို ကူညီပံ့ပိုးမှုများ ပြုလုပ်သွားကြမည်ဖြစ်ကြောင်း သွေးမေတ္တာသွေးလှူရှင်အသင်း ဒုတိယဥက္ကဋ္ဌ (၁) ရုပ်ရှင်သရုပ်ဆောင် ဝေဠုကျော်က ပြောသည်။

ဆက်လက်၍ သွေးမေတ္တာသွေးလှူရှင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ(၂) ဦးမိုးကျော်က မိမိတို့အဖွဲ့ ရန်ပုံငွေကျပ်သိန်း ၆၀၊ ကမ္ဘာ့ဇဘက်မှ လှူဒါန်းငွေကျပ်သိန်း ၁၀၀ နှင့် လောက်ကိုင်ဒေသ တိုက်ပွဲရှောင် ပြည်သူများအတွက် ကူညီပံ့ပိုးမှုများပြုလုပ်သွားမည် ဖြစ်ပါကြောင်း၊ ယခုလောက်ကိုင်ဆေးရုံအတွက် ၁၀ သိန်းနှစ်သောင်းတန် မီးစက်တစ်လုံးဝယ်ယူခဲ့ပြီးဖြစ်သကဲ့သို့ လောက်ကိုင်ဆေးရုံအတွက်လှူဒါန်းသွားမည်ဖြစ်ကြောင်း၊ ထိုမီးစက်အတွက်ဒီဇယ်နှင့် လိုအပ်ပစ္စည်းများလည်း ဝယ်ယူလှူဒါန်းသွားမည်ဖြစ်ကြောင်း၊ ထိုဒေသတိုက်ပွဲရှောင်ပြည်သူများအတွက် ခေါက်ဆွဲခြောက်နှင့်ရိက္ခာခြောက်များလည်း ယခုတစ်ပါတည်း ယူဆောင်သွားမည်ဖြစ်ကြောင်း၊ ကွမ်းလုံမြို့သို့ ရောက်ပြီးလျှင်သက်ဆိုင်ရာတာဝန်ရှိသူများ၏ ခွင့်ပြုချက်အရလောက်ကိုင်မြို့အထိဆက်လက်သွားရောက်ခွင့်ရရှိပါက လောက်ကိုင်ဒေသအထိသွားရောက်ကြမည်ဖြစ်ကြောင်း၊ ယခုသွေးမေတ္တာသွေးလှူရှင် အသင်း၏ တိုက်ပွဲရှောင်ပြည်သူများကို ကူညီထောက်ပံ့မည့်ခရီးစဉ်အတွက် ပါဝင်သူ သွေးမေတ္တာရှင်အသင်းအဖွဲ့ဝင် တစ်ဦးစီ၏ အသက်အာမခံ သိန်း ၁၀၀ စီကိုလည်း ကမ္ဘာ့ဇဘက်တွင် ပြုလုပ်ပေးခဲ့ကြောင်း ဦးမိုးကျော်က ပြောပြသည်။

ထို သွေးမေတ္တာအသင်းအဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် အမှုဆောင်များသည် ဖေဖော်ဝါရီ၂၅ ရက်နံနက်ပိုင်းတွင် လားရှိုးတပ်နယ်စစ်ဆေးရုံသို့ရောက်ရှိခဲ့ပြီး လားရှိုးပြည်သူ့ဆေးရုံကြီးသို့ လည်းသွားရောက်ခဲ့ကာ လောက်ကိုင်တိုက်ပွဲတွင် ဒဏ်ရာရ ကြက်ခြေနီအသင်းဝင်များကို ကြည့်ရှုအားပေးစကားပြောခြင်း၊ ဒဏ်ရာရသူ ကြက်ခြေနီတစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ ကူညီထောက်ပံ့ခြင်း ပြုလုပ်ခဲ့ပါကြောင်း၊ ဖေဖော်ဝါရီ ၂၆ရက်တွင်လည်းသွေးမေတ္တာသွေးလှူရှင်လူမှုရေးအသင်းမှ လားရှိုးမြို့ ကြက်ခြေနီအသင်းကို လှူဒါန်းငွေငါးသိန်းနှင့် ဆက်သွယ်ရေးစကားပြောစက်အထိုင်စက်တစ်လုံးလှူဒါန်းခဲ့ကြောင်း၊ ထို နေ့လယ်ပိုင်း မှာပင် လားရှိုးမြို့မှ ကွမ်းလုံမြို့သို့ သွားရောက်ကြမည်ဖြစ်ကြောင်း သိရသည်။ **လင်းလင်း(လားရှိုး)**

# စတုတ္ထအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် ဆက်လက်ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

၂၀၁၅ ခုနှစ် စတုတ္ထအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ကို ယနေ့နံနက်ပိုင်းတွင် ဆက်လက်ကျင်းပရာ ကရာတေးဒို၊ မြန်မာ့သိုင်း၊ ပြေးခုန်ပစ်၊ ဘတ်စကက်ဘော၊ ပိုက်ကျော်ခြင်း၊ လက်ဝှေ့နှင့် ဘော်လီဘောပြိုင်ပွဲများကို နေပြည်တော်ရှိ သတ်မှတ်ထားသည့် နေရာများ၌ ယှဉ်ပြိုင်ကြသည်။

ကရာတေးဒိုပြိုင်ပွဲကို ဝဏ္ဏသိဒ္ဓိအားကစားရုံ-A ၌ ကျင်းပရာ အမျိုးသမီးတစ်ဦးချင်း ခတပြိုင်ပွဲတွင် မိုင်အိုလီဗာယင်းတ့ာ ထောင်းလွယ်(ချင်း)က ပထမ၊ သဇင်အေး(ကယား)က ဒုတိယ၊ ရီနွယ်ထွန်း(ရှမ်း)နှင့် အေးအေးခိုင် (နေပြည်တော်)က ပူးတွဲတတိယ၊ အမျိုးသားတစ်ဦးချင်း ခတပြိုင်ပွဲတွင် မင်းဟိန်းခန့်(ရန်ကုန်)ကပထမ၊ ဟိန်းလတ်(မွန်)က ဒုတိယ၊ ကျော်ဇင်ဖြိုး(မန္တလေး)နှင့် တင်မောင်ဝင်း(ကချင်)က ပူးတွဲတတိယ၊ အမျိုးသမီးအသင်းလိုက် ခတပြိုင်ပွဲတွင် ကယားက ပထမ၊ ချင်းက ဒုတိယ၊ ရခိုင်က တတိယ၊ အမျိုးသားအသင်းလိုက် ခတ-ပြိုင်ပွဲတွင် ရန်ကုန်က ပထမ၊ ဧရာဝတီက ဒုတိယ၊ မန္တလေးနှင့် ရှမ်းက ပူးတွဲတတိယ ရရှိကြသည်။

မြန်မာ့သိုင်းပြိုင်ပွဲကို ဝဏ္ဏသိဒ္ဓိအားကစားရုံ-C ၌ ကျင်းပရာ အမျိုးသမီးတစ်ကိုယ်တော် ဓားနှစ်လက်စွမ်းရည်ပြပြိုင်ပွဲတွင် ဇာဇာအောင်(မန္တလေး)က ၁၁၆ မှတ်ဖြင့် ပထမ၊ ပြည့်ပြည့်ဖြိုး(ကချင်)က ၁၁၅မှတ်ဖြင့် ဒုတိယ၊ ခိုင်ကျော့ကျော့ဝေ(မွန်)က ၁၀၈မှတ်ဖြင့် တတိယ၊ အမျိုးသားတစ်ကိုယ်တော် ဓားနှစ်လက်စွမ်းရည်ပြ ပြိုင်ပွဲတွင် ထက်ဝေယံဖြိုး(မန္တလေး)က ၁၁၉ မှတ်ဖြင့် ပထမ၊ မျိုးထွန်းအံ့(ရန်ကုန်)က ၁၁၉ မှတ်ဖြင့် ဒုတိယ၊ တင်ထူးဇော်(မွန်)က ၁၁၅ မှတ်ဖြင့် တတိယရရှိပြီး ဗန်တိုအတိုက်နှင့် ဓားသိုင်းအတိုက်ပြိုင်ပွဲများကို ကီလိုတန်းအလိုက် ယှဉ်ပြိုင်ကြသည်။



ဝဏ္ဏသိဒ္ဓိ အားကစားကွင်းနှင့် လေ့ကျင့်ရေးကွင်း-၁ ၌ အမျိုးသမီး။ အမျိုးသား မာရသွန်၊ အမျိုးသား သံလုံးပစ်၊ အမျိုးသမီးသုံးဆင့်ခုန်၊ အမျိုးသမီး/အမျိုးသား မီတာ၂၀၀၊ အမျိုးသမီး/အမျိုးသားမီတာ ၁၅၀၀၊ အမျိုးသမီး/အမျိုးသားမီတာ(၄၀၀× ၄) လက်ဆင့်ကမ်းပြိုင်ပွဲများကို ကျင်းပရာ**(ဝဲပုံ)** အမျိုးသမီးမာရသွန် ပြိုင်ပွဲတွင် သီတာချို (တနင်္သာရီ) က ၃နာရီ ၂၈ မိနစ် ၀၁စက္ကန့်ဖြင့် ပထမ၊ နှင်းနှင်းဦး(ပဲခူး)က ၃ နာရီ ၅၇ မိနစ် ၂၇စက္ကန့်ဖြင့် ဒုတိယ၊ တင်မိုးဝါ(ကယား)က ၄ နာရီ ၉ မိနစ် ၅၅ စက္ကန့်ဖြင့် တတိယ၊ အမျိုးသား မာရသွန်ပြိုင်ပွဲတွင် သောင်းအေး(တနင်္သာရီက ၂နာရီ ၃၆ မိနစ် ၃၇ စက္ကန့်ဖြင့် ပထမ၊ ဝေလင်းထွန်း(မွန်)က ၂နာရီ ၄၂ မိနစ် ၃၅ စက္ကန့်ဖြင့် ဒုတိယ၊ ဝဏ္ဏလင်း (စစ်ကိုင်း)က ၃နာရီ ၁၄ မိနစ် ၁၄ စက္ကန့်ဖြင့် တတိယ၊ အမျိုးသားသံလုံးပစ်ပြိုင်ပွဲတွင် ဒီရဲဝူ(ကချင်)က ၁၃. ၉၃ မီတာဖြင့် ပထမ၊ သိန်းဇော်မျိုး (ဧရာဝတီ)က ၁၂. ၉၁မီတာဖြင့် ဒုတိယ၊ ကျော်ညီညီထွေး(ဧရာဝတီ) က ၁၂. ၀၄မီတာဖြင့် တတိယ၊ အမျိုးသမီး သုံးဆင့်ခုန်ပြိုင်ပွဲတွင် အေးအေးသန်း(စစ်ကိုင်း)က ၁၁. ၅၁မီတာဖြင့် ပထမ၊ စုမြတ်သန္တာသိမ့်(မကွေး)က ၁၁. ၁၅ မီတာဖြင့် ဒုတိယ၊ နှင်းထက်ထက်လှိုင်(ကရင်)က ၁၀. ၉၅ မီတာဖြင့် တတိယ၊ အမျိုးသမီး မီတာ ၂၀၀ ပြိုင်ပွဲတွင် စုကြည်အောင်(မကွေး)က ၂၅. ၆၅ စက္ကန့်ဖြင့် ပထမ၊ သဲပွင့်ဖြူ (တနင်္သာရီ)က ၂၇. ၁၂စက္ကန့်ဖြင့် ဒုတိယ၊ သိမ့်သိမ့်စံ(ဧရာဝတီ)က ၂၇. ၂၃ စက္ကန့်ဖြင့် တတိယ၊ အမျိုးသား မီတာ၂၀၀ပြိုင်ပွဲတွင် သက်ဝေဇော်(မွန်)က ၂၂. ၆၆ စက္ကန့်ဖြင့် ပထမ၊ ကျော်ဇင်အောင်(မကွေး)က ၂၃. ၁၇ စက္ကန့်ဖြင့် ဒုတိယ၊ မျိုးမင်းအောင်(စစ်ကိုင်း)က ၂၃. ၄၀စက္ကန့်ဖြင့် တတိယ၊ အမျိုးသမီး မီတာ ၁၅၀၀ ပြိုင်ပွဲတွင် ဖြူဝါသက် (ပဲခူး)က ၄မိနစ် ၃၃. ၆၀စက္ကန့်ဖြင့် ပထမ၊ အေးအေးအောင်(မန္တလေး)က ၅ မိနစ်၀၆. ၂၁ စက္ကန့်ဖြင့် ဒုတိယ၊ ဒေါရစ်ပီပီ(နေပြည်တော်)က ၅ မိနစ်၁၇. ၆၇ စက္ကန့်ဖြင့် တတိယ၊ အမျိုးသားမီတာ ၁၅၀၀ ပြိုင်ပွဲတွင် ဆန်းနိုင်(မန္တလေး)က ၄မိနစ်၀၀. ၃၇ စက္ကန့်ဖြင့် ပထမ၊ မောင်ချက်(မန္တလေး)က ၄ မိနစ် ၀၀. ၄၃ စက္ကန့်ဖြင့် ဒုတိယ၊ ဇေယျာဝင်း(ပဲခူး)က ၄မိနစ်၀၉. ၀၅စက္ကန့်ဖြင့် တတိယ ရရှိကြပြီး ပြေးခုန်ပစ်ပြိုင်ပွဲများ ပြီးဆုံးသွားပြီဖြစ်ရာ မကွေးက ရွှေ ၁၅ခု၊ ငွေ ၆ခု၊ ကြေး၄ခုဖြင့် ပထမ၊ မန္တလေးက ရွှေ ၈ခု၊ ငွေ ၆ ခု၊ ကြေး ၂ခုဖြင့် ဒုတိယ၊ ပဲခူးက ရွှေ ၅ခု၊ ငွေ ၇ခု၊ ကြေး ၅ခုဖြင့် တတိယရရှိသည်။

ဘတ်စကက်ဘောအမျိုးသားရှုံးထွက်ပြိုင်ပွဲကို လေ့ကျင့်ရေးကွင်း၌ ကျင်းပရာ ကရင်က နေပြည်တော် (၆၃-၄၆)မှတ်ဖြင့် လည်းကောင်း၊ ရန်ကုန်က မန္တလေးကို (၇၆-၅၇) မှတ်ဖြင့်လည်းကောင်း၊ ကချင်က ပဲခူးကို (၉၁-၃၅)မှတ်ဖြင့် လည်းကောင်း၊ ရှမ်းက စစ်ကိုင်းကို (၇၈-၆၄)မှတ်ဖြင့်လည်းကောင်း အနိုင်ရကာ အကြိုဗိုလ်လုပွဲ တက်ရောက်ကြသည်။

ဘော်လီဘောအကြိုဗိုလ်လုပွဲစဉ်များကို နံနက် ၈ နာရီတွင် လေ့ကျင့်ရေးကွင်း၌ ကျင်းပရာ အမျိုးသမီးပွဲစဉ်တွင် ရန်ကုန်က ရခိုင်ကို (၃-၀)ပွဲဖြင့်လည်းကောင်း၊ တနင်္သာရီက စစ်ကိုင်းကို (၃-၁)ပွဲဖြင့် လည်းကောင်း၊ အမျိုးသားပွဲစဉ်တွင် ရှမ်းက ရန်ကုန်ကို (၃-၀)ပွဲဖြင့်လည်းကောင်း၊ ရခိုင်က စစ်ကိုင်းကို (၃-၁) ပွဲဖြင့်လည်းကောင်း အနိုင်ရကာ ဗိုလ်လုပွဲ တက်ရောက်ကြသည်။

လက်ဝှေ့ပြိုင်ပွဲများကို မွန်းလွဲ ၂နာရီတွင် ဝဏ္ဏသိဒ္ဓိလက်ဝှေ့အားကစားရုံ၌ကျင်းပရာ အမျိုးသား ၄၉ ကီလိုတန်းတွင် ကျော်လှမောင်(မွန်)၊ ဇော်မြင့်မိုး(ရန်ကုန်)၊ ဝေလင်းအောင်(ပဲခူး)နှင့် မင်းခိုင်(ရှမ်း) တို့ကလည်းကောင်း၊ ၅၂ ကီလိုတန်းတွင် ဝေဖြိုးထွန်း (ရန်ကုန်)၊ မောင်ငယ်(ရှမ်း)၊ လင်းချိုဟိန်း(မွန်) နှင့် ချစ်ရင်ထူး(ပဲခူး)တို့က လည်းကောင်း၊ ၅၆ ကီလိုတန်းတွင် ကျော်ကိုကို(ကချင်)၊ မင်းနိုင်ကျော်ဇော(မွန်)၊ နိုင်လတ်(ဧရာဝတီ)နှင့် ဘော်ဇာ(စစ်ကိုင်း)တို့က လည်းကောင်း၊ ၆၀ ကီလိုတန်းတွင် အောင်ကိုကို(ပဲခူး)၊ ကျော်ကျော်ထက်(ရန်ကုန်)၊ ဝေဖြိုး (မွန်)နှင့် အောင်ပြည့်ဖြိုး(မွန်)တို့က လည်းကောင်း၊ ၆၄ ကီလိုတန်းတွင် နှင်းဝေ(ပဲခူး)၊ ရဲနိုင်(ရန်ကုန်)၊ ငြိမ်းသန်းဖြိုး (ရခိုင်)နှင့် မိုးဇော်ထက်(မန္တလေး)တို့ကလည်းကောင်း အသီးသီးအနိုင်ရကြသည်။

ပိုက်ကျော်ခြင်းပြိုင်ပွဲ နှစ်ယောက်တွဲ အဖွဲ့လိုက်အုပ်စုပွဲစဉ်များကို နံနက် ၈နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားရုံ၌ ကျင်းပရာ အမျိုးသမီးရှုံးထွက်ပွဲစဉ်သို့ ပဲခူး၊ ရှမ်း၊ ရန်ကုန်၊ ဧရာဝတီ၊ မွန်၊ ရခိုင်၊ စစ်ကိုင်းနှင့် ကယားတို့ကလည်းကောင်း၊ အမျိုးသားရှုံးထွက်ပွဲစဉ်သို့ တနင်္သာရီ၊ ရခိုင်၊ ရန်ကုန်၊ စစ်ကိုင်း၊ ပဲခူး၊ ဧရာဝတီ၊ မန္တလေးနှင့် ကချင်ပြည်နယ်တို့က လည်းကောင်း တက်ရောက်ကြသည်။

**သတင်းနှင့်ဓာတ်ပုံ**
**ကိုကိုစိုးညွန့်**

နိုင်ငံတကာသတင်း

# ဘိုလီးဗီးယားတွင် ရေလွှမ်းမိုးမှုကြောင့် လူ ၅၀၀၀ ခန့်နေရပ်စွန့်ခွာ



**ဆူခရီး(ဘိုလီးဗီးယား) ဖေဖော်ဝါရီ ၂၆**

ရေလွှမ်းမိုးမှုများဖြစ်ကာ အေကာမြစ်ကမ်းပါးပြိုကျပြီးနောက် ဘိုလီးဗီးယားမြောက်ပိုင်းတွင် လူပေါင်း ၅၀၀၀ ထက်မနည်း အိုးအိမ်စွန့်ခွာခဲ့ရသည်။ ဇန်နဝါရီမှ မတ်လအတွင်း ဘိုလီးဗီးယား အမေဇုန်ဒေသတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အေကာမြစ်ရေသည် ၁၅ ဒသမ ၅ မီတာထိ မကြုံစဖူး မြင့်တက်ခဲ့သဖြင့် ကိုဘီဂျာရှိ ဒေသခံများကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ရသည်။

ဘိုလီးဗီးယား ဒုတိယသမ္မတ အယ်ဗာရိုဂါဆီရာလီနီရာသည် ရေလွှမ်းမိုးရာဒေသများသို့ သွားရောက်ခဲ့ပြီး ၎င်း၏ခရီးစဉ်အတွင်း အစိုးရအနေဖြင့် မြစ်နှင့်အနီးဆုံးနေရာတွင် နေထိုင်ကြသောဒေသခံများအား ဘေးကင်းရာသို့ ပြောင်းရွှေ့ပေးရေးတွင် ကူညီဆောင်ရွက်ပေးမည်ဟု ပြောကြားခဲ့သည်။ ရေကြီးမှုကြောင့် သေဆုံးမှုနှင့် ဒဏ်ရာရရှိမှုများကိုမူ မသိရသေးပေ။ ဤဒေသတွင် ရေလွှမ်းမိုးမှုမကြာခဏ ဖြစ်ပွားတတ်သော်လည်း မကြာသေးမီက ရွာသွန်းခဲ့သောမိုးသည် ပို၍ထူးခြားကြောင်း ဆိုသည်။

ရေလွှမ်းမိုးမှုခံရသော ဒေသများတွင် အိပ်ရာ၊ ခြင်ထောင်၊ ဆေးဝါးများနှင့် ကယ်ဆယ်ရေးကိရိယာများ ဖြန့်ဝေပေးပြီးဖြစ်ကြောင်း ဘိုလီးဗီးယား အမျိုးသားလုံခြုံရေးဝန်ကြီးဌာနက ကြေညာခဲ့သည်။

ထို့ပြင်ဘိုလီးဗီးယားတပ်မတော်သည် ရေလွှမ်းမိုးမှုခံရသော မိသားစုများအတွက် အဆောက်အအုံ ၁၉ လုံး ပြင်ဆင်ထားသည်။

၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလတွင် တောင်အမေရိကတိုင်းပြည်၌ အဆက်မပြတ် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လူ ၅၆ ဦးနှင့် ကျွဲနွားတိရစ္ဆာန် ၁၅၀၀၀၀ သေဆုံးခဲ့ပြီး စိုက်ပျိုးနိုင်သည့် မြေပေါင်း ၄၃၀၀၀ ဟက်တာပျက်စီးခဲ့ရသည်။ နှစ်ပေါင်း ၆၀အတွင်း အဆိုးရွားဆုံးသော ရေလွှမ်းမိုးမှုဖြစ်ကြောင်း သိရသည်။ **(ပရက်စ်တီဗွီ)**

# နေထက် အဆပေါင်း ၁၂ ဘီလီယံကျော် ကြီးမားသည့် အာကာသတွင်းနက်ကြီးတွေ့ရှိ

**ဆစ်ဒနီ ဖေဖော်ဝါရီ ၂၆**

နေထက်အဆပေါင်း ၁၂ဘီလီယံကျော်ထုထည်ကြီးမားသော အာကာသတွင်းနက်ကြီးကို နက္ခပညာရှင်များက တွေ့ရှိခဲ့သည်။ အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်းထုတ်ဝေသော သိပ္ပံစာစောင်တွင်ဖော်ပြချက်အရ တွေ့ရှိမှုအသစ်သည် အာကာသတွင်းနက်ကြီး၏ အရွယ်အစားနှင့်ပတ်သက်၍ လက်ခံယုံကြည်ထားပြီးဖြစ်သော သီအိုရီများကို စိန်ခေါ်လျက်ရှိသည်။ နှစ်သန်းပေါင်း ၈၇၅ သန်း သက်တမ်းရှိပြီဟု ခန့်မှန်းရသော အဆိုပါအာကာသတွင်းနက်ကြီးသည် ထိုကာလက တွေ့ရှိခဲ့သမျှသော အာကာသတွင်းနက်ကြီးများထဲတွင် အကြီးဆုံးဖြစ်သည်။ အခြားသော ကြယ်များနှင့် အလွန်နီးကပ်ပြီး လဟာနယ်ထဲတွင် အဆိုပါ အာကာသတွင်းနက်ကြီးသည် မည်ကဲ့သို့ကြီးထွားလာသည်ဆိုသည်မှာ မေးခွန်းတစ်ခုပင်ဖြစ်သည်။

ယခုကဲ့သို့ထုထည်ကြီးမားသည့် အာကာသတွင်းနက်ကြီးတစ်ခု လျင်လျင်မြန်မြန်ပေါ်ပေါက်လာခြင်းကိုမူ ရှင်းပြရန်ခက်ခဲသည်ဟု နက္ခတ္တဗေဒကျောင်းမှ သုတေသနပညာရှင် ဒေါက်တာ Fuyan Bian က ပြောသည်။

၎င်းတို့သည် ဒြပ်ထုများကို ဆွဲယူသောကြောင့် အာကာသတွင်းနက်ကြီးသည် အပူရောင်ခြည်ဖိအားကို ဖြစ်စေပြီး ဒြပ်ထုများကိုဆွဲယူကာ ကြီးထွားမှုကိုဖြစ်စေသည်။ အာကာသတွင်းနက်ကြီးအသစ်ကို ရှာဖွေတွေ့ရှိခဲ့သော နက္ခပညာရှင်အဖွဲ့သည် တရုတ် ဟာဝိုင်ယီ၊ အရီဇိုနားနှင့် ချီလီတို့ရှိ တယ်လီစကုပ်များကို အသုံးပြုခဲ့သည်။ **(ပရက်စ်တီဗွီ)**

# ဩစတြေးလျအမျိုးသမီးများ အကြမ်းဖက်လုပ်ရပ်များကို ပံ့ပိုးကူညီ

**ဆစ်ဒနီ ဖေဖော်ဝါရီ ၂၆**

ဩစတြေးလျအမျိုးသမီး ၄၀ ထက်မနည်းသည် အကြမ်းဖက်တိုက်ခိုက်မှုများတွင်ပါဝင်ခဲ့ကြောင်း သို့မဟုတ် အကြမ်းဖက်အုပ်စုများကို ပံ့ပိုးပေးနေကြောင်း နိုင်ငံခြားရေးဝန်ကြီး ဂျူလီဘီးရှော့ပ် ကပြောခဲ့သည်။

အမျိုးသမီးများသည် အိုင်အက်စ်စစ်သွေးကြွ ခင်ပွန်းသည်များနှင့် ပူးပေါင်းရန် (သို့မဟုတ်) စစ်သွေးကြွတို့ကိုလက်ထပ်ရန် ဆီးရီးယားနှင့် အီရတ်နိုင်ငံများသို့ ထွက်ခွာခဲ့ကြောင်း ဂျူလီဘီးရှော့ပ်က ပါလီမန်သို့ ပြောခဲ့သည်။

ဩစတြေးလျနိုင်ငံသား ဒါဇင်ပေါင်းများစွာသည် အိုင်အက်စ်စစ်သွေးကြွများနှင့် ဆက်သွယ်လျက်ရှိသည်ဟု ယူဆရဖွယ်ရှိသည်။ ဩစတြေးလျ အာဏာပိုင်များသည် အိုင်အက်စ်တို့ကိုတိုက်ခိုက်ပြီး ရှေ့တန်းစစ်မျက်နှာပြင်မှ ပြန်လာသော ဩစတြေးလျစစ်သည်များကို အိုင်အက်စ်အထောက်အပံ့ဖြင့် ပြည်တွင်း၌ နှောင့်ယှက်မည်ကို စိုးရိမ်ပူပန်လျက်ရှိသည်။

အမျိုးသမီးတိုက်ခိုက်ရေးသမားငါးပုံတစ်ပုံမှာ ဆီးရီးယားနှင့် အီရတ်သို့ရောက်ရှိနေကြောင်း၊ အဆိုပါအမျိုးသမီးများမှာ ခန့်မှန်းခြေအားဖြင့် အိုင်အက်စ်အုပ်စုများနှင့် အဆက်အသွယ်ရှိနိုင်ကြောင်း စသည်ဖြင့် နိုင်ငံခြားရေးဝန်ကြီး ဂျူလီဘီးရှော့ပ်က ပြောခဲ့သည်။

သတ်ဖြတ်ခြင်းနှင့် ခေါင်းဖြတ်မှုများပြုလုပ်၍ မလုံလောက်သေးလျှင် အိုင်အက်စ်အုပ်စုများသည် လိင်ကျွန်ပြုခြင်းနှင့်အမျိုးသမီးများကို ရိုက်နှက်နှိပ်စက်ခြင်းများပြုလုပ်နိုင်ကြောင်း ၎င်းကထပ်လောင်းပြောခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီး မစ္စတာဘီးရှော့ပ်က လူငယ်လူရွယ်များကို အိုင်အက်စ်တို့၏ သွေးထိုးလှုံ့ဆော်မှုမှကင်းဝေးပြီး နိုင်ငံကိုအကျိုးပြုစေရန် တိုက်တွန်းပြောကြားထားသည်။ **(ဘီဘီစီ)**

# ဆိုက်ပရပ်စ်ဆိပ်ကမ်းများကို ရုရှားရေတပ်သင်္ဘောများ အသုံးပြုမည်

**မော်စကို ဖေဖော်ဝါရီ ၂၆**

ဆိုက်ပရပ်စ် ဆိပ်ကမ်းများကို ရုရှားရေတပ်သင်္ဘောများ ဆိုက်ကပ်အသုံးပြုနိုင်ရန် ရုရှားနိုင်ငံက ဆိုက်ပရပ်စ်အစိုးရနှင့် သဘောတူစာချုပ်လက်မှတ် ရေးထိုးလိုက်သည်။



ဆိုက်ပရပ်စ်သမ္မတ နီကို့စ်အနာစတာဒီယာဒက်နှင့်အတူ ဆွေးနွေးပြီးနောက် ရုရှားသမ္မတ ဗလာဒီမာပူတင်က သဘောတူလိုက်ခြင်းဖြစ်သည်။

ဆက်လက်ဖြစ်ပွားနေသော ယူကရိန်းပဋိပက္ခအပေါ် ရုရှားနှင့် အနောက်နိုင်ငံများအကြား တင်းမာမှုမြင့်တက်နေချိန် အဆိုပါစာချုပ်ကို ချုပ်ဆိုသဘောတူလိုက်ခြင်းဖြစ်သည်။

ယင်း ဆိပ်ကမ်းအသုံးပြုမှုသည် အကြမ်းဖက်ဝါဒ တန်ပြန်တိုက်ဖျက်ရေးနှင့် ပင်လယ်ဓားပြ ဆန့်ကျင်ရေးတွင် နှစ်နိုင်ငံစလုံးက စိုးရိမ်စရာမလိုတော့ကြောင်း သမ္မတ ပူတင်က ပြောသည်။

ဆိုက်ပရပ်စ်သည် ဗြိတိသျှစစ်အခြေစိုက်စခန်းများကို လက်ခံထားသည်။ ဗြိတိန်နိုင်ငံက အင်္ဂါနေ့တွင် ယူကရိန်းသို့တပ်ဖွဲ့ဝင်များ စေလွှတ်မည်ဖြစ်သကဲ့သို့ လေ့ကျင့်ရေးအရာရှိများ စေလွှတ်သွားရန် ကြေညာခဲ့သည်။ ရုရှားနှင့်ဥရောပနိုင်ငံများအကြား တင်းမာမှုများရှိနေဆဲဖြစ်သည်။ သို့သော်လည်း ရုရှားခေါင်းဆောင်က ယင်းစာချုပ်ကို နှောင့်ယှက်ဖျက်ဆီးမည်ကို မစိုးရိမ်ဟုဆိုသည်။

"မိမိတို့၏ ခိုင်မြဲသောဆက်ဆံမှုက မည်သူတစ်ဦးတစ်ယောက်ကိုမျှ ဆန့်ကျင်ဖို့မရည်ရွယ်ကြောင်း သမ္မတပူတင်က ပြောသည်။ **(ဘီဘီစီ)**

# အန်မန်မြို့ ကန်သံရုံးက ဈေးဆိုင်တန်းများ တိုက်ခိုက်ခံရနိုင်မှု သတိပေး

**အန်မန် ဖေဖော်ဝါရီ ၂၆**

အမေရိကန်က ၎င်းတို့ဦးဆောင်သောမဟာမိတ်တပ်များ အိုင်အက်စ်တပ်ဖွဲ့များကို ဆန့်ကျင်တိုက်ခိုက်နေသည့် ဂျော်ဒန်နိုင်ငံ၏ မြို့တော်အန်မန်တွင် အဆင့်မြင့်ဈေးဆိုင်တန်းများကို အိုင်အက်စ်တို့က ဆန့်ကျင်တိုက်ခိုက်နိုင်သည့် အလားအလာများကို သတိပေးခဲ့သည်။

ဂျော်ဒန်နိုင်ငံရှိ အမေရိကန်သံရုံးက ဗုဒ္ဓဟူးနေ့တွင် ကြေညာချက်တစ်စောင်ထုတ်ပြန်ခဲ့သည်။ အဆိုပါကြေညာချက်တွင် ခြိမ်းခြောက်တိုက်ခိုက်နိုင်မှုမှာ ဖြစ်နိုင်သည်ဟုထင်ရကြောင်း၊ တိုက်ခိုက်မည့်အချိန်နှင့် မည်သို့မည်ပုံတိုက်ခိုက်နိုင်မည်ကို မသိရသေးကြောင်း ဖော်ပြပါရှိခဲ့သည်။

ထို့ကြောင့် အမေရိကန်သံရုံးက ၎င်းနိုင်ငံသားများကို အဆိုပါ ဈေးဆိုင်တန်းများနှင့်ဝေးသည့်နေရာတွင် နေထိုင်ကြရန် သတိပေးပြောကြားခဲ့သည်။ အကြမ်းဖက်သမားများက ဖေဖော်ဝါရီ ၃ ရက်က ကာဆာတွင် ဂျော်ဒန်တော်ဝင်လေတပ်မှ ၂၆နှစ်ရှိ ပို့စ်အယ်လ်ဘတ်ဘ်ကို အကြမ်းဖက်ရက်စက်စွာ သတ်ဖြတ်ခဲ့သည့် ဗီဒီယိုကိုထုတ်လွှင့်ခဲ့ပြီးနောက် ဂျော်ဒန်နိုင်ငံ၏ အိုင်အက်စ်အကြမ်းဖက်သောင်းကျန်းသူများအပေါ် လေကြောင်းတိုက်ခိုက်နှိမ် နင်းမှုများအရှိန်မြှင့်တင်ခဲ့သည်။

အမေရိကန်နှင့် မဟာမိတ်တပ်များသည် ၎င်းတို့ကိုနှိမ်နင်းရန် လေကြောင်းတိုက်ခိုက်မှုများကို အီရတ်နှင့်ဆီးရီးယားတို့တွင် လွန်ခဲ့သောနှစ်ကတည်းက ပြုလုပ်ခဲ့သည်။ **(ပရက်စ်တီဗွီ)**

# ကဘူးလ်မြို့၌ တူရကီသံရုံးကားကို အသေခံဗုံးခွဲတိုက်ခိုက်

**ကဘူးလ် ဖေဖော်ဝါရီ ၂၆**

ကဘူးလ်မြို့ရှိ တူရကီသံရုံးကားကို အသေခံဗုံးခွဲတိုက်ခိုက်ခဲ့ရာ အနည်းဆုံး တစ်ဦးသေဆုံးသွားကြောင်း အာဖဂန်တာဝန်ရှိသူများက ပြောသည်။ အဆိုပါ အသေခံဗုံးခွဲသူသည် အာဖဂန်မြို့တော် သံတမန်ရပ်ကွက်၌ ယင်းတူရကီသံရုံးကားကို ဖောက်ခွဲရေးပစ္စည်းများ တင်ဆောင်ထားသောကားဖြင့် ဝင်တိုက်ကာ တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း သတင်းများက ဆိုသည်။

အဆိုပါတိုက်ခိုက်မှုသည် တာလီဘန်တို့က ယင်းတို့၏ လက်ချက်ဖြစ်သည်ဟု ဆိုသည်။ မကြာသေးမီက ကဘူးလ်မြို့၌ အသေခံဗုံးခွဲတိုက်ခိုက်မှုများ ဆက်တိုက်ပြုလုပ်ခဲ့သည်။ နိုဝင်ဘာလကလည်း ဗြိတိသျှသံရုံးကားတစ်စင်းကို ပစ်မှတ်ထား၍ အသေခံဗုံးခွဲသူတစ်ဦးက ကဘူးလ်မြို့၌ တိုက်ခိုက်ခဲ့သည်။ ထိုစဉ်က ဗြိတိန်၌ နိုင်ငံသားတစ်ဦးအပါအဝင် လူငါးဦး သေဆုံးခဲ့ရသည်။ ဇန်နဝါရီလကလည်း ဥရောပသမဂ္ဂရဲတပ်ဖွဲ့ဝင်များ၏ မော်တော်ယာဉ်တစ်စီးကို တိုက်ခိုက်ခဲ့သည်။ ကြာသပတေးနေ့တွင် ဖြစ်ပွားသော တိုက်ခိုက်မှုသည် အီရန်သံရုံးအပြင်ဘက် တူရကီသံရုံးအနီး၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ **(ဘီဘီစီ)**



ပြည်တွင်းသတင်း

# ရွှေပြည်သာစက်မှုဇုန်ရှိ အငြင်းပွားမှုဖြစ်ခဲ့သည့်စက်ရုံများ၏ အလုပ်သမားများ လုပ်ငန်းခွင်အေးချမ်းစွာဝင်ရောက်လုပ်ကိုင်လျက်ရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်နှင့် ရွှေပြည်သာမြို့နယ်ရှိ အငြင်းပွားမှုဖြစ်ခဲ့သည့် Costec ၊ Ford Glory၊ Red Stone အထည်ချုပ်စက်ရုံတို့မှ အလုပ်သမားများ လုပ်ငန်းခွင်၌ အေးချမ်းစွာ ဝင်ရောက်လုပ်ကိုင်လျက်ရှိကြောင်း သတင်းရရှိသည်။

ယနေ့ နံနက် ၉ နာရီတွင် အငြင်းပွားမှုဖြစ်ပွားသည့် အထည်ချုပ်စက်ရုံများမှ အလုပ်ရှင်ကိုယ်စားလှယ်များနှင့်မန်နေဂျာ၊ ရပ်မိရပ်ဖများ၊ ရွှေပြည်သာစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီမှ ဦးမျိုးသိန်းနှင့်လုပ်ငန်းခွင်ဝင်ရောက်နေသည့် စက်ချုပ်လုပ်သားအချို့ကို မေးမြန်းခဲ့ရာ တောင်းဆိုဆန္ဒပြမှုဖြစ်ပွားခဲ့သည့် စက်ရုံများမှ အလုပ်ရှင်၊ အလုပ်သမားတို့အား အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အလုပ်သမားရေးရာညှိနှိုင်းဆွေးနွေးရေးအဖွဲ့တို့မှ အကြိမ်ကြိမ်ညှိနှိုင်းဆွေးနွေးပေးခဲ့သဖြင့် Costec အထည်ချုပ်စက်ရုံသည် ဇန်နဝါရီ ၂၈ ရက်က စတင်တောင်းဆိုမှုဖြစ်ပွားခဲ့ပြီး အလုပ်ရှင်လိုက်လျောပေးမှုအပေါ် အလုပ်သမားအများစုက သဘောတူညီမှုရရှိ၍ ဖေဖော်ဝါရီ ၂၃ ရက်တွင် နှစ်ဖက်သဘောတူစာချုပ်ချုပ်ဆိုပြီး လုပ်ငန်းခွင်သို့ အေးချမ်းစွာ ဝင်ရောက်လုပ်ကိုင်လျက်ရှိကြောင်း၊ ယနေ့တွင် အလုပ်သမား ၁၂၂၆ ဦး ရှိသည့်အနက် ၈၆၃ဦး လုပ်ငန်းခွင် ဝင်ရောက်လျက်ရှိ၍ ၇၀ ရာခိုင်နှုန်းကျော်ရှိကြောင်း၊ Ford Glory အထည်ချုပ်စက်ရုံသည် ဖေဖော်ဝါရီ ၅ ရက်ကစတင်၍ တောင်းဆိုဆန္ဒပြမှုဖြစ်ပွားခဲ့ရာ အလုပ်ရှင်လိုက်လျောပေးမှုအပေါ် အများစုကသဘောတူညီမှုရရှိ၍ ဖေဖော်ဝါရီ ၂၃ ရက်တွင် စာချုပ်ချုပ်ဆိုပြီး လုပ်ငန်းခွင်သို့ အေးချမ်းစွာဝင်ရောက်လုပ်ကိုင်ခဲ့ရာ ယနေ့တွင် အလုပ်သမား ၆၁၁ ဦးရှိသည့်အနက် ၃၉၇ ဦး လုပ်ငန်းခွင်ဝင်ရောက်လျက်ရှိ၍ ၆၅ ရာခိုင်နှုန်းခန့်ရှိကြောင်း၊ Red Stone အထည်ချုပ်စက်ရုံသည် ဖေဖော်ဝါရီ ၃ ရက်က စတင်၍ တောင်းဆိုဆန္ဒပြမှုဖြစ်ပွားခဲ့ရာ အလုပ်ရှင်၏ လိုက်လျောပေးမှုကို ရာနှုန်းပြည့်သဘောတူညီမှုရရှိ၍ ဖေဖော်ဝါရီ ၁၆ ရက်တွင် စာချုပ်ချုပ်ဆိုပြီး လုပ်ငန်းခွင်သို့ အေးချမ်းစွာဝင်ရောက်လုပ်ကိုင် ခဲ့ရာ ယနေ့တွင် အလုပ်သမား ၉၀၃ ဦးရှိသည့်အနက် ၈၈၂ ဦး လုပ်ငန်းခွင်ဝင်ရောက်ခဲ့၍ ၉၇ ရာခိုင်နှုန်းခန့်အလုပ်ဆင်းပြီး လုပ်ငန်းခွင်၌ ပုံမှန်ကုန်ထုတ်လုပ်မှုများကို အေးချမ်းစွာ လုပ်ကိုင်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကြက်ငှက်တုပ်ကွေးရောဂါဖြစ်နေသော မုံရွာမြို့ ကြက်၊ ငုံးမွေးမြူရေးဇုန်တွင် ရောဂါဖြစ်ပွားခြံများမှ ကြက်၊ ငုံးများကို ရှင်းလင်းပြီး ကျန်ရှိခြံများကိုစောင့်ကြည့်၍ ဇီဝလုံခြုံရေးမြှင့်တင်လျက်ရှိ

ရာသီဥတုပြောင်းလဲမှုကြောင့် မုံရွာမြို့ရှိကြက်၊ ငုံးအထူးဇုန်အတွင်းမှ ငုံးနှင့်ဥစားကြက်များ ကြက်ငှက်တုပ်ကွေးရောဂါ (H5N1) ကြောင့် ဖေဖော်ဝါရီ ၂၆ ရက်အထိ ဥစားကြက် ၃၂၄၁ ကောင်နှင့် ငုံးကောင်ရေ ၁၃၆၁၉ ကောင်သေဆုံးခဲ့သည်။ ဇုန်အတွင်းရှိ ကြက်၊ ငုံးခြံများနှင့် ပြင်ပခြံများသို့ ကူးစက်မှုမရှိစေရန် ဖေဖော်ဝါရီ ၂၄ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ကြက်ငှက်တုပ်ကွေးရောဂါထိန်းချုပ်ရေးအဖွဲ့ကို ဖွဲ့စည်း၍ ဇုန်အတွင်း အဝင်၊ အထွက်များကြပ်မတ်ခြင်း၊ ရောဂါကြောင့် သေဆုံးကြက်နှင့် ငုံးများ စနစ်တကျမြှုပ်နှံခြင်း၊ ဇုန်အတွင်း ဇီဝလုံခြုံရေးများ စသည်တို့ကို မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ တိုင်းဒေသကြီး ကြက်ငှက်တုပ်ကွေး ရောဂါထိန်းချုပ်ရေးအဖွဲ့ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ မုံရွာမြို့ကြက်ငုံးမွေးမြူရေး အထူးဇုန်မှ လုပ်ငန်းရှင်များနှင့် စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီး ဦးစောမြင့်ဦး၊ ကျန်းမာရေးပညာရှင်၊ ဇီဝပညာရှင်များဖြင့် တွေ့ဆုံ ညှိနှိုင်းဆောင်ရွက်၍ ရှေ့ဆက်ဆောင်ရွက်ရမည့်လုပ်ငန်းများကို ဖေဖော်ဝါရီ ၂၆ ရက်တွင် ဆွေးနွေးကြသည်။

"အခုလောလောဆယ် ဖြစ်နေတဲ့ ကြက်ငှက်တုပ်ကွေးရောဂါကို အလျင်အမြန် ထိန်းချုပ်ပြီး လူတွေရဲ့ကျန်းမာရေးထိခိုက်မှုကို ကာကွယ်ဖို့အတွက် ရောဂါဖြစ်နေတဲ့ ကြက်၊ ငုံးခြံတွေက ကြက်၊ ငုံးတွေကို ရှင်းလင်းသုတ်သင်နေပါတယ်။ ရောဂါမကူးစက်သေးတဲ့ကြက်ငုံးခြံတွေကိုတော့ ဇီဝလုံခြုံရေးကို မြှင့်တင်ပြီး အဘက်ဘက်က ရောဂါမကူးစက်အောင် ဆောင်ရွက်နေပါတယ်။ ကြက်သေ၊ ငုံးသေတွေကို ခွေးကချီပြီး မဖြစ်သေးတဲ့ခြံတွေဘက် ယူလာတာမျိုးကို မဖြစ်သေးတဲ့ခြံကလူတွေက အများကြီး ဂရုစိုက်ရမှာဖြစ်ပါတယ်။ အခုဖြစ်နေတာက ကျန်တဲ့ကြက်ခြံ၊ ငုံးခြံက ကြက်တွေ ငုံးတွေ ဖျက်ရမှာလားဆိုတာပူနေကြတာပါ။ ကြက်နဲ့ ငုံးခြံအားလုံးကို သိစေချင်တာက ဖြစ်တဲ့ ကြက်နဲ့ငုံးကိုပဲ သုတ်သင်ပြီးကျန်တာတွေကိုတော့ စောင့်ကြည့်ဖို့အဆင့်မှာပဲရှိပါတယ်"ဟု တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးစောမြင့်ဦးက ပြောပြသည်။



ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု ထိန်းချုပ်နိုင်ရန် ဆောင်ရွက်ကြမည့်သူများကို တွေ့ရစဉ်။

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ၏ ကြိုတင်စီစဉ်မှုအဖြစ် မုံရွာမြို့ပြည်သူ့ဆေးရုံကြီးအတွင်း အဆောင်တစ်ဆောင် သီးသန့်အခန်းထားကာ အကယ်၍ H5N1 ရောဂါ လူကိုကူးစက်မှုဖြစ်လာလျှင် ကုသနိုင်ရန်အတွက် ဆေးဝါးနှင့်အကူပစ္စည်းများကိုထားရှိဆောင်ရွက်ထားပြီး စစ်ကိုင်းတိုင်းဒေသကြီး ကျန်းမာရေး(ကူးစက်)ဌာနတာဝန်ရှိသူများအနေဖြင့်လည်း အကယ်၍ ရောဂါဝင်ရောက်သည်ဟု သံသယဖြစ်ဖွယ်သတင်းဦးကို ရရှိစေရန်အတွက် ကွန်ရက်များကို နည်းမျိုးစုံဖြင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ကြက်ငှက်တုပ်ကွေးရောဂါက ကြက်အချင်းချင်း အကူးမြန်သလို ကြက်နဲ့ ကြက်ချေးကိုင်တဲ့လူမှ တစ်ဆင့် အသက်ရှူလမ်းကြောင်း လေထဲက ကူးစက်စေနိုင်တဲ့အတွက် သတင်းဦးရရှိဖို့က အားလုံးအတွက် အရေးကြီးပါတယ်။ အဓိက ကြက်၊ ငုံးဇုန်နဲ့ဆက်စပ်တဲ့သူတွေက ပူးပေါင်းဆောင်ရွက်ပေးဖို့ လိုပါတယ်။ ကြက်ငှက်တုပ်ကွေးရောဂါ လူကိုကူးလို့ရှိရင် လူ ၁၀၀ ဖြစ်ရင် ၄၀ သေဆုံးနိုင်တဲ့ ရောဂါဖြစ်တဲ့အတွက် ပေါ့ပေါ့တန်တန် သဘောမထားဘဲ သတိရှိဖို့လိုနေပါပြီ" ဟု တိုင်းဒေသကြီး ကျန်းမာရေး(ကူးစက်)တာဝန်ခံ ဒေါက်တာစုမွန်သွယ်က ပြောပြသည်။

ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်နေ၍ ကန့်သတ်နယ်မြေအဖြစ် ထိန်းချုပ်ထားသောမုံရွာ ကြက်၊ ငုံးမွေးမြူရေးအထူးဇုန်အတွင်းမှ ဥစားကြက်အရှင် အကောင် ၁၂၀နှင့်ကြက်အသေ ၁၀ ကောင်၊ ငုံးအသေအကောင် ၃၀၀၀ နှင့် ငုံးအရှင် ၁၀၀၀ တို့ကို ဖေဖော်ဝါရီ ၂၅ ရက်က လိုက်ထရပ်ယာဉ်တစ်စီး၊ ဆိုင်ကယ်လေးစီးတို့ဖြင့် ဇုန်အတွင်းခြံသုံးခြံမှ ဝယ်ယူ၍ ဇုန်ပြင်ပသို့သယ်ဆောင်စဉ် သက်ဆိုင်ရာက ထိန်းသိမ်းနိုင်ခဲ့ကြောင်းသိရသည်။ ထိန်းသိမ်းရရှိသော ကြက်ငှက်တုပ်ကွေးရောဂါရှိ ကြက်နှင့်ငုံးများကို ယင်းနေ့ ည ၁၁ နာရီတွင် သတ်မှတ်ထားသော ကြက်၊ ငုံးမွေးမြူရေးဇုန်အနီးမှ မြေကျင်းသို့ စနစ်တကျ သုတ်သင်မြေမြှုပ်ခဲ့ကြောင်း သိရသည်။ ဖေဖော်ဝါရီ ၂၆ ရက်တွင်လည်း ဇုန်အတွင်း ကြက်၊ ငုံးခြံတို့မှ သေဆုံးကြက်နှင့်ငုံးများကို စနစ်တကျမြှုပ်နှံဆောင်ရွက်ခြင်း၊ ဇုန်အတွင်း ဝင်သမျှထွက်သမျှသော ဆိုင်ကယ်၊ ကားများကို ဇီဝဆေးများဖျန်းခြင်း၊ ဇုန်အတွင်းရှိသူများ ပြင်ပသို့သွားလာမှုကန့်သတ်ခြင်းများကို အများ၏ကျန်းမာရေးအရ အမျိုးသားရေးအသွင်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရသည်။

မုံရွာကြက်၊ ငုံးအထူးဇုန်သည် မြို့၏ အရှေ့မြောက်ဘက်ငါးမိုင်ခန့်အကွာ သာစည်လမ်းမကြီးဘေးတွင် တည်ရှိသည်။ ကြက်၊ ငုံးမွေးမြူရေးအထူးဇုန်ကြီးအတွင်း ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုကို ဖေဖော်ဝါရီလဆန်းမှ စတင်၍ သတိထားစောင့်ကြည့်ရင်းဇီဝလုံခြုံရေးကို မြှင့်တင်ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၂၂ ရက်မှစ၍ ဇုန်အတွင်း ကြက်၊ ငုံးများ စတင်သေဆုံးခဲ့သည်။ သေဆုံးမှုနှုန်းမှာ တစ်ရက်ထက်တစ်ရက် မြင့်လာသောကြောင့် ဖေဖော်ဝါရီ ၂၄ ရက်တွင် တိုင်းဒေသကြီး ကြက်ငှက်တုပ်ကွေးရောဂါ ထိန်းချုပ်ကာကွယ်တားဆီးရေးအဖွဲ့ကို ဖွဲ့စည်း၍ကြပ်မတ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

"ဇုန်ထဲက ဖြစ်ပွားနေတဲ့ ကြက်ခြံတွေနဲ့ ငုံးခြံတွေက သေဆုံးကြက်၊ ငုံးတွေကို စနစ်တကျထုပ်ပိုး၊ ပိုးသတ်ဆေးဖျန်း မြေမြှုပ်နေပါတယ်။ စျေးကွက်မှာရောက်နေတဲ့ ကြက်၊ ငုံးတွေက အသားကောင်းတွေပါ။ ထိန်းချုပ်ပြီး လွှတ်ပေးနေတာပါ။ ဇုန်ထဲက မွေးမြူရေးထွက်ကုန်တွေအားလုံးမထွက်ဖို့ ပိတ်ထားလိုက်ပါပြီ" ဟု တိုင်းဒေသကြီးမွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တာဝန်ရှိသူက ပြောပြသည်။

သေဆုံးပြီး ကြက်နှင့်ငုံးကောင်အချို့ကို မန္တလေးဓာတ်ခွဲခန်းသို့ ပို့ဆောင်ကာ စစ်ဆေးမှုများပြုလုပ်ခဲ့ပြီး ယနေ့နေ့လယ်ပိုင်းအထိ အကျယ် ၁၀ ပေပတ်လည်၊ အနက်ကိုးပေရှိ ကျင်းများကို ဇုန်၏ပြင်ပတွင်တူးကာ သေဆုံးအကောင်များအား လုပ်သားခြောက်ဦးဖြင့် နေ့ဆိုင်း၊ ညဆိုင်းခွဲ၍ မြှုပ်နှံနေရကြောင်း သိရသည်။

"ရောဂါဖြစ်တဲ့ ခြံပိုင်ရှင်တွေအနေနဲ့က မရှင်းနဲ့ပြောတောင်ရှင်းချင်ပါတယ်။ အနံ့ကလည်းဆိုး၊ ဝန်းကျင်လည်းရောဂါကူးမှာစိုးသလို လူကိုဒုက္ခပေးပြီး မိသားစုတွေအတွက် စိုးရိမ်လို့ပါ။ ရှင်းဖို့ဆိုပြီး ကြက်ကိုင်(ကြက်သတ်)တဲ့သူကို မေးတော့ တစ်ကောင် ၁၅၀ နှုန်းပေးရမယ်ဆိုလို့ပေးပြီး ရှင်းနေရပါတယ်။ အခုလောလောဆယ် စျေးကွက်ကလည်း လုံးဝပိတ်နေပြီဆိုတော့ အစာဖိုးပါ ထပ်ကုန်မယ့်အတူတူ တကယ်ဖြစ်နေတဲ့ခြံတွေ ရှင်းသင့်ပါတယ်။ ဒါပေမယ့် ရှင်းခပေးရတာတစ်ကောင်၁၅၀ဆိုတာကို ခရိုင်မွေး/ကုဦးစီးကညှိပေးတာ။ တစ်ခြံကို နှစ်သောင်းခွဲနဲ့ပါ။ တစ်ခြံကို အကောင် ဘယ်လောက်ရှိရှိပေါ့။ ၂၀၀၆ ခုနှစ်နဲ့ ၂၀၁၂ ခုနှစ်ကလည်း ကြက်ငှက်တုပ်ကွေးဖြစ်လို့ ခြံရှင်တွေခံရ၊ ၂၀၁၃ မှာလည်း မီးလောင်လို့ခံရ၊ အခု ၂၀၁၅မှာလည်း အခုလို ဖြစ်လို့ခံရဆိုတော့ ချေးငွေချေးပြီး လုပ်ငန်းလည်ပတ်နေကြတဲ့ ခြံရှင်တွေအနေနဲ့ အတော်ခက်ခဲစေမှာပါ" ဟု မုံရွာ ကြက်၊ ငုံးဇုန်ရှိ ခြံရှင်တစ်ဦးက ပြောသည်။

မုံရွာမြို့ ကြက်၊ ငုံးမွေးမြူရေး အထူးဇုန်ကြီးတွင် ယခုကြက်ငှက်တုပ်ကွေးရောဂါ မဝင်ခင်အထိ ဥစားကြက်ခြံ ၁၂၃ ခြံတွင် ဥစားကြက်ကောင်ရေ ၁၄၀၀၀၀နှင့် ငုံးခြံ ၅၁ ခြံတွင် ငုံးအကောင်ရေ ငါးသိန်း မွေးမြူထားပြီး ဖေဖော်ဝါရီ ၂၆ ရက်အထိ ကြက် ၃၂၄၁ ကောင်၊ ငုံး ၁၃၆၁၉ ကောင်သေဆုံးနေပြီး ရှင်းလင်းသုတ်သင်မှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**



ကြက်ငှက်တုပ်ကွေးရောဂါရှိ ကြက်နှင့် ငုံးများကို မြေကျင်းထဲထည့်၍ မြှုပ်နှံဆောင်ရွက်စဉ်။

ပြည်တွင်းသတင်း

# နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် အောင်ဇမ္ဗူရပ်ကွက်၌ မီးလောင်မှုဖြစ်ပွား

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် အောင်ဇမ္ဗူရပ်ကွက်၌ ယနေ့ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် နယ်မြေ (၁) အိမ်အမှတ် (၁/၆)နေ ဦးအောင်မြတ်သူ (၃၉ နှစ်) သည် နေအိမ်ကားဂိုဒေါင်တွင် ကားဆီဖြည့်ရန် ပလတ်စတစ်ပုံးထဲသို့ ဂါလန်ခွက်ဖြင့် ဓာတ်ဆီဖြည့်စဉ် မီးလောင်မှုဖြစ်ပွားခဲ့သည်။ **(အောက်ပုံ)**

အဆိုပါမီးလောင်မှုဖြစ်ပွားရာသို့ နေပြည်တော်ကောင်စီဝင်များဖြစ်ကြသည့် ဦးမျိုးညွန့်၊ ဗိုလ်မှူးကြီးမြင့်အောင်သန်း၊ နေပြည်တော်စည်ပင်သာယာရေး ကော်မတီစီမံရေးရာဌာနမှူး ဦးစိုးဝင်းနှင့်တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ တပ်မတော်သားများ၊ ရပ်ကွက်ပြည်သူများနှင့်အတူ မီးသတ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးဦးဆောင်သည့် သန္ဓေမီးသတ်သမား ၉၀၊ အရန် မီးသတ် ၃၀၊ မီးသတ်အုပ်ချုပ်ရေးမှူး ယာဉ်သုံးစီး၊ မီးသတ်ယာဉ် ၂၁ စီး တို့ဖြင့် ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၂ နာရီ ၃၅ မိနစ်တွင် မီးညွန့်ကျိုးသွားခဲ့ပြီး မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

အဆိုပါ မီးလောင်မှုဖြစ်စဉ်ကြောင့် ကားဂိုဒေါင်သွပ်မိုး၊ မြေစိုက်တဲတစ်လုံး၊ လူမနေသည့် သက်ငယ်မိုး ထရံကာမြေစိုက်တဲတစ်လုံး၊ ဓာတ်ဆီဂါလန် ၂၀ တစ်ပုံး၊ လိုက်ထရပ်အပြာရောင်ယာဉ်အမှတ် ၆E/. . . . . ရှေ့ခေါင်းပိုင်း မီးလောင်ကျွမ်းခဲ့သည်။

မီးလောင်မှုဖြစ်စဉ်ကြောင့် လူနှင့် အခြားတိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်းနှင့် အမှတ်(၁) မြို့မ ရဲစခန်းတွင် အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သန့်မောင် (ပြန်/ဆက်)**



ချိန်ခါမရွေးသတိပေး မီးဘေးကင်းဝေးမှာ

## လောက်ကိုင်ဒေသတိုက်ပွဲဖြစ်ပွားသည့် နေရာပြပုံ



❐ *ကျောဖုံးမှ*

သောင်းကျန်းသူများနောက်သို့ လိုက်လံရှင်းလင်းလျက်ရှိသည်။

အထက်ပါ ဖြစ်စဉ်များတွင် သောင်းကျန်းသူထံမှ အလောင်းတစ်လောင်း၊ အမ် (၂၂) တစ်လက်၊ တရုတ်လက်ပစ်ဗုံး ငါးလုံး၊ ကျည်မျိုးစုံ ၂၈၆ တောင့်၊ MNDAA ဝတ်စုံ ၁၃ စုံတို့ သိမ်းဆည်းရမိခဲ့ပြီး အရာရှိ/စစ်သည်လေးဦးအသက်ပေးလှူခဲ့ကာ သုံးဦးဒဏ်ရာရရှိခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# ဒလမြို့၌ သံဖြတ်စက်ဖြင့်ဖြတ်တောက်ရာမှ ကမ်းထိုးသံထည်သင်္ဘောမီးလောင်

**ဒလ ဖေဖော်ဝါရီ ၂၆**

ဒလမြို့နယ် ကမာကသွယ်ရပ်ကွက် ရန်ကြီးအောင်အားကစားကွင်းအနီး ရာဇသင်္ကြန်လမ်း၊ ရန်ကုန်မြစ်ကမ်းရှိ ဗိုလ်တာရာ သင်္ဘောဖျက်လုပ်ကွက်၌ ဖေဖော်ဝါရီ ၂၅ ရက် ညနေ ၃ နာရီ မိနစ် ၅၀ က ပိုင်ရှင် ဦးဇော်လင်း (၂၅ နှစ်)၏ ကမ်းထိုးသံထည်သင်္ဘောတွင် သံဖြတ်စက်ဖြင့်ဖြတ်တောက်ရာမှ မီးပွားလွင့်စဉ်ပြီး မီးလောင်ကျွမ်းမှုဖြစ်ခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

ဖြစ်စဉ်မှာ အဆိုပါသံထည်သင်္ဘောဝမ်းဗိုက်တွင် (၁၂×၁၅) ပေအကျယ်ရှိ သံထည်ကို သံဖြတ်စက်ဖြင့် ဖြတ်တောက်ခဲ့ရာ မီးပွားများလွင့်စဉ်၍ အင်ဂျင်ပိုင်ဟောင်းများပေါ်သို့ ကျရောက်ကာ မီးစတင်လောင်ကျွမ်းခဲ့ပြီး သင်္ဘောအတွင်းရှိ ဖော့တုံးစများကို ကူးစက်လောင်ကျွမ်းခဲ့ခြင်း ဖြစ်သည်။

မီးလောင်ရာသို့ အနီးအနားရှိ ရပ်ကွက်ပြည်သူများနှင့် ဒလမြို့နယ် မီးသတ်ဦးစီးဌာနမှဦးစီးမှူး ကျော်မင်းနိုင်နှင့် သန္ဓေရှစ်ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၀ နှင့် မီးငြိမ်းသတ်ယာဉ်နှစ်စီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ညနေ ၄ နာရီ ၅ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

**သတင်း-သန်းငွေး(ဒလ)**
**ဓာတ်ပုံ-စန်းဝဠာ**



(Open Tender) [illegible]

[illegible] ၂၄၄၃၅၂၊ ၂၄၁၉၈၄

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း**

ယာဉ်အမှတ် ၇င/၆၇၂၃၊ Toyota Vitz, S/L ယာဉ်လက်ဝယ်ရှိသူ ဒေါ်ယမင်းလှဝင်း ၁၀/သဖရ(နိုင်)၀၆၈၂၅၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း) ရန်ကုန်မြို့**

**ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၏ မြေလွတ်မြေရိုင်းလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်**
**လျှောက်ထားခြင်းကိစ္စအား ကန့်ကွက်ခြင်း**

နေပြည်တော်ကောင်စီနယ်မြေ၊ ဥတ္တရခရိုင်၊ ဇေယျာသီရိမြို့နယ်၊ မအူတောကျေးရွာအုပ်စု၊ ကွင်းအမှတ် (၁၅၆၂၊ ၁၅၆၃၊ ၁၅၆၄)၊ ဧရိယာ ၁၈၀ ဒသမ ၆၈ ဧကပေါ်တွင် မြေလွတ် မြေလပ်နှင့်မြေရိုင်းကို ဒေါက်တာမျိုးကြွယ်က ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ဌာနအမည်ပေါက်ရရှိရန်အတွက် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားလာခြင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း မြို့နယ်မြေစာရင်းဦးစီးဌာန၊ ဇေယျာသီရိမြို့နယ်မှ ကြေညာထားခြင်းနှင့်ပတ်သက်၍ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ၄၀ စကေးဝန်ထမ်းများနေထိုင်လျက်ရှိသည့် မြေဧရိယာ ၉ ဒသမ ၉၃ ဧကသည် ကွင်းအမှတ် ၁၅၆၂ အတွင်းရှိ တောရိုင်းမြေများဖြစ်ပြီး ပညာရေးဝန်ကြီးဌာနမှ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနသို့ ၁၉၉၃ ခုနှစ်တွင် လွှဲပြောင်းပေးအပ်စဉ်က မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၏မူလမြေဧရိယာ နယ်နိမိတ် ၁၅၀ ဒသမ ၅၃ဧကတွင် ပါဝင်နေပါသဖြင့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၏ဌာနအမည်ပေါက်ရရှိရေးအတွက် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်လျှောက်ထားခြင်းကို ကန့်ကွက်ကြောင်း ကြေညာအပ်ပါသည်။ **မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း**

ယာဉ်အမှတ် ၃ဃ/၈၄၇၆၊ Ne -w Anbo 125 ယာဉ်လက်ဝယ်ရှိသူ ဦးလှမျိုး ၉/တသန(နိုင်)၁၅၆၉၁၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

**အသက်သည်သွေး**

ဥပဒေ

# ယှဉ်ပြိုင်မှု ဥပဒေပြဋ္ဌာန်း

## ယှဉ်ပြိုင်မှုဥပဒေ

**(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉။ )**

**၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်**

**( ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက် )**

**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

### အခန်း(၁)
### အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ယှဉ်ပြိုင်မှု ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့ရက်တွင် စတင်အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ကော်မရှင်** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသော မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုကော်မရှင်ကို ဆိုသည်။

(ဃ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့က တာဝန်ပေးအပ်သော ဝန်ကြီးဌာနကို ဆိုသည်။

(င) **ယှဉ်ပြိုင်မှု** ဆိုသည်မှာ ဈေးကွက်အတွင်းရှိ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများအကြား မိမိတို့၏ကုန်စည်နှင့် ဝန်ဆောင်မှုများကို ဝယ်ယူအသုံးပြုမည့် ဝယ်ယူသူအရေအတွက်၊ ဈေးကွက်ဝေစုနှင့်ဈေးကွက်လွှမ်းမိုးနိုင်မှုတို့ကို ပိုမိုရရှိစေရန် စီးပွားရေးလုပ်ငန်းများကို အပြိုင်အဆိုင်ပြုလုပ်သည့် စီးပွားရေးလုပ်ငန်းဆိုင်ရာ ယှဉ်ပြိုင်ဆောင်ရွက်မှုကို ဆိုသည်။

(စ) **ယှဉ်ပြိုင်မှုမူဝါဒ** ဆိုသည်မှာ ဈေးကွက်အတွင်း မျှတသော ယှဉ်ပြိုင်မှုတစ်ရပ်ဖြစ်ထွန်းပေါ်ပေါက်စေရေးနှင့် စားသုံးသူများ၏ အကျိုးကို လက်ဝါးကြီးအုပ်ဆောင်ရွက်မှုမှ တားဆီးကာကွယ်နိုင်ရေးတို့အတွက်ထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ငန်းများအပေါ် တိုက်ရိုက်အကျိုးသက်ရောက်စေရန် နိုင်ငံတော်ကချမှတ်လုပ်ဆောင်သော မူဝါဒများကို ဆိုသည်။

(ဆ) **ယှဉ်ပြိုင်မှုကို ကန့်သတ်ထိန်းချုပ်သောဆောင်ရွက်ချက်** ဆိုသည်မှာ ဈေးကွက်အတွင်းရှိ စီးပွားရေးလုပ်ငန်းများ၏ ယှဉ်ပြိုင်မှုကို လျော့နည်းစေရန် သို့မဟုတ် အတားအဆီးဖြစ်စေရန် လုပ်ဆောင်ခြင်းကိုဆိုသည်။ ယင်းစကားရပ်တွင် ယှဉ်ပြိုင်မှုကိုထိန်းချုပ်သည့် သဘောတူညီချက်များ၊ ဈေးကွက်အတွင်းရှိ လွှမ်းမိုးထားသည့် အခြေအနေအပေါ် အခွင့်အရေးယူ၍ အလွဲသုံးစားပြုခြင်းနှင့် တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အစုအဖွဲ့ကဖြစ်စေ လက်ဝါးကြီးအုပ်ဆောင်ရွက်ခြင်းတို့ ပါဝင်သည်။

(ဇ) **တရားမျှတမှုမရှိသော ယှဉ်ပြိုင်မှု** ဆိုသည်မှာ စီးပွားရေးလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရာတွင်နိုင်ငံတော်၏ အကျိုးစီးပွားကိုဖြစ်စေ၊ အခြားစီးပွားရေးလုပ်ငန်း သို့မဟုတ် စားသုံးသူတို့၏ တရားဝင်ရထိုက်သော အခွင့်အရေးများနှင့် အကျိုးစီးပွားများကိုဖြစ်စေ ထိခိုက်စေသော သို့မဟုတ် ထိခိုက်စေနိုင်သော ယှဉ်ပြိုင်မှုဆောင်ရွက်ချက်များကို ဆိုသည်။

(ဈ) **စီးပွားရေးလုပ်ငန်း** ဆိုသည်မှာ ကုန်စည်ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ဝယ်ယူခြင်း၊ ရောင်းချခြင်း၊ တင်သွင်းခြင်း၊ တင်ပို့ခြင်း၊ လဲလှယ်ခြင်းစသည့် လုပ်ငန်း သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်ရပ်ကို ဆိုသည်။

(ည) **စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူ** ဆိုသည်မှာ စီးပွားရေးလုပ်ငန်းတစ်ရပ်ရပ် သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်း တစ်ရပ်ရပ်ကို လုပ်ကိုင်သော ပုဂ္ဂိုလ်ကို ဆိုသည်။ ယင်းစကားရပ်တွင် စီးပွားရေးလုပ်ငန်း သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းကို လုပ်ကိုင်သောအဖွဲ့အစည်းလည်း ပါဝင်သည်။

(ဋ) **ကုန်စည်** ဆိုသည်မှာ ဤဥပဒေအလို့ငှာ ကုန်သွယ်ခြင်း သို့မဟုတ် ထုတ်လုပ်ခြင်းသို့မဟုတ် စားသုံးခြင်းပြုသောပစ္စည်းကို ဆိုသည်။ ယင်းစကားရပ်တွင် ငွေချေးသက်သေခံအထောက်အထားများ၊ စတော့ခ်များနှင့် ရှယ်ယာများလည်း ပါဝင်သည်။

(ဌ) **ဝန်ဆောင်မှု**ဆိုသည်မှာ ဤဥပဒေအလို့ငှာ အခကြေးငွေ သို့မဟုတ် အဖိုးအခ သို့မဟုတ် အဖိုးစားနားဖြင့် ဆောင်ရွက်ပေးသော လုပ်ငန်းကိုဆိုသည်။ ယင်းစကားရပ်တွင် အစိုးရအဖွဲ့ကဝန်ဆောင်မှုဖြစ်သည်ဟု အခါအားလျော်စွာ သတ်မှတ်သည့်လုပ်ငန်းများလည်း ပါဝင်သည်။

(ဍ) **ဈေးကွက်**ဆိုသည်မှာ ကုန်စည်နှင့် ဝန်ဆောင်မှုများအား ရောင်းလိုသူနှင့် ဝယ်လိုသူတို့အကြား ရောင်းဝယ်ဖောက်ကားမှု ပြုလုပ်သောနယ်ပယ်ကို ဆိုသည်။

(ဎ) **ဈေးကွက်ဝေစု** ဆိုသည်မှာ ဈေးကွက်၏ စုစုပေါင်း ရောင်းချနိုင်သောပမာဏတွင် စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူက ရောင်းချသော သို့မဟုတ် ဝန်ဆောင်မှုပေးသော ရာခိုင်နှုန်း သို့မဟုတ် အချိုးအစားကို ဆိုသည်။

(ဏ) **ဈေးနှုန်း** ဆိုသည်မှာ ကုန်စည်ရောင်းချမှု သို့မဟုတ် ဝန်ဆောင်မှုပြုရာတွင် သတ်မှတ်သောတန်ဖိုးကို ဆိုသည်။

(တ) **ကော်မတီ** ဆိုသည်မှာ ကော်မရှင်၏ လုပ်ငန်းတာဝန်များကို ဆက်လက်ဆောင်ရွက်နိုင်ရန်ကော်မရှင်က ဖွဲ့စည်းသော စုံစမ်းစစ်ဆေးရေးကော်မတီအပါအဝင် အခြားကော်မတီများကို ဆိုသည်။

(ထ) **လုပ်ငန်းအဖွဲ့** ဆိုသည်မှာ ယှဉ်ပြိုင်မှုဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် ကော်မတီကဖွဲ့စည်းသောလုပ်ငန်းအဖွဲ့ကိုဆိုသည်။

### အခန်း(၂)
### ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးလုပ်ငန်းများတွင် တရားသဖြင့်ယှဉ်ပြိုင်ခြင်းကိုပျက်ပြားစေရန် တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အစုအဖွဲ့ကဖြစ်စေ လက်ဝါးကြီးအုပ်ဆောင်ရွက်မှု သို့မဟုတ် ဈေးကစားမှုပြုခြင်းဖြင့် အများပြည်သူတို့၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေခြင်းမှ တားဆီးကာကွယ်ရန်၊

(ခ) ပြည်တွင်း၊ ပြည်ပ ကုန်သွယ်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့အပေါ်တွင် မျှတမှုမရှိသော ဈေးကွက်ပြိုင်ဆိုင်မှုကို ထိန်းချုပ်နိုင်ရန်၊

(ဂ) ဈေးကွက်အပေါ် ထိန်းချုပ်နိုင်စွမ်းကို အလွဲသုံးစားပြုခြင်းမှ တားဆီးနိုင်ရန်၊

(ဃ) စီးပွားရေးလုပ်ငန်းများအကြား ကန့်သတ်ထားရှိသော သဘောတူညီချက်နှင့် အစီအမံများကို ထိန်းချုပ်နိုင်ရန်။

### အခန်း(၃)
### အခြေခံမူများ

၄။ ယှဉ်ပြိုင်မှုအခြေခံမူများမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဈေးကွက်တွင် လွတ်လပ်၍ မျှတသော ယှဉ်ပြိုင်မှုဝန်းကျင်တစ်ရပ် ဖန်တီးပေးခြင်းအားဖြင့် ဒေသတွင်းနှင့် နိုင်ငံတွင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်သည့် အသိုက်အဝန်းအဖြစ် ရောက်ရှိစေရေး၊

(ခ) ဈေးကွက်တွင် မျှတသောယှဉ်ပြိုင်မှုကို အားပေးကူညီခြင်းဖြင့် စီးပွားရေးလုပ်ငန်းများ တစ်ပြေးညီ တိုးတက်လာစေရေးနှင့် သာတူညီမျှခံစားခွင့်ရရှိစေရေး၊

(ဂ) ဈေးကစားမှုပြုခြင်းဖြင့် အများပြည်သူတို့၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေခြင်းမှ ကာကွယ်စောင့်ရှောက်ပေးနိုင်ရေး၊

(ဃ) လုပ်ငန်းနယ်ပယ် အသီးသီးတွင် လွတ်လပ်၍မျှတသော ယှဉ်ပြိုင်မှု ဖြစ်ထွန်းပေါ်ပေါက်စေရေး၊

(င) အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာနှင့် နိုင်ငံအချင်းချင်းဆိုင်ရာ ကုန်စည်များ၊ ဝန်ဆောင်မှုများ၊ ရင်းနှီးမြှုပ်နှံမှုများ၊ ကျွမ်းကျင်လုပ်သားများ၊ ငွေကြေးစီးဝင်မှုများအတွက် လွတ်လပ်စွာလုပ်ကိုင်ဆောင်ရွက်နိုင်သော စီးပွားရေးအသိုက်အဝန်းတစ်ခုအဖြစ် ဖွဲ့စည်းဖြစ်ပေါ်လာစေရေးနှင့် ယှဉ်ပြိုင်မှုကွန်ရက်တွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊

(စ) ဈေးကွက်အတွင်း ယှဉ်ပြိုင်မှုမူဝါဒများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊

(ဆ) ရင်းနှီးမြှုပ်နှံသူ၊ တီထွင်သူနှင့် ထုတ်လုပ်သူတို့၏ အသိဉာဏ်ပစ္စည်းဆိုင်ရာအခွင့်အရေးများကို ကာကွယ်ပေးခြင်းဖြင့် တီထွင်ကြံဆနိုင်သောစွမ်းရည်ကို အားပေးမြှင့်တင်ရေး။

### အခန်း(၄)
### ကော်မရှင်ဖွဲ့စည်းခြင်း

၅။ အစိုးရအဖွဲ့သည် -

(က) ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် သင့်လျော်သော ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်တစ်ဦးကို ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ပညာရှင်များ၊ သင့်လျော်သော ပုဂ္ဂိုလ်များကို အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်စေလျက် မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင်ကို ဖွဲ့စည်းရမည်။

(ခ) ကော်မရှင်ကို ဖွဲ့စည်းရာတွင် အဖွဲ့ဝင်များအနက်မှ ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကိုသတ်မှတ်၍ တာဝန်ပေးအပ်ရမည်။

(ဂ) ပုဒ်မခွဲ (က)အရ ဖွဲ့စည်းသော ကော်မရှင်ကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၆။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မရှင်အဖွဲ့ဝင်များသည် ဝန်ကြီးဌာနက ခွင့်ပြုသောလစာ၊ စရိတ်နှင့် ချီးမြှင့်ငွေတို့ကို ခံစားခွင့်ရှိသည်။

၇။ ကော်မရှင်သည် နိုင်ငံတော်က ချမှတ်ထားသည့် စီးပွားရေးဆိုင်ရာ မူဝါဒများနှင့်အညီ မိမိ၏လုပ်ငန်းတာဝန်များကို လွတ်လပ်စွာစီမံဆောင်ရွက်နိုင်သည်။

### အခန်း (၅)
### ကော်မရှင်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၈။ ကော်မရှင်၏တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ယှဉ်ပြိုင်မှုဆိုင်ရာ ကိစ္စရပ်များကို အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့်ဖြစ်စေ၊ နိုင်ငံအချင်းချင်းဖြစ်စေ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်း၊

(ခ) နိုင်ငံတော်၏ အကျိုးစီးပွားအတွက် လိုအပ်သောစီးပွားရေးလုပ်ငန်းများနှင့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအား ဤဥပဒေကို လိုက်နာဆောင်ရွက်ခြင်းမှ လိုအပ်ပါက ကင်းလွတ်ခွင့်ပြုခြင်း၊

(ဂ) ကော်မတီများနှင့် လုပ်ငန်းအဖွဲ့များကို လိုအပ်ချက်နှင့်အညီ ဖွဲ့စည်းခြင်းနှင့် ယင်းတို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း၊

(ဃ) ကော်မတီများနှင့် လုပ်ငန်းအဖွဲ့များမှ တင်ပြလာသော ကိစ္စရပ်များကို အဆုံးအဖြတ်ပေးခြင်း၊

(င) စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန် သို့မဟုတ် ယှဉ်ပြိုင်မှုကို ကန့်သတ်ရန်ခွင့်ပြုချက်ရရှိရေးအတွက် လျှောက်ထားရာတွင် လိုအပ်သည့်ပုံစံ၊ လုပ်ထုံးလုပ်နည်းများနှင့် စည်းကမ်းချက်များကို သတ်မှတ်ခြင်း၊

(စ) စီးပွားရေးလုပ်ငန်းတစ်ခု၏ ပိုင်ဆိုင်ခွင့် တစ်စိတ်တစ်ပိုင်း သို့မဟုတ် အားလုံးကို အခြားစီးပွားရေးလုပ်ငန်းတစ်ခုက လွှမ်းမိုးမှု၊ ဝယ်ယူမှု၊ ရယူမှု သို့မဟုတ် စီးပွားရေးလုပ်ငန်းများ ပေါင်းစည်းမှုကြောင့် ယှဉ်ပြိုင်မှုအပေါ် ထိခိုက်နိုင်သည့်ဈေးကွက်ဝေစု၊ ရောင်းအား၊ ရင်းနှီးငွေပမာဏ၊ အစုရှယ်ယာအရေအတွက်နှင့် လုပ်ငန်းနှင့် သက်ဆိုင်သည့် ပိုင်ဆိုင်သော ပစ္စည်းပမာဏတို့ကို သတ်မှတ်ခြင်း၊

(ဆ) လက်ဝါးကြီးအုပ်ဆောင်ရွက်သည်ဟု ကော်မရှင်ကယူဆသည့် ဈေးကွက်ဝေစု၊ ရောင်းအား၊ ရင်းနှီးငွေပမာဏ၊ အစုရှယ်ယာအရေအတွက်နှင့် လုပ်ငန်းနှင့်သက်ဆိုင်သည့် ပိုင်ဆိုင်သော ပစ္စည်းပမာဏတို့ကို သတ်မှတ်ဆုံးဖြတ်ခြင်း၊

(ဇ) စီးပွားရေးလုပ်ငန်းတစ်ခု သို့မဟုတ် စီးပွားရေးလုပ်ငန်းစုတစ်ခုသည် ဈေးကွက်အတွင်း ယှဉ်ပြိုင်မှုကို ထိခိုက်နိုင်သည်ဟု ကော်မရှင်က သတ်မှတ်ထားသော ဈေးကွက်ဝေစု ပိုင်ဆိုင်မှုပမာဏထက်ကျော်လွန်လျှင် သို့မဟုတ် ကျော်လွန်သည်ဟု ကော်မရှင်ကယူဆလျှင် ယင်းစီးပွားရေးလုပ်ငန်း သို့မဟုတ် စီးပွားရေးလုပ်ငန်းစု၏ ဈေးကွက်ဝေစုကို သတ်မှတ်ထားသည့် လုပ်ငန်း ပမာဏသို့ လျှော့ချရန်ညွှန်ကြားခြင်း၊

(ဈ) လက်ဝါးကြီးအုပ်ချုပ်ကိုင်ရန်ရှိသည်ဟု ကော်မရှင်ကယူဆသည့် စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူတစ်ဦးဦး၏ ဈေးကွက်ဝေစုနှင့် အရောင်းမြှင့်တင်မှုများကို ကန့်သတ်သည့် အမိန့်ကြော်ငြာစာများထုတ်ပြန်၍ တားမြစ်ခြင်း၊

(ည) ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ကော်မရှင်က သံသယရှိလျှင်သော်လည်းကောင်း၊ ခိုင်လုံသော တိုင်ကြားချက်ရရှိလျှင်သော်လည်းကောင်း စုံစမ်းစစ်ဆေးရန် တာဝန်ပေးခြင်း၊

(ဋ) စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူတစ်ဦးဦးထံမှ ယှဉ်ပြိုင်မှုနှင့် စပ်လျဉ်း၍ လိုအပ်သည့် အထောက်အထားများနှင့် အချက်အလက်များကို တောင်းဆိုခြင်း၊

(ဌ) ယှဉ်ပြိုင်မှုနှင့်စပ်လျဉ်းသည့် လိုအပ်သော စုံစမ်းမေးမြန်းမှုများ ဆောင်ရွက်ရန် သက်ဆိုင်သူများကို ခေါ်ယူမေးမြန်းခြင်း၊

(ဍ) ယှဉ်ပြိုင်မှုနှင့်စပ်လျဉ်းသည့် အချက်အလက်များ၊ ရှင်းလင်းချက်များ၊ အကြံပြုချက်များ သို့မဟုတ် ထင်မြင်ချက်များပေးရန် လိုအပ်ချက်နှင့်အညီ ပညာရှင်များ၊ ကျွမ်းကျင်သူများကို ဖိတ်ခေါ်ဆွေးနွေးခြင်း၊

(ဎ) ကိစ္စတစ်ရပ်ချင်းအလိုက် သတ်မှတ်ချက်နှင့်အညီ လိုအပ်သော အထောက်အထားများနှင့် ပစ္စည်းများကို စစ်ဆေးရေးအတွက် သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခြင်း၊ ယင်းအထောက်အထား သို့မဟုတ် ပစ္စည်းကို ခံဝန်ချုပ်ဖြင့် ပြန်လည်ပေးအပ်ထားရန် ခွင့်ပြုသည့် အမိန့်ချမှတ်ခြင်း၊ ငြင်းပယ်ခြင်း သို့မဟုတ် ခွင့်ပြုချက်ကို ပြန်လည်ရုပ်သိမ်းခြင်း၊

(ဏ) စုံစမ်းစစ်ဆေးရေးကော်မတီက တင်ပြသော စုံစမ်းစစ်ဆေးတွေ့ရှိချက်အစီရင်ခံစာနှင့်စပ်လျဉ်း၍ စိစစ်ခြင်းနှင့် လိုအပ်ပါက တရားစွဲဆိုရန် ညွှန်ကြားခြင်း၊

(တ) ပြစ်မှုကျူးလွန်ရာတွင် ပါဝင်သူက ပြစ်မှုနှင့်စပ်လျဉ်း၍ တရားရုံးတွင် မိမိကိုယ်တိုင်ပါဝင်ကျူးလွန်ခဲ့ကြောင်း မခြွင်းမချန် ထွက်ဆိုခဲ့လျှင် ထိုသူကိုစည်းကမ်းချက်ဖြင့် ပြစ်ဒဏ်ကင်းလွတ်ခွင့်ပြုနိုင်ရန် စီစဉ်ဆောင်ရွက်ခြင်း၊

(ထ) ယှဉ်ပြိုင်မှုနှင့်သက်ဆိုင်သော ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနမှတစ်ဆင့် အစိုးရအဖွဲ့သို့ အကြံပြုတင်ပြခြင်း၊

(ဒ) ယှဉ်ပြိုင်မှုနှင့်သက်ဆိုင်သော ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သည့်တာဝန်များကို ဆောင်ရွက်ခြင်း။

၉။ ကော်မရှင်သည် မိမိ၏လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် တိုးတက်ဖြစ်ပေါ်မှု အခြေအနေများကို အစိုးရအဖွဲ့သို့ သုံးလလျှင်တစ်ကြိမ် အစီရင်ခံတင်ပြရမည်။

၁၀။ ထူးခြားသည့်အခြေအနေ ပေါ်ပေါက်ပါက ကော်မရှင်သည် မိမိ၏ လုပ်ငန်းဆောင်ရွက်ချက်များကို အစိုးရအဖွဲ့သို့ ဆောလျင်စွာ တင်ပြရမည်။

### အခန်း (၆)
### စုံစမ်းစစ်ဆေးရေးကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၁၁။ ကော်မရှင်သည် -

(က) စုံစမ်းစစ်ဆေးရေးကော်မတီကို ကော်မတီဝင် အနည်းဆုံးငါးဦး၊ အများဆုံးကိုးဦးဖြင့် ဖွဲ့စည်းရမည်။ ယင်းတို့အနက်မှ သင့်လျော်သူတစ်ဦးကို ကော်မတီဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရမည်။

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းရာတွင် ကော်မတီဝင်များသည် စီးပွားရေး ပညာရပ်၊ ဥပဒေပညာရပ်၊ ကူးသန်းရောင်းဝယ်ရေးပညာရပ်နှင့် သက်ဆိုင်ရာအခြားပညာရပ်များတွင် အတွေ့အကြုံနှင့် ဗဟုသုတရှိသူ ဖြစ်ရမည်။

စာမျက်နှာ ၁၆ သို့

## ဥပဒေ

*စာမျက်နှာ ၁၅ မှ*

(ဂ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းရာတွင် စုံစမ်းစစ်ဆေးရေးကော်မတီဝင်အဖြစ် ဆောင်ရွက်သူသည် စုံစမ်းစစ်ဆေးရမည့် စီးပွားရေးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များနှင့် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း သက်ဆိုင်သူမဖြစ်စေရ။

(ဃ) ပုဒ်မခွဲ (က)အရ ဖွဲ့စည်းသော စုံစမ်းစစ်ဆေးရေးကော်မတီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၁၂။ စုံစမ်းစစ်ဆေးရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) စုံစမ်းစစ်ဆေးရေးကိစ္စရပ်များအတွက် လိုအပ်သည့် သက်သေခံအထောက်အထား၊ စာရွက်စာတမ်း၊ ငွေရေးကြေးရေးအထောက်အထားများနှင့် ခိုင်လုံသော အကျိုးအကြောင်း ဖော်ပြချက်များ တောင်းယူစစ်ဆေးခြင်း၊ လိုအပ်သော သက်သေများကို ခေါ်ယူမေးမြန်းခြင်း၊

(ခ) ပုဒ်မခွဲ(က)ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရာတွင် ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ လိုက်နာရန် ပျက်ကွက်ပါက အရေးယူဆောင်ရွက်မှုပြုနိုင်ရန် ကော်မရှင်မှတစ်ဆင့် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများသို့ တင်ပြခြင်း၊

(ဂ) စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူ သို့မဟုတ် စုံစမ်းစစ်ဆေးခြင်းခံရသူ သို့မဟုတ် ယင်းတို့နှင့်ဆက်စပ် ပါဝင်နိုင်ဖွယ်ရှိသော ပုဂ္ဂိုလ်တစ်ဦးဦး၏ အဆောက်အအုံ၊ မြေ၊ လုပ်ငန်းနေရာတို့ကို ဥပဒေနှင့်အညီ ဝင်ရောက်ကြည့်ရှုစစ်ဆေးခြင်းနှင့်ရှာဖွေခြင်း၊

(ဃ) စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာများနှင့် ဤဥပဒေအရ လိုအပ်သော အရေးယူ ဆောင်ရွက်မှုများကိုပြုနိုင်ရန် ကော်မရှင်သို့ တင်ပြခြင်း၊

(င) လိုအပ်သော လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းခြင်းနှင့် ၎င်းတို့၏ လုပ်ငန်း တာဝန်များကိုသတ်မှတ်ခြင်း၊

(စ) လုပ်ငန်းအဖွဲ့များ၏ စုံစမ်းစစ်ဆေးတွေ့ရှိချက် အစီရင်ခံစာများကို လက်ခံစစ်ဆေးဆောင်ရွက်ခြင်း။

### အခန်း (၇)
### ယှဉ်ပြိုင်မှုကို ကန့်သတ်ထိန်းချုပ်သောဆောင်ရွက်ချက်

၁၃။ မည်သူမျှ ယှဉ်ပြိုင်မှုကို ကန့်သတ်ထိန်းချုပ်သော ဆောင်ရွက်ချက်ကို ဖြစ်ပေါ်စေသည့် အောက်ပါဆောင်ရွက်မှုတစ်ခုခုကို မပြုရ -

(က) ဝယ်ယူသည့် ဈေးနှုန်း သို့မဟုတ် ရောင်းချသည့် ဈေးနှုန်း သို့မဟုတ် အခြားကူးသန်းရောင်းဝယ်သည့် အခြေအနေများ၌ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဈေးနှုန်းညှိနှိုင်းသတ်မှတ်ခြင်း၊

(ခ) ဈေးကွက်အတွင်း ယှဉ်ပြိုင်မှုကို ကန့်သတ်ထိန်းချုပ်သည့် သဘောတူညီချက်များပြုလုပ်ခြင်း၊

(ဂ) မိမိ၏ စီးပွားရေးလုပ်ငန်းသည် သက်ဆိုင်ရာဈေးကွက်အတွင်း လွှမ်းမိုးထားနိုင်သည့် အခြေအနေအပေါ် အခွင့်အရေးယူ၍ အလွဲသုံးစားမှုပြုခြင်း၊

(ဃ) တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အဖွဲ့အစည်းကဖြစ်စေ ဈေးကွက် ကန့်သတ်ထိန်းချုပ်မှုကို ဆောင်ရွက်ခြင်း၊

(င) ဈေးကွက် သို့မဟုတ် ထောက်ပံ့မှု အရင်းအမြစ်များကို မျှဝေရန် ကန့်သတ်တားဆီးခြင်း၊

(စ) ထုတ်လုပ်မှု၊ ဈေးကွက်ရရှိမှု၊ နည်းပညာနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်မှု၊ ရင်းနှီးမြှုပ်နှံမှုတို့ကို ကန့်သတ်ခြင်း သို့မဟုတ် ထိန်းချုပ်ခြင်း၊

(ဆ) တင်ဒါ သို့မဟုတ် လေလံဆွဲရာတွင် ညှိနှိုင်းသတ်မှတ်ခြင်း။

၁၄။ ကော်မရှင်သည် ယှဉ်ပြိုင်မှုကို ကန့်သတ်ထိန်းချုပ်သည့် သဘောတူညီချက်များနှင့်စပ်လျဉ်း၍ စားသုံးသူတို့ကို စရိတ်လျော့နည်းစေရန် ရည်ရွယ်ဆောင်ရွက်သည့် အောက်ပါကိစ္စရပ်တစ်ခုခုတွင် အကျုံးဝင်ပါက တိကျသော ကာလတစ်ရပ်သတ်မှတ်၍ ကင်းလွတ်ခွင့်ပြုနိုင်သည် -

(က) လုပ်ငန်းစွမ်းဆောင်ရည်တိုးမြှင့်စေရန် စီးပွားရေးလုပ်ငန်းတစ်ရပ်ရပ်၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းပုံစံတို့ကို ပြုပြင်ပြောင်းလဲခြင်း၊

(ခ) ကုန်စည်နှင့်ဝန်ဆောင်မှု အရည်အသွေးတိုးတက်စေရန် နည်းပညာနှင့် နည်းပညာအဆင့်မြင့်မားမှုကို တိုးတက်စေခြင်း၊

(ဂ) ကွဲပြားသောထုတ်ကုန်အမျိုးမျိုး၏ နည်းပညာဆိုင်ရာ စံချိန်စံညွှန်းများနှင့် အရည်အသွေးအဆင့်အတန်း တစ်ပြေးညီ တိုးတက်စေခြင်း၊

(ဃ) ဈေးနှုန်းနှင့်ဖြစ်စေ၊ ဈေးနှုန်းဆိုင်ရာ အချက်အလက်များနှင့်ဖြစ်စေ သက်ဆိုင်ခြင်းမရှိဘဲ စီးပွားရေးလုပ်ငန်းဆောင်ရွက်ခြင်း၊ ကုန်စည်များဖြန့်ဖြူးခြင်းနှင့် ငွေပေးချေခြင်းကိစ္စများ တစ်ပြေးညီဖြစ်စေခြင်း၊

(င) အသေးစားနှင့် အလတ်စားလုပ်ငန်းများ၏ ယှဉ်ပြိုင်မှုစွမ်းအားကို မြင့်မားစေခြင်း၊

(စ) နိုင်ငံတကာဈေးကွက်တွင် မြန်မာနိုင်ငံစီးပွားရေးလုပ်ငန်းများ၏ ယှဉ်ပြိုင်မှုစွမ်းအားကို မြင့်မားစေခြင်း။

### အခန်း(၈)
### ယှဉ်ပြိုင်မှုတွင် ဈေးကွက် လက်ဝါးကြီးအုပ်ဆောင်ရွက်ခြင်း

၁၅။ မည်သည့်စီးပွားရေး လုပ်ငန်းလုပ်ကိုင်သူမျှ ဈေးကွက်လက်ဝါးကြီးအုပ် ဆောင်ရွက်ခြင်းကို ဖြစ်ပေါ်စေသည့် အောက်ပါဆောင်ရွက်မှုတစ်ခုခုကို မပြုရ-

(က) ကုန်စည်ဝယ်ယူသည့်ဈေးနှုန်း သို့မဟုတ် ကုန်စည်ရောင်းချသည့် ဈေးနှုန်း သို့မဟုတ် ဝန်ဆောင်မှုအတွက် အခကြေးငွေကို ထိန်းချုပ်ထားခြင်း၊

(ခ) ဈေးနှုန်းထိန်းချုပ်ရန် ရည်ရွယ်ချက်ဖြင့် ဝန်ဆောင်မှုကိုဖြစ်စေ၊ ထုတ်လုပ်မှုကိုဖြစ်စေ ကန့်သတ်ခြင်း သို့မဟုတ် ကုန်စည်ဝယ်ယူခြင်း၊ ရောင်းချခြင်းပြုရာတွင် အခွင့်အလမ်းများကို ကန့်သတ်ခြင်း သို့မဟုတ် အခြားစီးပွားရေးလုပ်ငန်း လုပ်ကိုင်သူများက မဖြစ်မနေဆောင်ရွက်ရမည့် စည်းကမ်းချက်များကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း သတ်မှတ်ခြင်း၊

(ဂ) ဝန်ဆောင်မှု၊ ထုတ်လုပ်မှု၊ ဝယ်ယူမှု၊ ဖြန့်ဖြူးမှု၊ လွှဲပြောင်းပေးမှု သို့မဟုတ် တင်သွင်းမှုတို့ကို သင့်လျော်သည့် အကြောင်းပြချက်မရှိဘဲ ဆိုင်းငံ့ထားခြင်း၊ လျှော့ချခြင်း၊ ကန့်သတ်ခြင်း သို့မဟုတ် ဈေးကွက်ဝယ်လိုအားအောက် လျော့နည်းစေရေးအတွက် အရည်အသွေးကို လျှော့ချရန်အလို့ငှာ ကုန်စည်များကို ဖျက်ဆီးခြင်း၊ ပျက်စီးစေရန် ပြုလုပ်ခြင်း၊

(ဃ) အခြားစီးပွားရေးလုပ်ကိုင်သူများကို ဈေးကွက်အတွင်း ဝင်ရောက်မလာနိုင်စေရန်နှင့် ဈေးကွက်ဝေစုကို ထိန်းချုပ်ရန်အလို့ငှာ ကုန်စည်နှင့်ဝန်ဆောင်မှုများ ရောင်းဝယ်ဖောက်ကားမှုပြုရာတွင် နယ်မြေဧရိယာ ထိန်းချုပ်ကန့်သတ်မှုပြုခြင်း၊

(င) အခြားသူ၏ စီးပွားရေးလုပ်ငန်း ဆောင်ရွက်ရာတွင် တရားမျှတမှုမရှိဘဲ ဝင်ရောက်စွက်ဖက်ခြင်း။

၁၆။ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူသည် အခြားစီးပွားရေးလုပ်ငန်းတစ်ခုခု၏ အခြေအနေကိုထိန်းသိမ်းခြင်း သို့မဟုတ် စီးပွားရေးလုပ်ငန်းသစ်တစ်ခု ဖန်တီးခြင်းကို အကျိုးသက်ရောက်မှုရှိစေရန် ကော်မရှင်၏ ခွင့်ပြုချက်ဖြင့် အောက်ဖော်ပြပါ ကိစ္စရပ်များကို ဆောင်ရွက်နိုင်သည် -

(က) အခြားစီးပွားရေးလုပ်ငန်းတစ်ခုခု၏ ထုတ်လုပ်သူ၊ ဖြန့်ဖြူးသူ၊ ပံ့ပိုးကူညီသူတို့နှင့် ပူးပေါင်းဆောင်ရွက်မှုပြုလုပ်ခြင်း၊

(ခ) အခြားစီးပွားရေးလုပ်ငန်းတစ်ခုခု၏ ပိုင်ဆိုင်မှုပစ္စည်းများ သို့မဟုတ် အစုရှယ်ယာများ အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ဝယ်ယူခြင်း။

### အခန်း(၉)
### တရားမျှတမှုမရှိသော ယှဉ်ပြိုင်မှု

၁၇။ ဤဥပဒေအရ တရားမျှတမှုမရှိသော ယှဉ်ပြိုင်မှုအလို့ငှာ ဆောင်ရွက်ချက်တို့မှာ အောက်ပါအတိုင်းဖြစ်သည် -

(က) စားသုံးသူများ အထင်အမြင်လွဲမှားစေရန် ဆောင်ရွက်ခြင်း၊

(ခ) စီးပွားရေးလုပ်ငန်း လျှို့ဝှက်ချက်ကို ပေါက်ကြားစေခြင်း၊

(ဂ) စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူ အချင်းချင်း အနိုင်အထက် ပြုလုပ်ခြင်း၊

(ဃ) အခြားစီးပွားရေးလုပ်ငန်း၏ နာမည်ဂုဏ်သတင်းကို ပျက်ပြားစေခြင်း၊

(င) အခြားစီးပွားရေးလုပ်ငန်း၏ လုပ်ငန်းဆောင်ရွက်မှုကို နှောင့်ယှက်ခြင်း၊

(စ) မျှတမှုမရှိသော ယှဉ်ပြိုင်မှုအလို့ငှာ ကြော်ငြာခြင်းနှင့် အရောင်းမြှင့်တင်ခြင်း၊

(ဆ) စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများအကြား ခွဲခြားဆက်ဆံခြင်း၊

(ဇ) ထုတ်လုပ်မှုကုန်ကျစရိတ်အောက် လျော့နည်းသော ဈေးနှုန်းဖြင့်ဖြစ်စေ၊ ဆိပ်ကမ်းရောက်တန်ဖိုးအောက် လျော့နည်းသော ဈေးနှုန်းဖြင့်ဖြစ်စေ ဈေးကွက်အတွင်းရောင်းချခြင်း၊

(ဈ) မိမိလုပ်ငန်း၏အရှိန်အဝါဩဇာကို အလွဲသုံးစားပြုခြင်း၊ အခြားလုပ်ငန်းများနှင့်သဘောတူစာချုပ် ချုပ်ဆိုထားသူအား စာချုပ်ဖောက်ဖျက်ရန် ဆွဲဆောင်ခြင်း၊ လှုံ့ဆော်ခြင်း၊

(ည) ကော်မရှင်က စားသုံးသူများ၏ အကျိုးအတွက် လိုအပ်သည့်အခါတွင် သတ်မှတ်သည့် ယှဉ်ပြိုင်မှုတွင်မျှတမှုမရှိသော ဆောင်ရွက်ချက်ကို ပြုလုပ်ခြင်း။

၁၈။ မည်သည့်စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူမျှ စားသုံးသူများ အထင်အမြင်လွဲမှားစေသည့် အောက်ပါဆောင်ရွက်မှု တစ်ခုခုကိုမပြုရ -

(က) တရားဝင်မှတ်ပုံတင်ထားသည့် ကုန်စည်အမည်၊ လုပ်ငန်းဆောင်ပုဒ်၊ အမှတ်တံဆိပ်၊ ထုပ်ပိုးမှု၊ ပထဝီဒေသဆိုင်ရာအညွှန်းများနှင့် အခြားအရာများကို အထင်အမြင်လွဲမှားမှုဖြစ်စေသည့် အချက်အလက်များကို အသုံးပြု၍ ယှဉ်ပြိုင်ရန်ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခြင်း၊

(ခ) ပုဒ်မခွဲ(က)ပါ သတင်းအချက်အလက်များကို အသုံးပြု၍ ကုန်စည်ထုတ်လုပ်ခြင်းနှင့် ဝန်ဆောင်မှုပေးခြင်းစသည့် စီးပွားရေးလုပ်ငန်းကို လုပ်ဆောင်ခြင်း။

၁၉။ မည်သည့်စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူမျှ အခြားစီးပွားရေးလုပ်ငန်းတစ်ခုခု၏ လျှို့ဝှက်ချက်များကို ပေါက်ကြားစေခြင်းနှင့်စပ်လျဉ်း၍ အောက်ပါဆောင်ရွက်မှုတစ်ခုခုကို မပြုလုပ်ရ-

(က) စီးပွားရေးလုပ်ငန်းတစ်ခု၏ လျှို့ဝှက်ချက်များ၊ ယင်းလျှို့ဝှက်ချက်နှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များကို ရယူခြင်း၊ စုဆောင်းခြင်းပြုလုပ်ရာတွင် အဆိုပါလျှို့ဝှက်ချက်များကို ဥပဒေအရ ပိုင်ဆိုင်သူများက ကာကွယ်ထားသည့် လုံခြုံရေးဆိုင်ရာ အစီအမံများကို ချိုးဖောက်၍ ဆောင်ရွက်ခြင်း၊

(ခ) စီးပွားရေးလုပ်ငန်းလျှို့ဝှက်ချက်များကို ဥပဒေနှင့်အညီ ပိုင်ဆိုင်သူ၏ တရားဝင်ခွင့်ပြုချက်မရရှိဘဲ အသုံးပြုခြင်း သို့မဟုတ် ဖော်ထုတ်ခြင်း၊

(ဂ) စီးပွားရေးလုပ်ငန်း၏ လျှို့ဝှက်ချက်များ၊ ယင်းလျှို့ဝှက်ချက်နှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များကို ရယူခြင်း၊ စုဆောင်းခြင်း သို့မဟုတ် ဖော်ထုတ်ခြင်းပြုရာတွင် ယင်းလျှို့ဝှက်ချက်ကို ထိန်းသိမ်းရန်တာဝန်ရှိသူ၏ ယုံကြည်မှုရရှိရန် သွေးဆောင်ဖြားယောင်းခြင်း သို့မဟုတ် ယုံကြည်မှုအပေါ် အခွင့်အရေးရယူခြင်း၊

(ဃ) ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ နည်းလမ်းတကျ ဆောင်ရွက်သည့် အခြားပုဂ္ဂိုလ်များ ပိုင်ဆိုင်သော စီးပွားရေးလုပ်ငန်း၏ လျှို့ဝှက်ချက်များ၊ ထုတ်ကုန်ဖြန့်ဖြူးခြင်းများနှင့်ဆိုင်သော လုပ်ငန်းစဉ်များကို ပေါက်ကြားစေခြင်း၊

(င) နိုင်ငံပိုင်အဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသော လုံခြုံမှုဆိုင်ရာအစီအမံများကို ချိုးဖောက်၍ စီးပွားရေးဆိုင်ရာ သတင်းအချက်အလက်များကို ပေါက်ကြားစေခြင်း၊

(စ) ပုဒ်မခွဲ(င)ပါ သတင်းအချက်အလက်များကို အသုံးပြု၍ စီးပွားရေးလုပ်ငန်းကိစ္စအတွက် ဆောင်ရွက်ခြင်း သို့မဟုတ် စီးပွားရေးလုပ်ငန်းလိုင်စင်ရယူရန် လျှောက်ထားခြင်း သို့မဟုတ် ကုန်စည်များ ဖြန့်ဖြူးခြင်း။

၂၀။ မည်သည့်စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူမျှ စားသုံးသူများကိုဖြစ်စေ၊ အခြားစီးပွားရေးလုပ်ငန်းနှင့် တွဲဖက်လုပ်ကိုင်သူများကိုဖြစ်စေ ထိုလုပ်ငန်းနှင့် ဆက်သွယ်ဆောင်ရွက်ခြင်းမပြုရန် သို့မဟုတ် ဆက်သွယ်ဆောင်ရွက်ခြင်းကိုရပ်စဲရန် ခြိမ်းခြောက်၍သော်လည်းကောင်း၊ အတင်းအကျပ် ပြု၍သော်လည်းကောင်း ချုပ်ချယ်မှုပြုလုပ်ခြင်းဖြင့် အနိုင်အထက်မပြုရ။

၂၁။ မည်သည့်စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူမျှ အခြားစီးပွားရေးလုပ်ငန်းများ၏ နာမည်ဂုဏ်သတင်း၊ငွေကြေးဆိုင်ရာ အခြေအနေနှင့် လုပ်ငန်းဆောင်ရွက်မှုများကို ပျက်ပြားစေရန် မမှန်ကန်သော သတင်းများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထုတ်လွှင့်ခြင်းမပြုရ။

၂၂။ မည်သည့်စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူမျှ အခြားစီးပွားရေးလုပ်ငန်းများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ တားဆီးခြင်း သို့မဟုတ် နှောင့်ယှက်ခြင်းမပြုရ။

၂၃။ မည်သည့်စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူမျှ တရားမျှတမှုမရှိသော ယှဉ်ပြိုင်မှုအလို့ငှာ ကြော်ငြာလုပ်ငန်းဆိုင်ရာ အောက်ပါဆောင်ရွက်မှုတစ်ခုခုကို မပြုရ-

(က) စီးပွားရေးလုပ်ငန်းတစ်ခု၏ ကုန်စည်နှင့် ဝန်ဆောင်မှုများကို အခြားစီးပွားရေးလုပ်ငန်းများ၏ အလားတူ ကုန်စည်၊ ဝန်ဆောင်မှုများနှင့် တိုက်ရိုက်နှိုင်းယှဉ်ခြင်း၊

(ခ) သူတစ်ပါး၏ ကုန်စည်နှင့် ဆင်တူယိုးမှားကြော်ငြာခြင်းဖြင့် ကုန်စည်ဝယ်ယူသူတို့ကို သွေးဆောင်ဖြားယောင်းခြင်း၊

(ဂ) အောက်ပါအကြောင်းအချက်များအနက် တစ်ခုခုအပေါ် မှားယွင်းသော သို့မဟုတ် သွေးဆောင်ဖြားယောင်းသော သတင်းအချက်အလက်များကို ကုန်စည်ဝယ်ယူသူများသို့ ထုတ်ပြန်ခြင်း-

(၁) ဈေးနှုန်း၊ ပမာဏ၊ အရည်အသွေး၊ အသုံးဝင်မှုများ၊ ဒီဇိုင်းပုံစံများ၊ အမျိုးအစားများ၊ ထုပ်ပိုးမှုများ၊ ထုတ်လုပ်သည့်ရက်စွဲ၊ ကြာရှည်အသုံးခံမှု၊ မူလအရင်းအမြစ်၊ ထုတ်လုပ်သူများ၊ ထုတ်လုပ်သည့်နေရာများ၊ ပြုပြင်ထုတ်လုပ်သူများ၊ ပြုပြင်ထုတ်လုပ်သည့်နေရာများ၊

(၂) အသုံးပြုပုံ၊ ဝန်ဆောင်မှုပေးပုံ၊ အာမခံကာလ၊

(၃) အခြားမှားယွင်းသော သို့မဟုတ် သွေးဆောင်ဖြားယောင်းသော သတင်းအချက်အလက်များ။

(ဃ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ တားမြစ်ထားသည့်ကြော်ငြာလုပ်ငန်းများ။

၂၄။ မည်သည့်စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူမျှ တရားမျှတမှုမရှိသော ယှဉ်ပြိုင်မှုကို ဖြစ်စေသည့် အောက်ပါဆောင်ရွက်မှုတစ်ခုခုကို မပြုရ-

(က) လိမ်လည်လှည့်ဖြားလိုသော ရည်ရွယ်ချက်ဖြင့် အရောင်းမြှင့်တင်ရန် စည်းရုံးဆောင်ရွက်ခြင်း၊

(ခ) တူညီသော အရောင်းမြှင့်တင်ရေးအစီအစဉ်တွင် ကုန်စည်ဝယ်ယူသူများကို ခွဲခြားဆက်ဆံခြင်း၊

(ဂ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ တားမြစ်ထားသော အရောင်းမြှင့်တင်မှု နည်းလမ်းများကို ကျင့်သုံးဆောင်ရွက်ခြင်း။

၂၅။ မည်သည့်စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူမျှ ခွဲခြားဆက်ဆံခြင်းကို ဖြစ်ပေါ်စေသည့် အောက်ပါဆောင်ရွက်မှုတစ်ခုခုကို မပြုရ -

(က) စီးပွားရေးလုပ်ငန်းတစ်ခုကို မိမိအဖွဲ့အစည်းသို့ ဝင်ရောက်ရန် သတ်မှတ်ထားသော အရည်အချင်းပြည့်မီသော်လည်း ဝင်ခွင့်ပြုရန် ငြင်းဆန်ခြင်းဖြင့်ဖြစ်စေ၊ နုတ်ထွက်ခွင့်ပြုရန် ငြင်းဆန်ခြင်းဖြင့်ဖြစ်စေ ယှဉ်ပြိုင်မှုတွင် အဟန့်အတားဖြစ်စေခြင်း၊

(ခ) စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းတွင် ပါဝင်သော စီးပွားရေးလုပ်ငန်း၏ ရည်ရွယ်ချက်နှင့် လုပ်ဆောင်မှုများကို ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ ကန့်သတ်ခြင်း။

၂၆။ မည်သည့်စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူမျှ မိမိ၏ကုန်စည်ကို ဈေးကွက်အတွင်း ယှဉ်ပြိုင်ရောင်းချရာ၌ အခြားစီးပွားရေးလုပ်ငန်းများ၏ ယှဉ်ပြိုင်နိုင်စွမ်း လျော့နည်းသွားစေရန်ရည်ရွယ်၍ ယင်းကုန်စည်၏ ထုတ်လုပ်မှုကုန်ကျစရိတ်အောက် လျော့နည်းသော ဈေးနှုန်းဖြင့်လည်းကောင်း၊ သွင်းကုန်ဖြစ်ပါကဆိပ်ကမ်းရောက်တန်ဖိုးအောက် လျော့နည်းသော ဈေးနှုန်းဖြင့်လည်းကောင်း ရောင်းချခြင်းမပြုရ။

၂၇။ မည်သည့်စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူမျှ ဈေးကွက်အတွင်း အရှိန်အဝါဩဇာကို အလွဲသုံးစားပြု၍ အောက်ပါဆောင်ရွက်မှုတစ်ခုခုကို မပြုရ-

(က) ယှဉ်ပြိုင်သူများ ဈေးကွက်အတွင်းမှ ထွက်သွားစေရန် အလို့ငှာ ထုတ်လုပ်မှု ကုန်ကျစရိတ်အောက် လျော့နည်းသော ဈေးနှုန်း သို့မဟုတ် ဆိပ်ကမ်းရောက် တန်ဖိုးအောက် လျော့နည်းသော ဈေးနှုန်းဖြင့် ကုန်စည်များရောင်းချခြင်း သို့မဟုတ် ဝန်ဆောင်မှုပေးခြင်း၊

(ခ) ဈေးကွက်ပေါက်ဈေးနှင့် ကိုက်ညီမှုမရှိသော ဈေးနှုန်းဖြင့် ကုန်စည်များရောင်းချခြင်း၊ ဝယ်ယူခြင်း သို့မဟုတ် ဝန်ဆောင်မှုပေးခြင်း သို့မဟုတ် ပြန်လည်ရောင်းချသူများအပေါ် ရောင်းချရမည့်ဈေးနှုန်း သတ်မှတ်ပေးခြင်းဖြင့် စားသုံးသူများကို ထိခိုက်နစ်နာစေခြင်း၊

*(ဆက်လက်ဖော်ပြပါမည်)*

## သတင်းတိုများ

### သောက်သုံးရေပေးဝေနိုင်ရေး ရေစုကန်တည်ဆောက်လျက်ရှိ

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့နယ်အမြင့်ပိုင်းရပ်ကွက်များသို့ သောက်သုံးရေလုံလောက်စွာ ပေးဝေနိုင်ရေးအတွက် ဂါလန် ၅၀၀၀ ဆံ့ ရေစုကန်ကို လွိုင်မြေရပ်ကွက်၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေ ကျပ်သိန်း ၃၀၀ ဖြင့် တည်ဆောက်မည်ဖြစ်ပြီး တည်ဆောက်မည့်နေရာကို ရှင်းလင်းရေးလုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်နေမှုများကို မိုးနဲမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်ကျော်နှင့် မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးမောင်မောင်မြင့်တို့ ဖေဖော်ဝါရီ ၂၄ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

### Exim Bank ချေးငွေစာရင်းဇယားဆိုင်ရာသင်တန်းဖွင့်

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့ သမဝါယမဦးစီးဌာနတွင် Exim Bank ချေးငွေစာရင်းဇယား ရှစ်မျိုးထားရှိရေးသင်တန်းကို ဦးစီးဌာနရုံးခန်းမ၌ ဖေဖော်ဝါရီ ၂၃ ရက်က ဖွင့်လှစ်ရာ ချောင်းဦးမြို့ သမဝါယမဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါ်အိအိဇင်က အမှာစကားပြောကြားပြီး ဦးစီးမှူးများဖြစ်သော ဦးဌေးဝင်းနှင့် ဒေါ်မြင့်မြင့်ချိုတို့က ချောင်းဦးမြို့နယ် သမဝါယမအသင်းဝင် သင်တန်းသား သင်တန်းသူများအား Exim Bank ချေးငွေစာရင်းဇယားရှစ်မျိုးထားရှိရေးအကြောင်းကို ရှင်းလင်းဆွေးနွေးသည်။ သင်တန်းသို့ ချောင်းဦးမြို့ မြို့ပေါ်ရပ်ကွက်ခြောက်ခုနှင့် ကျေးရွာအုပ်စု ၃၂ အုပ်စုမှ သမဝါယမ အသင်းဝင် သင်တန်းသား သင်တန်းသူ ၃၈ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကို သုံးရက်ကြာ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

### ရွေးကောက်ပွဲလုံခြုံရေးဆိုင်ရာ သင်တန်းဖွင့်

၂၀၁၅ ခုနှစ် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေးသင်တန်း အမှတ်စဉ်(၁/၂၀၁၅)ကို ရခိုင်ပြည်နယ် စစ်တွေမြို့ အမှတ်(၄)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ရုံး၏ အစီအစဉ်ဖြင့် အမှတ်(၁၂)လုံခြုံရေးရဲတပ်ဖွဲ့ခွဲ သင်တန်းခန်းမ၌ ဖေဖော်ဝါရီ ၂၃ ရက်က ဖွင့်လှစ်ခဲ့ရာ အမှတ်(၄) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ ခေတ္တကွပ်ကဲရေးမှူး ရဲမှူးကြီးခင်ကျော်၊ စစ်တွေခရိုင်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးဦးသာထွန်းနှင့် တာဝန်ရှိသူများ၊ အမှတ်(၄)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ရုံး၏ ကွပ်ကဲမှုအောက်ရှိ လုံခြုံရေးရဲတပ်ဖွဲ့ခွဲများမှ သင်တန်းသားရဲအရာရှိ ၅၀ တို့ တက်ရောက်ကြသည်။ သင်တန်းတွင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများ၊ ရပ်ကွက်/ကျေးရွာ/မြို့နယ်/ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၏ လုပ်ငန်းလမ်းညွှန်များ၊ နိုင်ငံတကာရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအတွေ့အကြုံများ၊ နီပေါနိုင်ငံတွင်ကျင်းပခဲ့သည့် ရွေးကောက်ပွဲများတွင် လုံခြုံရေးဆောင်ရွက်မှု သင်ခန်းစာဗဟုသုတများနှင့်ပတ်သက်၍ ဆွေးနွေးပို့ချခဲ့ပြီး သင်တန်းကာလမှာ ငါးရက်ဖြစ်ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

# စက်လှေများဖြင့် ဝိုင်ယာရှော့ခ်တိုက်ငါးဖမ်းသူများဖမ်းမိ

**မိုးညှင်း ဖေဖော်ဝါရီ ၂၆**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မိုင်းပုတ်ကျေးရွာအုပ်စု တိန်းဆတ်ကျေးရွာအနီးရှိ နန့်ပုတ်ချောင်းတွင် စက်တပ်မော်တော်လှေငယ်များဖြင့် ဝိုင်ယာရှော့ခ်တိုက်ငါးဖမ်းနေသူ လေးဦးအား ကျေးရွာအုပ်ချုပ်ရေးမှူးက နောက်တစ်ကြိမ် ဝိုင်ယာရှော့ခ်တိုက် ငါးဖမ်းပါက ဥပဒေအရ ထိရောက်စွာ အရေးယူခံရမည်ဖြစ်ကြောင်း အသိပညာပေး ဆုံးမပြောကြားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၂၄ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် ရွှေတွင်းကျေးရွာအုပ်စု ရွှေပြည်မြင့်ကျေးရွာနေ ဆန်းဦး၊ သိန်းအောင်ထွန်း၊ နေလတ်နှင့် ညွန့်လင်းတို့သည် စက်တပ်မော်တော်လှေများဖြင့် ဥရုချောင်းကိုဖြတ်၍ ကချင်ပြည်နယ်အတွင်းရှိ နန့်ပုတ်ချောင်းအတွင်းသို့ ဝိုင်ယာရှော့ခ်တိုက်ငါးဖမ်းရန် ဝင်ရောက်လာခဲ့ပြီး တိန်းဆတ်ကျေးရွာအနီး၌ နာရီဝက်ခန့် ဝိုင်ယာရှော့ခ်တိုက်ငါးဖမ်းဆီးခဲ့ကြောင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက သွားရောက်တားဆီးရာ ဖမ်းမိထားသော ငါးလေးပိဿာခန့်နှင့်အတူ ဝိုင်ယာရှော့ခ်တိုက်ရာတွင် အသုံးပြုသည့် ခုနစ်ကောင်ခွဲအား ၇၀၀၀ ဝပ် ဟွန်ဒါဒိုင်နမိုနှစ်လုံးကို တွေ့ရှိခဲ့သည်။ ၎င်းတို့လေးဦးအား ကျေးရွာအုပ်ချုပ်ရေးမှူးက အသိပညာပေးဟောပြောမှုများပြုလုပ်ပြီး နောက်တစ်ကြိမ် ဝိုင်ယာရှော့ခ်တိုက် ငါးဖမ်းခြင်းပြုလုပ်ပါက ဥပဒေအရထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း သတိပေးပြောကြားကာ ပြန်လွှတ်ပေးခဲ့ကြောင်း သိရသည်။

ယခုအခါ နိုင်ငံနှင့်အဝန်းတွင် သဘာဝငါးသယံဇာတ ပျက်သုဉ်းခြင်းမှ ကာကွယ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ ဝိုင်ယာရှော့ခ်တိုက် ငါးဖမ်းဆီးခြင်း၊ အဆိပ်ဆေးချငါးဖမ်းဆီးခြင်းများ မပြုလုပ်ရန် ပညာပေးအစီအစဉ်များ၊ အရေးယူမှုများ ဆောင်ရွက်လျက်ရှိနေသော်လည်း ကျေးလက်နေပြည်သူအချို့မှာ ဥပဒေကို သိရှိကြခြင်းမရှိသဖြင့် တရားမဝင်နည်းလမ်းများဖြင့် ငါးဖမ်းမှုများပြုလုပ်နေကြဆဲဖြစ်ကြောင်း သိရသည်။

**နီတိုး(မော်လူး)**



# ချင်းပြည်နယ်ထွက် ခရမ်းချဉ်သီးများ ကလေး၊ တမူးနှင့် ဂန့်ဂေါအထိ တင်ပို့ရောင်းချ

**ကလေး ဖေဖော်ဝါရီ ၂၆**

ချင်းပြည်နယ်ထွက် ခရမ်းချဉ်သီးများကို ကလေး၊ တမူးနှင့် ဂန့်ဂေါဒေသများမှ ဝယ်ယူနေသဖြင့် အဆိုပါမြို့နယ်များသို့ အဓိကထားတင်ပို့နေကြပြီး ခရမ်းချဉ်သီးစိုက်ပျိုးသူများ ဈေးကောင်းရလျက်ရှိကြောင်း သိရသည်။

ချင်းပြည်နယ်သည် လွန်ခဲ့သည့် ငါးနှစ်အတွင်း ခရမ်းချဉ်စိုက်ပျိုးနည်းများ အောင်မြင်လာခဲ့ပြီး တစ်နှစ်လျှင်သုံးသီးစားအထိ စိုက်ပျိုးလာကြကြောင်း သိရသည်။ နွေရာသီတွင် မေလ၌စိုက်ပျိုးကာ မိုးရာသီတွင်ဇွန်လ၌စိုက်ပျိုးကြပြီး တစ်ပင်လျှင် သုံးပိဿာကျော်ထွက်ကာ တစ်ဧကလျှင် ပိဿာ ၅၀၀၀ ခန့်ထွက်သည်။ ခရမ်းချဉ်သီးတစ်ပိဿာလျှင် ကလေးဒေသပေါက်ဈေး ငွေကျပ် ၈၀၀ ရှိကြောင်း၊ တမူးဒေသတွင် ငွေကျပ် ၁၀၀၀ နှင့် ဂန့်ဂေါတွင် ငွေကျပ် ၁၂၀၀ ခန့်အထိ ဈေးရနေကြောင်း သိရသည်။

ကလေးဒေသ၌ ခရမ်းချဉ်စိုက်ပျိုးရာတွင် အပင်ထောင်မျိုးများကို အများဆုံးစိုက်ပျိုးပြီး တစ်ဧကလျှင် မျိုးထုပ် လေးထုပ်မှ ငါးထုပ်အထိစိုက်ပျိုးကြကာ မြေဩဇာနှင့် ပိုးသတ်ဆေးအပါအဝင် တစ်ဧကစိုက်ပျိုးစရိတ် ငွေကျပ် ၂၀၀၀၀၀ ဝန်းကျင်ခန့်ကုန်ကျပြီး အမြတ်မှာတစ်ဧကလျှင် ငွေကျပ် ၃၀၀၀၀၀ နီးပါးရှိကြောင်း ခရမ်းချဉ်သီးကိုယ်တိုင်စိုက်ပျိုးရောင်းချသူ လုံပန်းကျေးရွာမှ ဦးဇာလျန်းထန်က ပြောသည်။ ချင်းပြည်နယ်တွင် ခရမ်းချဉ်သီးများကို လုံပန်း၊ ပါရ်သဲ၊ လာသီး၊ ဆင်ဇွန်နှင့် ကူးဇွန်ဒေသများတွင် အများအပြား စိုက်ပျိုးကြကြောင်း သိရသည်။

**သျှင်နေမင်း**



နိုင်ငံတကာအားကစား

# အိမ်ကွင်းမှာ မန်ယူတို့ ရင်ပူရဦးမယ့် ပရီမီယာလိဂ်ပွဲစဉ်(၂၇)

မိုးမြင့်လင်းလက်

ပရီမီယာလိဂ်ပွဲစဉ်(၂၇)ကို ဖေဖော်ဝါရီ ၂၈ ရက် ညပိုင်းမှာ ဆက်လက်ကစားကြမှာဖြစ်ပါတယ်။ ဒီပွဲမှာ ပရိသတ်တွေ စိုးရိမ်ပူပင်စွာနဲ့ စောင့်ကြည့်ရမှာကတော့ ထုံးစံအတိုင်း နာမည်ကြီးမန်ယူတို့ပဲဖြစ်ပြီး အိုးထရက်ဖို့ဒ်မှာ ကစားရမှာဖြစ်ပေမယ့် အစဉ်အလာအရ ပွဲကျပ်ဖြစ်နေပြန်ပါတယ်။ အသင်းငယ်တွေနဲ့ ဆုံတိုင်း နိုင်ပွဲခက်ခက်ခဲခဲနဲ့ ပင်ပန်းကြီးစွာ ရုန်းကန်ရလေ့ရှိတဲ့ မန်ယူဟာ ဒီပွဲမှာလည်း ပရိသတ်တွေအတွက်တော့ ရင်ပူစွာနဲ့ အားပေးရဦးမယ့်ပွဲပါပဲ။

**မန်ယူနှင့် ဆန်းဒါးလန်း**

ဆွမ်ဆီးကို ရှုံးခဲ့လို့ ဝေဖန်မှုတွေ ညံခဲ့တဲ့ မန်ယူဟာ အခုပွဲမှာ ဆန်းဒါးလန်းနဲ့ ဆက်ပြီးရင်ဆိုင်ရဦးမှာမို့ အသက်ရှူမှားအောင် ကစားရဦးမှာ သေချာပါတယ်။ မန်ယူကွင်းမှာ ဆန်းဒါးလန်းတို့က အနိုင်ကစားနိုင်တဲ့ အစဉ်အလာရှိခဲ့ပြီး ဆန်းဒါးလန်းကွင်းမှာဆိုရင်လည်း သရေရလဒ်လောက်ရအောင် ယူနိုင်တဲ့ ခြေစွမ်းရှိပါတယ်။ ဒီပွဲရှုံးရင် ချန်ပီယံလိဂ်ဝင်ခွင့် ထိခိုက်တော့မှာဖြစ်တဲ့ မန်ယူဟာ အစဉ်အလာအရ ရလဒ်တွေကို ချေဖျက်ဖို့အတွက် ဒီပွဲကို အနိုင်ကစားဖို့ အားထုတ်ပါလိမ့်မယ်လို့ ယုံကြည်ပါတယ်။

**ဝက်စ်ဘရွန်းနှင့် ဆောက်သမ်တန်**

ချန်ပီယံလိဂ်ဝင်ခွင့်အတွက် ဆောက်သမ်တန်တို့ ဒီပွဲကို အမှတ်ပြည့်သိမ်းပိုက်ဖို့ပဲ ကြိုးစားမှာဖြစ်ပါတယ်။ တန်းစီဇယား တတိယနေရာမှာ တည်မြဲဖို့အတွက် ဝက်စ်ဘရွန်းကို ဖိအားပေးပြီး ဂိုးသွင်းခွင့်ပေးမှာမဟုတ်ပါဘူး။ ဝက်စ်ဘရွန်းတို့ဟာ ဆောက်သမ်တန်နဲ့ နောက်ဆုံးတွေ့ဆုံခဲ့တဲ့ သုံးပွဲမှာ နိုင်ပွဲမရခဲ့တာမို့ အခုပွဲလည်း အခြေအနေမကောင်းနိုင်ပါဘူး။

**ဘန်လေနှင့် ဆွမ်ဆီး**

မန်ယူကို အနိုင်ယူခဲ့လို့ စိတ်ဓာတ်တက်ကြွနေတဲ့ ဆွမ်ဆီးတို့က ဘန်လေကို အနိမ့်ဆုံးအမှတ်ရအောင် ကြိုးစားပါလိမ့်မယ်။ ဒါပေမယ့် ဘန်လေကွင်းမှာဆိုရင် ရုန်းကန်ရလေ့ရှိတဲ့ ဆွမ်ဆီးဟာ ဘန်လေကို ဂိုးပြတ်နိုင်ဖို့ မလွယ်ပါဘူး။ အကြိုက်က ဘန်လေပါပဲ။

**စတုတ်နှင့် ဟားလ်စီးတီး**

ခြေစွမ်းတူညီနေတဲ့ နှစ်သင်းဖြစ်တာမို့ ဘယ်အသင်း အသာစီးရမလဲကြည့်ရမှာ ဖြစ်ပါတယ်။ စတုတ်တို့က အိမ်ကွင်းမှာဆိုရင် ပြိုင်ဘက်ကို ချေမှုန်းနိုင်တာကြောင့် ဟားလ်စီးတီးတို့ ခက်ခဲပါလိမ့်မယ်။ ပထမအကျော့မှာ စတုတ်တို့က နိုင်ပွဲရရှိအောင် ကြိုးစားနိုင်ခဲ့တာမို့ အခုပွဲလည်း ဟားလ်စီးတီးတို့ အလှည့်မဖြစ်နိုင်ပါဘူး။

**နယူးကာဆယ်နှင့်ဗီလာ**

နယူးကာဆယ်နဲ့ဆုံတိုင်းဗီလာတို့ နိုင်ပွဲမရတာများပါတယ်။ဒါပေမယ့် ခြေစွမ်းကျဆင်းနေတဲ့ နယူးကာဆယ်ဟာ တန်းဆင်းဇုန်ဖိအားရှိနေတဲ့ဗီလာရဲ့ ရုန်းအားကို တောင့်ခံနိုင်မလား ကြည့်ရမှာဖြစ်ပါတယ်။ဒါပေမယ့် ဗီလာကလည်း ဒီပွဲမှာအမှတ်ရအောင် ကြိုးစားမှာမို့ အမှတ်ခွဲယူရနိုင်တဲ့ပွဲဖြစ်သွားနိုင်ပါတယ်။

**ဝက်စ်ဟမ်းနှင့် ပဲလေ့စ်**

ခရစ္စတယ်ပဲလေ့စ်တို့က ပွဲတိုင်း ရလဒ်ကောင်းအောင် ကြိုးစားနေတဲ့ အသင်းဖြစ်ပေမယ့် ဝက်စ်ဟမ်းနဲ့ ဆုံတိုင်း ကံမကောင်းတတ်ပါဘူး။ နည်းပြ အလန်ပါဂျူးကြောင့် အမှတ်တွေရရှိလာတဲ့ ပဲလေ့စ်တို့ဒီပွဲမှာ ဘယ်လိုဗျူဟာနဲ့ အစဉ်အလာမှတ်တမ်းကို ချေဖျက်သွားမယ်ဆိုတာ စိတ်ဝင်စားစရာပါပဲ။ အကြိုက်က ဝက်စ်ဟမ်းဖြစ်ပါတယ်။

## ဒီဂီယာ မန်ယူမှာဆက်ရှိနိုင်ပါ့မလား

ကောင်းမြတ်သူ-စုစည်းသည်



မန်ယူဂိုးသမား ဒေးဗစ်ဒီဂီယာဟာ လက်ရှိအခြေအနေမှာတော့ ပထမဂိုးသမားနေရာရထားတာကြောင့် အသင်းမှာ ဆက်လက်တည်မြဲဖို့ အလားအလာရှိနေပါတယ်။ ဒါပေမယ့်လည်း လက်ရှိစာချုပ်ဟာ လာမယ့်ရာသီကုန်မှာ အဆုံးသတ်တော့မှာ ဖြစ်ပါတယ်။ လက်ရှိစာချုပ်အရ အိုးထရက်ဖို့ဒ်မှာ ၁၈ လ မပြည့်မီမှာပင် ထွက်ခွာသွားရတော့မယ့် အခြေအနေရှိနေပါတယ်။ သူ့ရဲ့ စာချုပ်သက်တမ်းမကုန်မီ ရီးရဲမက်ဒရစ်နည်းပြ အန်ဆယ်လော့တီကလည်းခေါ်ယူဖို့ စိတ်ဝင်စားနေပါတယ်။

ရီးရဲမက်ဒရစ်အသင်းရဲ့ လက်ရှိဂိုးသမား ကာဆီးလက်နဲ့ နဗတ်တို့ အဆင်ပြေမှုရှိနေပေမယ့် မန်ယူရဲ့ လက်ရှိဂိုးသမားဒီဂီယာကို ထပ်မံစာချုပ်နိုင်ခြင်းမရှိဘူးဆိုရင် အရခေါ်ယူတော့မယ့်အနေအထား ရှိပါတယ်။ သို့ပေမယ့် အသက် ၂၄ နှစ်အရွယ်သာရှိသေးတဲ့ ဒီဂီယာကို မန်ယူကစာချုပ်သစ်ချုပ်ဆိုဖို့ အတော်လေးနီးစပ်သွားပြီလို့ သိရပါတယ်။ မန်ယူရဲ့ ဂန္တဝင်ဂိုးသမားကြီး ပီတာရှမိုက်ကယ်ကလည်း ဒီဂီယာကို နှစ်ရှည်စာချုပ်သင့်ပြီလို့ မန်ယူကို တိုက်တွန်းလိုက်ပါတယ်။ ဒီဂီယာဟာ လက်ရှိအခြေအနေမှာတော့ မန်ယူနဲ့ ဆက်လက်တည်မြဲဖို့ သေချာနေတဲ့ အနေအထားရှိပါတယ်။

## မန်ယူမှာဆက်ရှိသင့်တဲ့ နည်းပြဗန်ဟားလ်

နည်းပြဗန်ဟားလ်အနေနဲ့ မန်ယူကို ပြန်လည်တည်ဆောက်ဖို့ ကြိုးစားနေတဲ့သူပါ။ နည်းပြ ဖာဂူဆန် မရှိတဲ့နောက် မန်ယူဟာလည်း အောင်မြင်မှုများ တဖြည်းဖြည်းကျဆင်းခဲ့ရပါတယ်။ အသင်းရဲ့ ပုံမှန်ခြေစွမ်းပြန်ရဖို့ ကြိုးစားရုန်းကန်နေရဆဲပါ။



မန်ယူကို တောင့်တင်းခိုင်မာတဲ့အသင်းကောင်းဖြစ်စေဖို့ ကစားသမားကောင်းတွေ ခေါ်ယူပြီး ကစားကွက် ပြောင်းကစားခဲ့ပေမယ့် ထင်သလောက် အောင်မြင်မှုမရဘဲ ဖြစ်နေပါတယ်။ မန်ယူအသင်းအနေနဲ့ ရာသီကုန်ချိန်မှာ ချန်ပီယံလိဂ်ဝင်ခွင့် နေရာမရခဲ့ဘူးဆိုရင် နည်းပြဗန်ဟားလ်ကို အလုပ်ဖြုတ်ပစ်နိုင်ပါတယ်။ ရာသီကုန်ချိန်မှာ နံပါတ် (၄) နေရာမတက်နိုင်ခဲ့ဘူးဆိုရင်တော့ ဗန်ဟားလ်ကို မန်ယူက အလုပ်ဖြုတ်နိုင်ပါတယ်။ သို့ပေမယ့် ဂယ်ရီနဗီးလ်ကတော့ဗန်ဟားလ်ကိုမန်ယူက အလုပ်မဖြုတ်သင့်ဘူးလို့ ပြောဆိုလိုက်ပါတယ်။ မန်ယူအသင်းအနေနဲ့ နံပါတ်(၄) နေရာမရသည့်တိုင်အောင် ဗန်ဟားလ်ကိုအလုပ်မှ မထုတ်သင့်ဘူးလို့ ဂယ်ရီနဗီးလ်က ကာကွယ်ပြောဆိုလိုက်ပါတယ်။ လက်ရှိအခြေအနေမှာတော့ မန်ယူဟာ နံပါတ်(၄) နေရာမှာ ရှိနေပေမယ့် ဆောက်သမ်တန်၊ လီဗာပူးနဲ့ စပါးတို့က နံပါတ်(၄)နေရာကို ခြိမ်းခြောက်နေပါတယ်။ နည်းပြဗန်ဟားလ်အနေနဲ့ လွန်ခဲ့တဲ့ ငါးပွဲမှာ တစ်ပွဲသာ အရှုံးရှိခဲ့ပေမယ့် ဖိအားပေးမှုတွေနဲ့ ရင်ဆိုင်နေရပါတယ်။



ကြော်ငြာ

KBZ BANK

ကမ္ဘောဇဘဏ်လီမိတက်

# နွားထိုးကြီးမြို့ဘဏ်ခွဲ

# မြောက်ဒဂုံဘဏ်ခွဲ(၂) နှင့်

# ကျောက်မြောင်းဈေးဘဏ်ခွဲ တို့ကို

၂၅.၂.၂၀၁၅ (ဗုဒ္ဓဟူးနေ့)တွင် ဖွင့်လှစ်ပြီးဖြစ်ပါကြောင်းနှင့်
ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း
မိတ်ပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်။

## သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

**နွားထိုးကြီးမြို့ဘဏ်ခွဲ**

အမှတ်(၄၁၆/၄၈၀)၊ မြင်းခြံ-ရေဝန်းလမ်း၊
အမှတ်(၄)ရပ်ကွက်၊ နွားထိုးကြီးမြို့၊
မန္တလေးတိုင်းဒေသကြီး။
ဖုန်း - (၀၆၆) ၈၀၆၇၆၊ ၈၀၆၇၇
ဖက်စ် - (၀၆၆) ၈၀၆၇၉၊ ၈၀၆၈၀

**မြောက်ဒဂုံဘဏ်ခွဲ(၂)**

အမှတ်(၁၄၅)၊ ဗိုလ်မှူးဗထူးလမ်း၊
(၄၂)ရပ်ကွက်၊ ဒဂုံ(မြောက်ပိုင်း)မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - (၀၁) ၈၀၁၁၃၅၁၊ ၈၀၁၁၃၅၂
ဖက်စ် - (၀၁) ၈၀၁၁၃၄၀၊ ၈၀၁၁၃၄၁

**ကျောက်မြောင်းဈေးဘဏ်ခွဲ**

အမှတ်(၂၀၆)၊ ကျိုက္ကဆံလမ်းမ၊
ကျားကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - (၀၁) ၈၆၀၄၄၇၀၊ ၈၆၀၄၄၇၁
ဖက်စ် - (၀၁) ၈၆၀၄၄၆၇၊ ၈၆၀၄၄၆၈

www.kbzbank.com

ကြော်ငြာ


ရွှေနန်းတော် စိန်ရွှေရတနာလုပ်ငန်းစု၏ ပထမဦးဆုံးခြေလှမ်းသစ်
68 RESIDENCE
WE DEFINE LIFESTYLE
68 RESIDENCE CONDOMINIUM
DEVELOPED BY UNITED GP
Development by GOLDEN PALACE
ကမ္ဘာအေးဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်၊ ဘိုးတွားပိုင်မြေ တစ်ဧကပေါ်ရှိ
အထပ်ပေါင်း (၂၇)ထပ်၊ အခန်းပေါင်း (၃၇၅)ခန်းပါရှိမည့် ကမ္ဘာ့အဆင့်ကွန်ဒိုမီနီယံနှင့်
SOMERSET SERVICED RESIDENCE ပါရှိသော
မြန်မာနိုင်ငံ၏ ပထမဦးဆုံး ကမ္ဘာ့အဆင့်အိမ်ရာစီမံကိန်း
5 % Discount
+
Interior Decoration Package with fully furnished facilities
( 5th February - 12th April, 2015) *Terms & Conditions
• မြန်မာနိုင်ငံ၏ ပထမဆုံးသော Infinity Sky Swimming Pool & Garden @ 27th Storey
• မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော Dual Key System Unit များ
• Loe E-Glass System
• Duplex System
• Smart Home System နှင့် Finger Print Access System
More than
84 %
Sold Out
PARTNERS
KBZ BANK
ZONE
SOMERSET
SERVICED RESIDENCE
SOILBUILD
OrangeTee
777Lux GROUP CO., LTD.
CONDOMINIUM LAW
ROOM TYPES SQFT
1 BEDROOM 750 Sqft
2 BEDROOMS 1000 - 1100 Sqft
2 BEDROOMS + STUDY 1200 - 1300 Sqft
3 BEDROOMS + STUDY 1380 - 1580 Sqft
DUPLEX (3 BEDROOMS + 1) 2100 Sqft
DUAL KEY (2 BEDROOMS + 1 BEDROOM) 2100 Sqft
SHOWROOM :
44/A, SAYAR SAN ROAD,BAHAN TOWNSHIP,YANGON, MYANMAR.
01-8604477, 09-4253 10993, 09-730 40513, 09-4500 21758, 09-540 7541, 09-2501 41060

ကြော်ငြာ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ဆေးသိပ္ပံပညာဦးစီးဌာန

**ဆေးသိပ္ပံပညာဦးစီးဌာနအောက်ရှိ တက္ကသိုလ်များမှ ဆေးအကြိုဘာသာရပ်များတွင် လစ်လပ်လျက်ရှိသော နည်းပြ/သရုပ်ပြ (လစာနှုန်း ၉၉၀၀၀-၁၀၀၀-၁၀၄၀၀၀) ရာထူးနေရာများဖြည့်စွက်ခန့်ထားရန် လျှောက်လွှာခေါ်ယူခြင်း**

၁။ ဆေးသိပ္ပံပညာဦးစီးဌာနအောက်ရှိ တက္ကသိုလ်များတွင် ဆေးအကြိုဘာသာရပ်များဖြစ်သော အောက်ဖော်ပြပါဌာနများတွင် လစ်လပ်လျက်ရှိသည့် နည်းပြ/သရုပ်ပြ (လစာနှုန်း ၉၉၀၀၀-၁၀၀၀-၁၀၄၀၀၀)ရာထူးနေရာများ ဖြည့်စွက်ခန့်ထားနိုင်ရန်အတွက် အောက်ပါသတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်ကြောင်း ကြေညာလိုက်သည်။

(က) မြန်မာစာဌာန
(ခ) အင်္ဂလိပ်စာဌာန
(ဂ) ရူပဗေဒဌာန
(ဃ) ဓာတုဗေဒဌာန
(င) ရုက္ခဗေဒဌာန
(စ) သတ္တဗေဒဌာန
(ဆ) သင်္ချာဌာန

၂။ **အရည်အချင်းသတ်မှတ်ချက်**
(က) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) သက်ဆိုင်ရာဘာသာရပ်တွင် M.A/M.Sc ရရှိပြီးသူဖြစ်ရမည်။
(ဂ) လျှောက်လွှာပိတ်သည့် ၁၁-၃-၂၀၁၅ ရက်တွင် အသက် (၃၅)နှစ်ထက် မကျော်သူဖြစ်ရမည်။

၃။ **လျှောက်လွှာတွင် အောက်ပါအချက်အလက်များပါဝင်ရမည်။**
(က) အမည်
(ခ) နိုင်ငံသားစိစစ်ရေးကတ်အမှတ်
(ဂ) မွေးသက္ကရာဇ် (ခုနှစ်၊ လ၊ ရက်)
(ဃ) လူမျိုး/ကိုးကွယ်သည့်ဘာသာ
(င) ဖခင်အမည်/နိုင်ငံသားစိစစ်ရေးကတ်အမှတ်
(စ) ရရှိသည့်ဘွဲ့၊ ခုနှစ်၊ တက္ကသိုလ်
(ဆ) အမြဲတမ်းနေရပ်လိပ်စာနှင့် ဆက်သွယ်ရန်လိပ်စာ
(ဇ) ဖုန်းနံပါတ်

၄။ **လျှောက်လွှာနှင့်အတူ အောက်ပါအချက်အလက်များ ပြည့်စုံစွာ ပူးတွဲပေးပို့ရမည်။**
(က) ဘွဲ့လက်မှတ်မိတ္တူ။
(ခ) အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ။
(ဂ) တာဝန်ကျရာ မည်သည့်တက္ကသိုလ်မဆို သွားရောက်တာဝန်ထမ်းဆောင်နိုင်ပါမည်ဟု ကတိပြုဝန်ခံချက်။
(ဃ) မည်သည့်ဌာနတွင်မှ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးခြင်းမရှိကြောင်းဝန်ခံချက်။
(င) နိုင်ငံရေးကင်းရှင်းကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမှ ထောက်ခံချက်မူရင်း။
(စ) လွန်ခဲ့သည့် (၁)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃)ပုံ။
(ဆ) အလုပ်သမားမှတ်ပုံတင်မူရင်း။
(ဇ) နည်းပြ/သရုပ်ပြအဖြစ် ခန့်ထားခြင်းခံရပါက နိုင်ငံ့တာဝန်အား အနည်းဆုံး (၅) နှစ်တိတိ တာဝန်ထမ်းဆောင်ပါမည်ဖြစ်ကြောင်းနှင့် တာဝန်ထမ်းဆောင်ရန် ပျက်ကွက်ပါက သတ်မှတ်ထားသည့် လျော်ကြေးငွေကျပ်(၄)သိန်းတိတိကို ပေးလျော်မည်ဖြစ်ကြောင်း ကတိပြုဝန်ခံချက်။

၅။ လျှောက်လွှာများကို ၁၁-၃-၂၀၁၅ရက် ၁၆း၀၀ နာရီ နောက်ဆုံးထား၍ ညွှန်ကြားရေးမှူးချုပ်၊ ဆေးသိပ္ပံပညာဦးစီးဌာန၊ ရုံးအမှတ်(၄) (နေပြည်တော်)သို့ လိပ်မူ၍သော်လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်း ပေးပို့လျှောက်ထားနိုင်ပါသည်။

၆။ **အရည်အချင်းသတ်မှတ်ချက်နှင့် မကိုက်ညီသူများ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းများနှင့် မပြည့်စုံသူများ သတ်မှတ်ရက်ထက်နောက်ကျပြီး ရောက်ရှိပေးပို့လာသော လျှောက်လွှာများကို (လုံး၀)လုံး၀ ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။**

၇။ ရေးဖြေစာမေးပွဲကို အောက်ဖော်ပြပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

(၁) **ရေးဖြေစာမေးပွဲ ကျင်းပမည့်ရက်/အချိန် — ဖြေဆိုရမည့်ဘာသာရပ်**
**(က) ၂၁-၃-၂၀၁၅ ရက် (စနေနေ့) ၁၀း၀၀ နာရီမှ ၁၂း၀၀ နာရီ - ကျွမ်းကျင်မှုဘာသာရပ်**
**(ခ) ၂၂-၃-၂၀၁၅ ရက် (တနင်္ဂနွေနေ့) ၁၀း၀၀ နာရီမှ ၁၂း၀၀ နာရီ - (က) မြန်မာစာ (ခ) အင်္ဂလိပ်စာ (ဂ) အထွေထွေဗဟုသုတ**

(၂) **ရေးဖြေစာမေးပွဲပြုလုပ်မည့်နေရာ-**

| **ဘာသာရပ်** | **ဖြေဆိုရမည့်နေရာ** |
|---|---|
| **(က) မြန်မာစာ** | **ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်** |
| **(ခ) အင်္ဂလိပ်စာ** | |
| **(ဂ) ရူပဗေဒ** | |
| **(ဃ) ဓာတုဗေဒ** | |
| **(င) ရုက္ခဗေဒ** | |
| **(စ) သတ္တဗေဒ** | |
| **(ဆ) သင်္ချာ** | |

၈။ ရေးဖြေစာမေးပွဲ ဖြေဆိုခွင့်ကတ်ပြားများကို **ဆေးတက္ကသိုလ် (၁)၊ ရန်ကုန်လမ်းမတော်တွင် ၁၉-၃-၂၀၁၅ ရက်နှင့် ၂၀-၃-၂၀၁၅ ရက်များတွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်ထုတ်ယူရန်ဖြစ်ပါသည်။**

၉။ ရေးဖြေစာမေးပွဲအောင်မြင်သူများကိုသာ လူတွေ့နှုတ်ဖြေစစ်ဆေးမည်ဖြစ်ပါသည်။

၁၀။ လူတွေ့နှုတ်ဖြေစာမေးပွဲကျင်းပမည့်နေ့ရက်ကို ရေးဖြေစာမေးပွဲ အောင်စာရင်းထုတ်ပြန်သည့်အခါ ထည့်သွင်းထုတ်ပြန်မည်ဖြစ်ပါသည်။

၁၁။ အသေးစိတ်သိရှိလိုပါက ဆေးသိပ္ပံပညာဦးစီးဌာန၊ ရုံးအမှတ် (၄)၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၁၂၃၃၊ ၀၆၇-၄၁၁၁၄၈၊ ၀၆၇-၄၁၁၁၄၉၊ Ext -၈၂၆ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်၊ ဇဂျမ်းအုပ်စု၊ ကျောင်းအိုကျေးရွာနေ ဦးအောင်သန်း-ဒေါ်စန်းတို့၏သမီး မညိုတုံး(ခ)မညိုစိန် ၉/တသန(နိုင်)၀၂၉၀၁၇ သည် နာမကျန်းဖြစ်နေသော မိခင်အိုအား ပြောဆိုဆုံးမမှုကို နာခံမှုမရှိဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် အမွေစားအမွေခံသမီးအဖြစ်မှ ရာသက်ပန်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအားလုံးကို လုံးဝသက်ဆိုင်ခြင်းမရှိဘဲ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းနိုင်ပါသည်။)**

## ဘဏ်ပိတ်ရက်ကြော်ငြာ

လွှဲပြောင်းနိုင်သောစာချုပ်စာတမ်းများအက်ဥပဒေအရ ၂၀၁၅ ခုနှစ် မတ်လ ၂ ရက် (တနင်္လာနေ့) ''တောင်သူလယ်သမားနေ့''နှင့် မတ်လ ၄ ရက်နေ့ (ဗုဒ္ဓဟူးနေ့) ''တပေါင်းလပြည့်နေ့''တို့သည် အများပြည်သူ အလုပ်ပိတ်ရက်ဖြစ်ပါသဖြင့် ၎င်းနေ့တွင် ဘဏ်အားလုံးပိတ်ထားလိမ့်မည်ဖြစ်ပါကြောင်း။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

## ပြည်ထဲရေးဝန်ကြီးဌာန
## မြန်မာနိုင်ငံရဲတပ်ဖွဲ့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် အသုံးပြုရန်လိုအပ်သော မီးစက် (350 KVA) (၁)လုံးအား မြန်မာကျပ်ငွေဖြင့် ပြည်တွင်း၌ဝယ်ယူရန် ဈေးနှုန်းတင်သွင်းလွှာ ဖိတ်ခေါ်အပ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါ စတင်ရောင်းချမည့်ရက်မှာ ၅-၃-၂၀၁၅ ရက်မှ ၁၁-၃-၂၀၁၅ရက်အထိ ဖြစ်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ရက်မှာ ၁၃-၃-၂၀၁၅ ရက် မွန်းတည့် ၁၂း၀၀ နာရီဖြစ်ပါသည်။
၄။ အိတ်ဖွင့်တင်ဒါပုံစံများအား တစ်စောင်လျှင် ငွေကျပ် (၅၀၀၀/-)နှုန်းဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရုံးအမှတ် (၄၅)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၅၁၂၊ ၀၆၇-၄၁၂၀၄၅ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။ **ပစ္စည်းဝယ်ယူရေးအဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နည်းပညာတက္ကသိုလ်(သန်လျင်)တွင် စာသင်ခန်းများ၊ Lab ခန်းများနှင့် အိမ်ထောင်သည်လိုင်းများ၊ လမ်းဘေးမီးတိုင်များတွင် တပ်ဆင်အသုံးပြုရန်အတွက် လျှပ်စစ်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့်လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ တင်ဒါပိတ်ရက်မှာ ၂၇-၂-၂၀၁၅ ရက် (သောကြာနေ့) ၁၆း၀၀ နာရီဖြစ်ပါသည်။
၃။ တင်ဒါပုံစံများကို နည်းပညာတက္ကသိုလ်(သန်လျင်) စီမံရေးရာဌာနတွင် ဝယ်ယူနိုင်ပါသည်။
၄။ အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၉-၈၆၀၂၀၅၃ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**
**နည်းပညာတက္ကသိုလ် (သန်လျင်)**
**ဖုန်း-၀၉-၈၆၀၂၀၅၃၊ ၀၉-၂၅၀၆၈၅၄၈၀၊ ၀၉-၄၂၀၁၂၆၂၃၆**

## အသိပေးကြေညာခြင်း

အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်းအတွင်းရှိ ယာဉ်ရပ်နားကွင်းများနှင့် လမ်းများအားအဆင့်မြှင့်တင်ပြီး ကွန်ကရစ်ခင်းခြင်း၊ မြေသားကြမ်းပြင် ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လုပ်ကိုင်နေပါသဖြင့် ကာလကြာရှည်စွာရပ်ထားသော မော်တော်ယာဉ်အမှတ် (၄ခ/၉၅၆၂) (၃ခ/၃၆၅၂)ယာဉ်များ၏ ယာဉ်ပိုင်ရှင်များနှင့် သက်ဆိုင်သူများအနေဖြင့် စည်ပင်သာယာကွပ်ကဲမှုရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၉-၇၉၅၈၉၉၁၁၇၊ ၀၉-၇၉၅၈၉၉၁၁၈ တို့သို့ဖြစ်စေ ဆက်သွယ်အကြောင်းကြားရန်နှင့် မိမိတို့မော်တော်ယာဉ်များအား မိမိအစီအစဉ်ဖြင့် ၂၁-၃-၂၀၁၅ ရက်နေ့ အပြီး ဖယ်ရှားရှင်းလင်းပေးပါရန်၊ ဖယ်ရှားရှင်းလင်းခြင်းမရှိသော မော်တော်ယာဉ်များနှင့် ဆက်သွယ်ခြင်းမရှိသောမော်တော်ယာဉ်များအား ၂၂-၃-၂၀၁၅ ရက်မှစ၍ လွတ်ကင်းသောနေရာသို့ ဖယ်ရှားမည်ဖြစ်ပြီး အပျက်အစီးနှင့် ဆုံးရှုံးနစ်နာမှုအတွက် တာဝန်ယူမည်မဟုတ်ဘဲ ယာဉ်ပိုင်ရှင်များအနေဖြင့် သယ်ယူရွှေ့ပြောင်း ကုန်ကျစရိတ်များအား ပြန်လည်ပေးသွင်းရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**စခန်းကြီးကြပ်မှုကော်မတီ**
**အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်း**

## ဇမ္ဗူသီရိအထူးကုဆေးရုံကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဇမ္ဗူသီရိအထူးကုဆေးရုံကြီး၊ နေပြည်တော်တွင် အသုံးပြုရန်လိုအပ်သော ဓာတ်ရောင်ခြည်ကင်ဆာရောဂါကုသမှုဌာနသုံး စက်ပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ၊ CT Simulator နှင့် ဆက်စပ်ပစ္စည်းများကို ဝယ်ယူလိုပါသည်။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းများကို ၅-၃-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း ဇမ္ဗူသီရိအထူးကုဆေးရုံကြီး၊ အုပ်ချုပ်မှုဌာနတွင်ရယူနိုင်ပြီး ၁၃-၃-၂၀၁၅ ရက် ညနေ ၁၆း၀၀ နာရီ နောက်ဆုံးထား၍ လျှောက်ထားရမည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၂၅၃၃၀၇၄၃၂၊ ၀၆၇-၅၅၀၁၅၁၊ ၀၆၇-၅၅၀၁၅၃ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးအဖွဲ့**
**ဇမ္ဗူသီရိအထူးကုဆေးရုံကြီး**

## လုပ်ငန်းတင်ဒါခေါ်ယူခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ သီရိမင်္ဂလာလမ်း၊ မြို့တော်ဂေါက်ကွင်း၊ ရေကူးကန်စားသောက်ဆိုင်အား အဆင့်မြင့်အဆောက်အအုံတည်ဆောက်မည်ဖြစ်သောကြောင့် စိတ်ဝင်စားပြီး လုပ်ငန်းလုပ်ကိုင်လိုသော ဆောက်လုပ်ရေးလုပ်ငန်းရှင်များ၊ ကုမ္ပဏီများအား ဈေးနှုန်းတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

စိတ်ပါဝင်စားသော ဆောက်လုပ်ရေးလုပ်ငန်းရှင်များ၊ ကုမ္ပဏီများအနေနှင့် ကြော်ငြာပါသည့်ရက်မှစ၍ တစ်ပတ်အတွင်း Company Portfolio နှင့်တကွ တည်ဆောက်ပြီးလုပ်ငန်း နမူနာပုံစံများယူ၍ အောက်ပါလိပ်စာရှိ ရုံးခန်းတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ရေကူးကန်စားသောက်ဆိုင်**
**မြို့တော်ဂေါက်ကွင်း**
**ဖုန်း-၀၉-၅၁၇၀၀၂၁၊ ၀၁-၇၀၃၅၂၄၊ ၀၉-၈၆၃၇၀၅၅**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း၊ သံမဏိစက်ရုံများကြီးကြပ်ရေးဌာနအောက်ရှိ အမှတ် (၁) သံမဏိစက်ရုံ (မြင်းခြံ)ရှိ သက်တမ်းလွန်ယာဉ်ဟောင်း အစိတ်အပိုင်းများဖြုတ်ခြင်းလုပ်ငန်းအား ဆောင်ရွက်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူဆောင်ရွက်လိုပါသည်-

၂။ **တင်ဒါပုံစံစတင်ထုတ်ယူနိုင်မည့်ရက်** - ၂၆-၂-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၆-၃-၂၀၁၅ ရက်၊ ၁၃း၀၀ နာရီ
**တင်ဒါဖွင့်မည့်ရက်နှင့်အချိန်** - ၆-၃-၂၀၁၅ ရက်၊ ၁၃း၁၅ နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပါသည်။

**သံမဏိစက်ရုံများကြီးကြပ်ရေးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း**
**ရုံးအမှတ် (၄၁)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၈၃၄၅**

## မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
## မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတွင် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ အသေးစား နို့ပြုပြင်ထုတ်လုပ်ရေးစက်(၁)မျိုးကို ဝယ်ယူလိုပါသဖြင့် မြန်မာကျပ်ငွေဖြင့် ဈေးနှုန်းအဆိုပြုလွှာတင်သွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်-

| | | |
|---|---|---|
| (က) | Milk Processing Plant (Cooling Tank: 450 L, Batch Pasteurizer: 150 L) (With Accessories) | 10 Sets |

၂။ ဈေးနှုန်းအဆိုပြုလွှာများကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ဖြည့်တင်းရေးနှင့်သိုလှောင်ရေးဌာနစိတ်၊ ရုံးအမှတ် (၃၆)၊ နေပြည်တော်တွင် ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၀၈၁၇၇၊ ၀၉-၅၁၅၂၀၂၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ လုပ်ငန်းများတွင် အသုံးပြုရန်အတွက် လိုအပ်သောပစ္စည်းများကို အောက်ပါအတိုင်းဌာနအရောက် ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| (က) | ဘိလပ်မြေ | (၁၆၈၆၄၄၄) အိတ် |
| (ခ) | ၆၀/၇၀ လမ်းခင်းကတ္တရာ | (၄၀၀၀)တန် |
| (ဂ) | Cold Emulsion | (၃၅၀)တန် |
| (ဃ) | Pump, Motor, Tube Settler, Butterfly Valve & Accessories | (1) Lot |

၂။ ဈေးနှုန်းလွှာပိတ်ရက်မှာ စဉ်(က)မှ (ဂ)ထိ ၁၂-၃-၂၀၁၅ ရက် ၁၆း၀၀ နာရီနှင့် စဉ် (ဃ) ၉-၄-၂၀၁၅ ရက် ၁၆း၀၀ နာရီဖြစ်ပြီး တင်ဒါပုံစံများကို မြို့တော်ခန်းမ(ပထမထပ်) ဘတ်ဂျက်နှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း-၃၈၈၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အတွင်းရေးမှူး**
**ပစ္စည်းဝယ်ယူရေးအဖွဲ့**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
## နည်းပညာတက္ကသိုလ်(တောင်ကြီး)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နည်းပညာတက္ကသိုလ်(တောင်ကြီး) ကျောင်းအဝင်လမ်းမကြီး ကွန်ကရစ်ခင်းခြင်းလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ **တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်** - ၂၈-၂-၂၀၁၅ ရက်
**တင်ဒါစိစစ်ရွေးချယ်မည့်ရက်** - ၃-၃-၂၀၁၅ ရက်

၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများကို နည်းပညာတက္ကသိုလ် (တောင်ကြီး)တွင် ၂၇-၂-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း ရယူနိုင်ပြီး အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**နည်းပညာတက္ကသိုလ် (တောင်ကြီး)**
**ဖုန်း-၀၉-၅၂၁၄၃၇၆၊ ၀၈၁-၂၁၂၇၆၈၅၊ ၀၈၁-၂၁၂၇၆၇၆၊ ၀၉-၂၀၅၇၉၉၇၊ ၀၉-၄၂၈၃၃၅၄၁၈**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်၊ (၂၁၂)ဈေး (ရဲဘော်ဈေး)နေ ကျွန်မဒေါ်အာစမား ၁၃/တကန(နိုင်)၁၅၂၃၈၆ မှ အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်မဒေါ်အာစမားနှင့် (ဦးတင်ငြိမ်း)တို့၏သား မောင်မြင့်နိုင် ၁၃/မယတ(နိုင်)၀၂၀၂၈၇ သည် မိဘအား စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်အောင် အကြိမ်ကြိမ်ပြုမူသည့်အပြင် မိဘ၏ဆိုဆုံးမမှုကိုလည်း မနာခံဘဲ ပြန်လှန်စော်ကားမှုများ အကြိမ်ကြိမ်ပြုလုပ်ခဲ့သဖြင့် ယနေ့မှစ၍ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စမဆို ဖြေရှင်းပေးမည်မဟုတ်ကြောင်းနှင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မိခင်- ဒေါ်အာစမား**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

သထုံမြို့နယ်၊ တောင်စွန်းကျေးရွာ၊ မင်းလမ်းနေ အဖ(ဦးအောင်ငွေ) ၁၀/သထန(နိုင်) ၀၃၈၁၂၄၊ အမိ ဒေါ်တင်ကြည် ၁၀/သထန(နိုင်)၀၁၄၆၄၄ တို့၏သား မောင်ဝင်းမြင့်နိုင် ၁၀/သထန(နိုင်)၀၀၁၆၃၄ သည် မိဘမောင်နှမများအား ဂုဏ်သိက္ခာညှိုးနွမ်းပြီး စိတ်ဆင်းရဲအောင် မိမိဆန္ဒအတိုင်းပြုလုပ်သွားပါသဖြင့် ၎င်းအား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သည့်ကိစ္စအ၀၀ကို လုံး၀တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါ။

**ဒေါ်တင်ကြည်**

ကြော်ငြာ

## ဦးစိုးလှ(ခ)ဦးကြင်

**(မြန်မာ့ဆိပ်ကမ်းအာဏာပိုင်/ငြိမ်း)**

**အသက် (၇၄)နှစ်**

ရန်ကုန်မြို့နေ(ဦးငြိမ်း-ဒေါ်သန်းရှင်)တို့၏ သား၊ (ဦးဖိုးယုံ-ဒေါ်ခင်)တို့၏ သားသမက်၊ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၁)ရပ်ကွက်၊ သုမိတ္တာ ၁၇ လမ်း၊ အမှတ်၆၄၇နေ ဒေါ်သီသီဟန်၊ ဦးစန်းဝင်း-ဒေါ်ဆွေဆွေအေး၊ ဦးအောင်မင်း(ဘုရင့်နောင်ဈေး)-ဒေါက်တာ ဒေါ်မြင့်မြင့်ဝင်း (ပထဝီဌာန၊ ဒဂုံတက္ကသိုလ်)၊ ဒေါ်ဆွေဆွေဝင်း (UAB ဘဏ်)၊ ဒေါ်ဝင်းဝင်းမာ (သချာင်္ဌာန၊ တောင်ငူတက္ကသိုလ်)၊ ဦးသန်းဦး (မြို့တော်စည်ပင်)တို့၏ဖခင်၊ မြေးငါးယောက်တို့၏ အဘိုး၊ (ဒေါ်ခင်ရွှေ-ဟိုတယ်/ခရီး)၏ ချစ်လှစွာသော ခင်ပွန်းသည် ၂၃-၂-၂၀၁၅ရက် (တနင်္လာနေ့) ညနေ ၄း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၂-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁-၃-၂၀၁၅ ရက် (တနင်္ဂနွေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

# ကုသိုလ်ဒါနကောင်းမှုကျေးဇူးဆပ်အမျှပေးဝေခြင်း

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးရှင် (၂၃-၅-၁၉၇၈)

## ဒါယိကာမကြီး ဒေါ်ငွေမြိုင် (၂၇-၂-၂၀၁၁)

## မြင်းခြံ

ကျေးဇူးရှင်ဖခင်ကြီး ဦးရှင်နှင့် မိခင်ကြီး ဒေါ်ငွေမြိုင်တို့အား ကုသိုလ်ကောင်းမှု အထူးရပါစေခြင်းအကျိုးငှာ နေ့စဉ်၊ လစဉ်၊ နှစ်စဉ် အလှူဒါနများပြုလုပ်ခဲ့ပြီး ၁-၃-၂၀၁၅ ရက် (တနင်္ဂနွေနေ့)တွင် ရွှေပြည်သာမြို့နယ်၊ ရတနာပန်းကုံးပရိယတ္တိစာသင်တိုက်တွင် သံဃာတော်အရှင်သူမြတ် (၂၀၀)ပါးတို့အား အရုဏ်ဆွမ်း၊ နေ့ဆွမ်းဆက်ကပ်လှူဒါန်းရသော ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်ကောင်းမှုအစုစုတို့ကို အမျှပေးဝေပါသည်။ ကျေးဇူးရှင် မိဘနှစ်ပါးတို့သည် မြင့်မြတ်သောဘုံဘဝမှ မိသားစုနှင့်ထပ်တူထပ်မျှ သာဓုခေါ်ဆိုနိုင်ပါစေ....။

**သားသမီးများ-ဦးခင်မောင်ဝင်း၊ ဒေါ်ယုယုငယ်၊**
**ဦးစိန်ထွန်းဝင်း၊ ဒေါ်ခင်ချိုကြည်၊**
**ဦးဖိုးကျား၊ ဒေါ်ခင်မြဝင်းနှင့်မြေးများ**

---

# အသိပေးကြေညာခြင်း

**နိုင်ငံတော်သြဝါဒါစရိယ၊ အဂ္ဂမဟာပဏ္ဍိတ၊ နရမ်းနိကာယ ဂဏာဓိပတိ၊ ဂဏပါမောက္ခ ဖြစ်တော်မူသော သက်တော်(၈၅)နှစ်၊ သိက္ခာတော်(၇၅)ဝါရှိ ဘဒ္ဒန္တ သာဂရ** သက်တော်ရှည်ဆရာတော်ကြီး၏ အန္တိမအဂ္ဂိစျာပနပွဲတော်အခမ်းအနားကို ၁၃၇၆ ခု ရခိုင်ပထမတာကူးလပြည့်ကျော် ၂၊ ၃၊ ၄ ရက် ဇပြီ ၅၊ ၆၊ ၇ ရက်များတွင် ဆင်အလိမ္မာ မနန်းစိုးက ပန်းကြာကလာပ်ပေါ်မှ ကရဝိက်ဆွဲတလားဖြင့်ပင့်ဆောင်ပြီး ဘောလုံး၊ ပိုက်ကျော်ခြင်း၊ ကုန်းပြိုင်လောင်း၊ ကျွဲတိုက်ပွဲစသော ကြည့်ချင်ဖွယ် ပျော်ပွဲ၊ ရွှင်ပွဲများနှင့် ညပွဲအဖြစ် ရတနာသန်းအောင် အဆင့်မြင့်ဇာတ်သဘင်ဖြင့် သုံးညတိုင်တိုင် ဖြေဖျော်ကပြ ပူဇော်သွားမည်ဖြစ်ပါကြောင်းကို အသိပေးကြေညာအပ်ပါသည်။

**ဈာပနဖြစ်မြောက်ရေးကော်မတီ**
**ပရိယတ္တိတက္ကသိုလ်ကျောင်းတိုက်၊ ပန်းမြောင်း၊ မင်းပြားမြို့နယ်၊ ရခိုင်ပြည်နယ်**

---

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တပဏ္ဍိစ္စ (မြိတ်)

**သက်တော်(၈၂)နှစ်၊ သိက္ခာတော်(၇၃)ဝါ**

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ ဝတ်တိုက်ကျောင်းဂိုဏ်းနှင့် ရွှေကျောင်းဂိုဏ်းတို့၏ ဦးစီးနာယကဖြစ်သော သဘွတ်ကျောင်းကြီးတိုက်၏ဦးစီးပဓာန နာယက ဆရာတော်ကြီးသည် (၁၃၇၆ခုနှစ် တပေါင်းလဆန်း ၆ရက်) ၂၃-၂-၂၀၁၅ရက် ညနေ ၅း၅၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်တော်ကို (၁၃၇၆ခုနှစ် တန်ခူးလဆန်း ၆ရက်) ၂၅-၃-၂၀၁၅ရက်တွင် သဘွတ်ကျေးရွာကျောင်းကြီးတိုက်၌ အန္တိမအဂ္ဂိစျာပနပူဇော်ပွဲကို ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**သဘွတ်ကျေးရွာ**
**တပည့်ဒါယကာ၊ ဒါယိကာမများ**

---

## ဒေါက်တာ ဦးသိန်းညွန့် (ဆမ-၁၄)

**ဒု/ညွှန်ချုပ်(ငြိမ်း)၊ ကျန်းမာရေးဦးစီးဌာန**

**အသက်(၉၀)**

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ မဟာဗန္ဓုလပန်းခြံလမ်းနေ (ဦးကျင်မင်း-ဒေါ်အေးကြည်)တို့၏သား၊ ဦးစိုးတင့်-ဒေါ်မြင့်မြင့်ရီတို့၏ဖခင်၊ Mr. Michael Dorsch-ဒေါက်တာညိုညိုမြင့်(UK)၊ ဗိုလ်မှူးငြိမ်းချမ်းစိုး(ငြိမ်း)-ဒေါက်တာဖြူဖြူတင့်(နား၊ နှာခေါင်း၊ လည်ချောင်းအထူးကု၊ စဝ်စံထွန်းပြည်သူ့ဆေးရုံကြီး)၊ ဗိုလ်ကြီးဇေယျာလင်း(ပလသ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ အားကစားအုပ်ချုပ်သူအရာရှိ)-ဒေါ်ဝါဝါတင့် (Teacher I.L.B.C) တို့၏အဘိုးသည် ၂၃-၂-၂၀၁၅ရက်(တနင်္လာနေ့) နံနက် ၈း၁၅နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၅-၂-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁-၃-၂၀၁၅ရက်(တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဗိုလ်ကြီးကျော်အေး (ငြိမ်း) (ကြည်း-၁၄၆၀၉)

**လွှတ်လပ်ရေးမော်ကွန်းဝင်-ဒုတိယဆင့်**

**နာယက(ရှင်ရဲထွဋ်-ကုမ္ပဏီများအုပ်စု)**

**အသက်(၈၈)နှစ်**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့နယ်၊ ပင်ကတိုင်းကျေးရွာနေ(ဦးစံကို-ဒေါ်သဲ)တို့၏သား၊ ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နယ်နေ(ဦးဘဖြူ-ဒေါ်မြရွှေ)တို့၏သားသမက်၊ (ဒေါ်တင်တင်)၏ချစ်လှစွာသောခင်ပွန်း၊ (ဒေါ်သန်းနွဲ့)၊ ဒေါက်တာ ဦးရဲအောင်(BDS.Ygn)(ရှင်ရဲထွဋ်ကုမ္ပဏီ)-ဒေါ်သန်းသန်းဌေး၊ ဦးရဲနောင် (ရှင်ရဲထွဋ် ကုမ္ပဏီ)-ဒေါ်စန်းယုမော်၊ ဦးတင်မြင့်(ရှင်ရဲထွဋ်ကုမ္ပဏီ)-ဒေါ်ဘေဘီ(ပုလဲဖြူစတိုး)-ဦးခင်မောင်စိုး(အင်ဂျင်နီယာ)-ဒေါ်ဘေစီ၊ ဦးမြင့်စိန် (ရှင်ရဲထွဋ်ကုမ္ပဏီ)-ဒေါ်ဘေစီနွဲ့၊ ဦးရဲထွဋ် (Chairman ရှင်ရဲထွဋ်ကုမ္ပဏီ)- ဒေါ်ဥမ္မာစိုး(ခ)ဒေါ်မေပုလဲ၊ ဦးအောင်ဆန်း ဦး(2nd Shipping Engineer)-ဒေါ်အေမီကျော်အေး(ရှင်ရဲထွဋ်ကုမ္ပဏီ)၊ ဒေါ်သီဂီကျော်အေး(ရှင်ရဲထွဋ်ကုမ္ပဏီ)၊ ဒေါ်စုစုစံ(ခ)ဒေါ်တင်မာဝေ(ရှင်ရဲထွဋ်ကုမ္ပဏီ)၊ ဦးရဲကျော်(ရှင်ရဲထွဋ်ကုမ္ပဏီ)-ဒေါ်မေမြတ်သူတို့၏ ချစ်လှစွာသောဖခင်၊ မြေး ၁၅ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၂၄-၂-၂၀၁၅ရက်(အင်္ဂါနေ့) နံနက် ၉း၂၀နာရီတွင် ကမ္ဘာအေးဘုရားလမ်း၊ ပုလဲကွန်ဒို(C)ဆောင်(ကိုးလွှာ)၊ အခန်း ၉၀၁၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၂-၂၀၁၅ရက် (ကြာသပတေးနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ အထက်ပါနေအိမ်သို့ ၂-၃-၂၀၁၅ရက် (တနင်္လာနေ့) တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

## ဒေါ်သန်းနု

**B.Ecom(stats)1971**

**လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန**

**အသက်(၆၇)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဖျာပုံလမ်း၊ တိုက်အမှတ် ၂၊ ပထမထပ်နေ (ဦးညွန့်မောင်-ဒေါ်ထွေး)တို့၏သမီးကြီး၊ (ဦးထွေး-ဒေါ်ခင်ညွန့်)တို့၏သမီးချွေးမ၊ ဦးတင်ထွန်း(လ/ထညွှန်မှူး-ငြိမ်း၊ ဟိုတယ်/ခရီးဝန်ကြီးဌာန)၏ချစ်လှစွာသောဇနီး၊ ကိုသိန်းသန်းလှိုင်၊ ကိုရဲမင်းလှိုင်၊ ကိုမင်းသူထွန်းတို့၏မိခင်သည် ၂၅-၂-၂၀၁၅ရက် နံနက် ၁း၄၅နာရီတွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၂-၂၀၁၅ရက်(သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

(အထက်ပါနေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

# အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးအေးထိုက်လွင်

**ဦးစီးအရာရှိ၊ ဆည်မြောင်းဦးစီးဌာန၊ တိုက်ကြီးမြို့**

**အသက်(၅၉)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊တိုက်ကြီးမြို့၊ဆည်မြောင်းဝင်းနေ (ဒေါ်တင်ရီ)၏ခင်ပွန်း ဦးအေးထိုက်လွင် အသက်(၅၉)နှစ်သည် ၂၄-၂-၂၀၁၅ ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းမိသားစု**
**ဆည်မြောင်းဦးစီးဌာန၊ သန်လျင်မြို့**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဦးဖေတင်**

**အသက် (၈၉)နှစ်**

ဗိုလ်မှူးချုပ်မောင်မောင်-ဒေါ်ဘေဘီဝင်းတို့၏ဖခင် ဦးဖေတင်သည် ၁၅-၂-၂၀၁၅ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုများနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ် အမှတ်စဉ်(၂၇)မှ သူငယ်ချင်းများနှင့်**
**မိသားစုများ**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်သိန်းကြည်**

**အသက် (၈၀)**

ရန်ကုန်မြို့နေ ဗိုလ်ကြီးခင်မျိုး(ငြိမ်း)-ဒေါ်မြင့်မြင့်သန်းတို့၏မိခင် ဒေါ်သိန်းကြည်သည် ၂၁-၂-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုများနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ် အမှတ်စဉ် (၂၇)မှ သူငယ်ချင်းများနှင့်**
**မိသားစုများ**

---

## ဝမ်းနည်းကြေကွဲခြင်း

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ ရပ်ကွက်(၂)၊ ချမ်းမြေ့သာလမ်း၊ အိမ်အမှတ်(၄၉/၁၁၄)နေ ဦးအောင်ကျော်မင်း(ညွှန်ကြားရေးမှူး-ငြိမ်း)(ကျေးလက်ဦးစီးဌာန-ရှမ်းပြည်နယ်)-ဒေါ်နန်းလင်းသီတို့၏ သားထွေး မောင်ကေမင်းထက် အသက်(၂၁)နှစ်သည် ၂၁-၂-၂၀၁၅ ရက် (စနေနေ့) ည ၁၁း၀၀ နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမိသားစု၊ တောင်ကြီး**

---

## ဝမ်းနည်းကြေကွဲခြင်း

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ ရပ်ကွက်(၂)၊ ချမ်းမြေ့သာလမ်း၊ အိမ်အမှတ် ၄၉/၁၁၄ နေ ဦးအောင်ကျော်မင်း (ညွှန်ကြားရေးမှူး-ငြိမ်း)(ကျေးလက်ဦးစီးဌာန-ရှမ်းပြည်နယ်)-ဒေါ်နန်းလင်းသီတို့၏ သားထွေး မောင်ကေမင်းထက် အသက်(၂၁)နှစ်သည် ၂၁-၂-၂၀၁၅ ရက် (စနေနေ့) ည ၁၁း၀၀နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ကယားပြည်နယ်စည်ပင်သာယာရေးအဖွဲ့**

---

## ဝမ်းနည်းကြေကွဲခြင်း

ဦးအောင်ကျော်မင်း(ညွှန်ကြားရေးမှူး-ငြိမ်း)(ကျေးလက်ဦးစီးဌာန-ရှမ်းပြည်နယ်)-ဒေါ်နန်းလင်းသီတို့၏ သားထွေး မောင်ကေမင်းထက် အသက်(၂၁)နှစ်သည် ၂၁-၂-၂၀၁၅ရက် ည ၁၁ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဒေါ်နန်းစိုးစိုးဟတ်(ကညန၊ ကယားပြည်နယ်)**
**ဒေါက်တာအေးသီတာ(ကွန်ပျူတာတက္ကသိုလ်၊ မန္တလေး)**
**နေမင်း(ခေတ္တ ဖယ်ခုံ)**
**ဒေါ်ဝါဝါမြင့်(ကျောင်းအုပ်ကြီး၊ ပုသိမ်ကလေးပြုစုရေး)**
**ဒေါ်နန်းတင်တင်အေး(ကျန်းမာရေး-ငြိမ်း၊ ခေတ္တပေါင်းလောင်း)**
**ဒေါ်ကေသွယ်မျိုးမြင့်(အိုးအိမ်ဦးစီးဌာန၊ ကယားပြည်နယ်)**
**ဒေါ်မြင့်သန်းဦး(လှိုင်ကော်ခရိုင် ပြန်/ဆက်)**

---

## ချင်းတွင်းအသင်း(ရန်ကုန်)

## အထူးဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်မြို့၊ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၃၄)ရပ်ကွက်၊ ယမနေ(၄)လမ်း၊ အမှတ်(၆၉၄)နေ ချင်းတွင်းအသင်းဝင် ဒေါ်စိန်စိန်(ရင်းပန်း၊ မုံရွာ)သည် ၁၉-၂-၂၀၁၅ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**အလုပ်အမှုဆောင်အဖွဲ့**

---

# အထူးဝမ်းနည်းကြေကွဲခြင်း

## ဗိုလ်မှူးကြီး မောင်မောင်လေး(ငြိမ်း)

## ပြုပြင်ထိန်းသိမ်းရေးလေတပ်စခန်းမှူး(ငြိမ်း)၊

## မင်္ဂလာဒုံ

## သံအမတ်ကြီး(ငြိမ်း)

ဦးဘုန်းမြင့်ရွှေ (Air KBZ)-ဒေါ်အေးမြင့်ဦးတို့၏ဖခင် ဗိုလ်မှူးကြီးမောင်မောင်လေး(ငြိမ်း)သည် ၁၆-၂-၂၀၁၅ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌ၊ အမှုဆောင်အရာရှိချုပ်နှင့် ဒါရိုက်တာအဖွဲ့ဝင်များ**

**MAI-In-Flight Catering Services**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်မှူးမောင်မောင်ကြည်(လေ)(ငြိမ်း)**

**လေ-၁၃၅၅၊ လေယာဉ်မှူးကြီး(ငြိမ်း)၊ မြန်မာ့လေကြောင်း**

**အသက်(၇၉)နှစ်**

ဒေါက်တာဦးသန်းဇော်မြင့်(ဆေးသိပ္ပံပညာဦးစီးဌာန)-ဒေါက်တာဒေါ်ဝင်းမာ (တွဲဖက်ပါမောက္ခ၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်)တို့၏ဖခင် ဗိုလ်မှူးမောင်မောင်ကြည်(လေ)(ငြိမ်း) (လေ-၁၃၅၅)၊ လေယာဉ်မှူးကြီး(ငြိမ်း)၊ (မြန်မာ့လေကြောင်း)သည် ၁၅-၂-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဆေးဝါးတက္ကသိုလ်၊ မန္တလေး၊ မိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘဘ ဦးအောင်ကျော်မင်း-ဒေါ်နန်းလင်းသီတို့၏ သားထွေး မောင်ကေမင်းထက် အသက်(၂၁)နှစ်သည် ၂၁-၂-၂၀၁၅ရက် (စနေနေ့) ည ၁၁း၀၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**18 Batch မှ သူနာပြုသင်တန်းသူ/သားများ**
**စစ်တွေမြို့**

---

# အထူးဝမ်းနည်းကြေကွဲခြင်း

## မောင်ကေမင်းထက်

**အသက်(၂၁)နှစ်**

ဗိုလ်မှူးကြီးအောင်ကျော်မင်း(ငြိမ်း)-ဒေါ်နန်းလင်းသီတို့၏ ချစ်လှစွာသော သားငယ်လေး မောင်ကေမင်းထက်(ခ)ကေကေသည် ၂၁-၂-၂၀၁၅ ရက် ည ၁၁း၀၀ နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဘားအံသူနာပြုနှင့် သားဖွားသင်တန်းကျောင်းမှ**
**ဆရာများနှင့် ကျောင်းသား/သူများ**

---

# အထူးဝမ်းနည်းကြေကွဲခြင်း

## မောင်ကေမင်းထက်

**အသက်(၂၁)နှစ်**

ဦးအောင်ကျော်မင်း(ညွှန်ကြားရေးမှူး-ငြိမ်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရှမ်းပြည်နယ်)-ဒေါ်နန်းလင်းသီတို့၏ ချစ်လှစွာသောသားထွေး မောင်ကေမင်းထက်သည် ၂၁-၂-၂၀၁၅ ရက် (စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဒေါ်စန်းစန်းလွင်(လ/ထညွှန်မှူး၊ ရန်ကုန်တောင်ပိုင်းခရိုင်ကျေးလက်)**
**ရန်ကုန်တိုင်းဒေသကြီးမှ ဦးစီးအရာရှိတပည့်များ-**
**ဒေါ်ခင်ခင်သိန်း၊ ဒေါ်ဥမ္မာရွှေ၊ ဒေါ်ခင်နှင်းချို၊ ဒေါ်သန္တာစိုး၊ ဒေါ်စိုးစိုးသန်း၊**
**ဒေါ်ခင်ငြိမ်းမွန်၊ ဒေါ်လေးလေးမြင့်**

# ကြက်ငှက်တုပ်ကွေး ရောဂါဖြစ်ပွားမှု သတင်းထုတ်ပြန်ချက်

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ် ကြက်မွေးမြူရေးဇုန်အတွင်းရှိ ကြက်/ငုံး မွေးမြူရေးခြံများတွင် (၁၀-၂-၁၅)ရက်မှစ၍ ကြက်/ငုံးများစတင်သေဆုံးခဲ့သောကြောင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဓာတ်ခွဲခန်းများတွင် စစ်ဆေးခဲ့ရာ H5N1 ဗိုင်းရပ်စ်ပိုးဖြစ်ကြောင်းအတည်ပြုနိုင်ခဲ့ပြီးနောက် ရောဂါဖြစ်ပွားမှုအား လျင်မြန်စွာထိန်းချုပ်နိုင်ရန်အတွက် ဦးစီးဌာနမှရောဂါဖြစ်ပွားနေသည့် ကြက်များအားသုတ်သင်ခြင်း၊ ဇီဝလုံခြုံရေးအားပိုမိုမြှင့်တင်ဆောင်ရွက်ခြင်း၊ ပညာပေးရေးဟောပြောပွဲများပြုလုပ်ခြင်းများအား စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် ထိုသို့သောဖြစ်ပွားမှုမျိုးအား အခြားသောတိုင်းဒေသကြီး/ပြည်နယ်များတွင် ကြက်ငှက်များတွင်သာမက လူသို့ကူးစက်မှုမရှိစေရန်အတွက် အောက်ပါအချက်အလက်များအား လိုက်နာဆောင်ရွက်ကြရန် ဖြစ်ပါသည်။

(က) ဆောင်းခိုငှက်များနှင့်အိမ်မွေး ကြက်၊ ငှက်၊ ဘဲ၊ ငုံးများဆက်စပ်ထိတွေ့မှုမရှိစေရေး ဂရုပြုဆောင်ရွက်ရန်။

(ခ) ကြက်၊ ဘဲ၊ ငုံးစသည့်ကြက်ငှက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံရေးကို အထူးဂရုပြုဆောင်ရွက်ရန်။

(ဂ) ကြက်ငှက်မွေးမြူရေးခြံများနှင့် ကြက်ဘဲအရှင်ဈေးကွက်များတွင် ပိုးသတ်သန့်စင်ခြင်းလုပ်ငန်းကို စနစ်တကျဆောင်ရွက်ရန်နှင့် ခြံပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် မွေးမြူရေးခြံသုံး ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ရန်။

(ဃ) ကြက်ခြံအတွင်းသို့ဝင်ပါက နှာခေါင်းစည်း၊ လက်အိတ်စသည့် အကာအကွယ်ပစ္စည်းများစနစ်တကျဝတ်ဆင်ရန်၊ ကြက်ငှက်များကို ကိုင်တွယ်ပြီးတိုင်း၊ ကြက်ခြံမှထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့်လက်ဆေးခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေး ပြုလုပ်ခြင်းများဆောင်ရွက်ရန်။

(င) ကြက်ငှက်အသား၊ ဥစသည်တို့ကို သေချာစွာချက်ပြုတ်ပြီးမှ စားသုံးရန်။

(စ) ကြက်ငှက်များ ရုတ်တရက်သေဆုံးကြောင်းသိရှိရပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့သို့ ချက်ချင်းသတင်းပို့ရန်။

(ဆ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**

## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင်မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်းမပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

## သင့်သွေးဖြင့် အသက်ကယ်ပါ

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်တင်ညွှန့် (မန္တလေး)
အသက်(၉၃)နှစ်

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ (၂၃)ရပ်ကွက်၊ ကျွန်းရွှေမြိုင်လမ်း၊ အမှတ် ၁၂၈/၆ နေ(ဦးလှ-ဒေါ်အမ)တို့၏သမီး၊ (ဦးမောင်ကို)၏ဇနီး၊ ဦးထွန်းနွယ်-ဒေါ်မြင့်မြင့်ကြည်၊ (ဦးကျော်တင့်)-ဒေါ်ကြွေကြွေ၊ ဦးရဲမြင့်-ဒေါ်ညွှန့်ညွှန့်ဝေ၊ ဦးကျော်လှိုင်-ဒေါ်မြင့်မြင့်မူ၊ ဦးအုန်းကျော်-ဒေါ်တင်ယုဆွေ၊ (ဦးမောင်မောင်နောင်း)-ဒေါ်ငြိမ်းငြိမ်းဇင်တို့၏မိခင်ကြီး၊ မြေး ၁၈ယောက်၊ မြစ်ကိုးယောက်တို့၏ ဘွားဘွားကြီးသည် ၂၅-၂-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅း၄၅နာရီတွင် Green Cross ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၂-၂၀၁၅ရက်(သောကြာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁-၃-၂၀၁၅ရက်(တနင်္ဂနွေနေ့)နံနက် ၁၁နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်စိန်မျှင် (မော်လမြိုင်)
ကျိုက်သုတ်စေတီတော်ပန်းသီအဖွဲ့ဝင်
အသက်(၈၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ တိုက်အမှတ် (T1A.001)၊ ဓာတိကအိမ်ရာအပိုင်း(၂)နေ (ဦးထွန်းရင်-ဒေါ်ပန်းအုံ)တို့၏သမီး၊ မော်လမြိုင်မြို့နေ ဦးအေးတင်၏ညီမ၊ (ဦးစံသွင်)၏ဇနီး၊ ဦးမျိုးသန်း (အတွင်းရေးမှူး၊ ငွေးကြွယ် ရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်) - ဒေါ်သန်းသန်းမြင့် (အလပြ၊ ငြိမ်း၊ အမက-၁၊ သဃ်္ဃန်းကျွန်း)၊ ဦးဝင်းမြင့်-ဒေါ်အေးအေးဆင့်၊ ဒေါ်သန်းသန်းငွေ(အလပြ၊ ငြိမ်း၊ အလက-၅၊ မော်လမြိုင်)၊ ဦးဝင်းအောင်-ဒေါ်ထွေးထွေးချို(လူငယ်စတိုး-သထုံ)၊ ဦးတင့်လွင်-(ဒေါ်သန်းသန်းဝေ)၊ ဒေါ်ခင်အေးမော် (အထက-၄၊ သဃ်္ဃန်းကျွန်း)၊ ဦးအောင်ထူးမြင့်-ဒေါ်ညွှန့်ညွှန့်ဝေ၊ ဦးသန့်ဇော်(JCS Auto-motion Co.,Ltd)-ဒေါ်ခင်မို့မို့စံ၊ ဦးသန်းစိုး(Suntac Technologies Co.,Ltd)-ဒေါ်အိအိဝင်း(မြန်မာ့ရှေ့ဆောင်ဘဏ်)တို့၏မိခင်၊ မြေး ၁၆ယောက်၊မြစ်သုံးယောက်တို့၏အဘွားသည် ၂၅-၂-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၃း၁၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၇-၂-၂၀၁၅ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
### ဒေါက်တာ ဦးအောင်ကျော်ညွှန့်
တွဲဖက်ပါမောက္ခ(ငြိမ်း)
အသည်းအထူးကုဆရာဝန်ကြီး
အသက်(၆၆)နှစ်

မန္တလေးမြို့၊ မဟာမြိုင်အပိုင်း(၂)၊ အမှတ်(ပ-၃/၁၄)နေ ဒေါ်နော်လေးလီယံ၏ခင်ပွန်း ဆရာကြီး တွဲဖက်ပါမောက္ခ ဒေါက်တာဦးအောင်ကျော်ညွှန့် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဆရာကြီးကောင်းရာ သုဂတိသို့လားပါစေ---

**Myanmar GI and Lives Society**
**မိသားစု**

အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါက်တာကျော်ကျော်ငွေး
အသက်(၄၄)နှစ်

ရန်ကုန်မြို့၊ ဗိုလ်မြတ်ထွန်းလမ်း၊ အမှတ် ၁၉၁၊ ငါးလွှာနေ ဒေါက်တာဒေါ်ခင်စန္ဒာ၏ချစ်လှစွာသောခင်ပွန်းသည် ၂၂-၂-၂၀၁၅ရက်(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဌာနမှူး၊ ပါမောက္ခ**
**ဆေးလက်တွေ့ပါရဂူသင်တန်းသားများနှင့် ဝန်ထမ်းများ**
**ဆီးချိုနှင့်ဟော်မုန်းရောဂါအထူးကုဌာန**
**မြောက်ဥက္ကလာပဆေးရုံကြီး**

ဝမ်းနည်းကြေကွဲခြင်း
### ဗိုလ်ကြီးပြည့်ဖြိုးလင်း
(ကြည်း-၄၃၇၂၄)
အသက်(၃၀)

ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အငယ်တန်းစာရေး ဒေါ်သဲစုထွန်း၏ခင်ပွန်း ဗိုလ်ကြီးပြည့်ဖြိုးလင်းသည် ၁၀-၂-၂၀၁၅ရက်တွင် နိုင်ငံ့တာဝန်ထမ်းဆောင်ရင်း ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ကရင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဝန်ထမ်းမိသားစု**

ဝမ်းနည်းကြေကွဲခြင်း
### မောင်ဥက္ကာဖြိုး(ခ)ဖိုးရှိန်း အသက်(၂၁)နှစ်
(စတုတ္ထနှစ်၊ နည်းပညာတက္ကသိုလ်၊ မုံရွာ)

ဗိုလ်မှူးလေးနိုင်(ငြိမ်း)-ဒေါ်သင်းသင်းမော်တို့၏ ချစ်လှစွာသောသားသည် ၂၄-၂-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိဘများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်မှူးရဲနှစ်(ငြိမ်း)-ဒေါ်ခင်သိန်းမြင့် မိသားစု၊ ကျိုက်ထိုမြို့**

## သတိပေးနှိုးဆော်ချက်

ယာဉ်မတော်တဆ ဖြစ်ပွားမှုများအား လေ့လာရာတွင် ယာဉ်မောင်းသူတို့၏ပေါ့ဆမှုတို့ကြောင့် ဖြစ်ပွားသကဲ့သို့ လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များ၏ စည်းကမ်းမလိုက်နာမှုများကြောင့်လည်း ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။

လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် ယာဉ်များအတွက် မီးစိမ်းထားချိန်တွင် လမ်းသွားလမ်းလာများအနေဖြင့် လမ်းဖြတ်ကူးခြင်း မပြုဘဲစောင့်ဆိုင်းရန်နှင့် ယာဉ်များမှလည်း လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူး မျဉ်းကျားတို့တွင် အရှိန်လျှော့မောင်းနှင်ရန် လိုအပ်ပါသည်။

လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များအနေဖြင့်လည်း လူကူးမျဉ်းကျားမှသာ အချက်ပြထိန်းသိမ်းမှုအတိုင်း စနစ်တကျ လမ်းဖြတ်ကူးကြရန်နှင့် အချက်ပြ ထိန်းသိမ်းမှုမရှိသော နေရာများမှ လမ်းကူးပါက **"ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့် လမ်းရှင်းမှကူး"** စနစ်ဖြင့် သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

စိုက်ပျိုးရေးဝန်ထမ်းဟောင်းများအသင်း
### ဒေါ်ခင်စောအုံ
အထက်တန်းစာရေး(ငြိမ်း)
မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း
အသင်းဝင်(၀၂၄၉)
အသက်(၈၆)နှစ်

ပုသိမ်မြို့ ဘိုးဘွားရိပ်သာနေ ဒေါ်ခင်စောအုံသည် ၂၃-၂-၂၀၁၅ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၂-၂၀၁၅ ရက်တွင် သရေပင်းချောင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ အမှုဆောင်အဖွဲ့

### ဒူဂျုန်ပန်မူနန်ဒွဲ(ခ)ဒွဲရော်
အသက်(၈၃)နှစ်

မရန်လိုင်ကာဟော်ဝါးဒူဝါဇော်ဂမ်၏ချစ်လှစွာသောဇနီး၊မြေး ၁၈ယောက်၊ မြစ် သုံးယောက်တို့၏ အဘွားသည် ၂၃-၂-၂၀၁၅ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၂-၂၀၁၅ရက်(သောကြာနေ့) နံနက် ၁၀နာရီတွင် ဝန်ပေါင်သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးများအားလုံးအား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

စိုက်ပျိုးရေးဝန်ထမ်းဟောင်းများအသင်း
### ဦးတင်ဝင်း
လ/ထမန်နေဂျာ(ငြိမ်း)
မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း(စီမံ)
အသင်းဝင်(၀၁၀၆)
အသက်(၇၈)နှစ်

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ စိန်ပန်းလမ်းနေ ဦးတင်ဝင်းသည် ၁၉-၂-၂၀၁၅ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၂-၂၀၁၅ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။ အမှုဆောင်အဖွဲ့

### ဦးခင်ထွန်း
ဌာနခွဲမှူး(ငြိမ်း) (သံတွဲ)
အခွန်ဌာန၊ Y.C.D.C
အသက်(၇၀)

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ဇရပ်ကွင်းစံပြကျေးရွာတောင်ပိုင်း၊ အမှတ် ၅/၆၄နေ ဒေါ်စန်းနွဲ့(ပြည်ထောင်စုကော်မရှင်ရုံး၊ငြိမ်း)၏ခင်ပွန်း၊ ဦးအောင်ထွေးမောင် (လက်ထောက်ကြီးမှူး၊ ရေနှင့် သန့်ရှင်းမှုဌာန) (Y.C.D.C)-ဒေါ်ချို့နွယ်ခင်ထွန်း(ဇဒင်စွမ်းအင်ကုမ္ပဏီ)၊ ဦးအောင်ဗိုလ်ဗိုလ် (အောင်စွမ်းဦး ကွန်ပျူတာမိတ္တူဆိုင်)-ဒေါ်ဇင်နွယ်ခင်ထွန်းတို့၏ ဖခင်သည် ၂၅-၂-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၂-၂၀၁၅ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

### A.E (1) ကြီးမြင့်(ခ) ဦးမောင်မြင့်
အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗိုလ်လက်ျာလမ်း၊ အမှတ် ၃၆နေ (ဦးလှမောင်-ဒေါ်စန်းရီ)တို့၏သား၊ (ဦးချစ်လှ-ဒေါ်ခင်မြိုင်)တို့၏သားသမက်၊ ဒေါ်သင်းသင်းနွယ်၏ခင်ပွန်း၊ မောင်တေဇာလင်း-မသက်သက်စိုး၊ မောင်ထွန်းဝင်းအောင်-မနွယ်နွယ်လင်း၊ မသဇင်လင်းတို့၏ဖခင်၊ မြေးသုံးယောက်တို့၏ အဘိုးသည် ၂၅-၂-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု

### ဦးလေးမြင့်
အသက်(၄၀)

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ ၁၂၃ လမ်း၊ တိုက် ၇၊ ငါးလွှာနေ (ဦးကျော်မြင့်-ဒေါ်မြနွဲ့)တို့၏သားထွေး၊ ဒေါ်ခင်စန်းမြင့်၊ ဦးကျော်ရွှေ-ဒေါ်အေးမြင့်၊ ဒေါ်ခင်ခင်မြင့်(ရန်ကုန်မြို့တော်စည်ပင်အင်ဂျင်နီယာဌာန၊ လမ်းနှင့်တံတား)၊ ဒေါ်ကြည်ကြည်မြင့် (ဆေးသုတေသနဦးစီးဌာန၊ အောက်မြန်မာပြည်)၊ ဦးလှဝင်းအောင်-ဒေါ်အေးအေးခိုင်၊ ဦးအေးကျော်(Thizana Co.,Ltd.)-ဒေါ်ဇာဇာအောင်တို့၏မောင်/ညီ၊ တူ၊ တူမ လေးယောက်တို့၏ဦးလေး၊မြေးတစ်ယောက်၏အဘိုးသည် ၂၅-၂-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၂-၂၀၁၅ရက် (သောကြာနေ့)ညနေ ၄နာရီတွင်ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ကြော်ငြာ

ဘုရား၊ ရဟန်း၊ ကျောင်း၊ လမ်း၊ တံတား၊ ဆေးပေးခန်း ဒါယိကာမကြီး
### ဒေါ်စီ (မော်လမြိုင်)
အသက်(၉၂)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ ပိုင်ကျုံကျေးရွာနေ (ဦးမောင်ထင်-ဒေါ်စိန်မေ)တို့၏သမီး၊ (ဦးသိန်းအောင်)၏ဇနီး၊ ရန်ကုန်မြို့နေ ဦးအောင်ထွေး-ဒေါ်သောင်းကြည်တို့၏အစ်မ၊ ပဲခူးမြို့နေ ဦးအောင်မြင့်-ဒေါ်အေးအေး(ငါးပိငံပြာရည်လုပ်ငန်း)၊ ရန်ကုန်မြို့နေ ဦးကျော်တင့်-ဒေါ်ခင်လှိုင်(နေခြည်ဝင်းစားသောက်ကုန်လုပ်ငန်း)၊ ပဲခူးမြို့နေ ဦးမြင့်သိန်း-ဒေါ်ခင်ပိုသွင်(ငရုတ်သီးမှုန့်လုပ်ငန်း)တို့၏မိခင်၊ မြေးခြောက်ယောက်၊ မြစ်ရှစ်ယောက်တို့၏အဘွားသည် ၂၅-၂-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၇-၂-၂၀၁၅ရက်(သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ပဲခူးမြို့၊ ဥသာမြို့သစ်၊ (၈)ရပ်ကွက်၊ ရန်ကုန်-မန္တလေးလမ်း၊ အမှတ် ၃၉၂နေ ဦးအောင်မြင့်-ဒေါ်အေးအေးတို့၏နေအိမ်မှ ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင် ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊လမ်း၊တံတား၊ရေကန်ဒါယိကာမကြီး
### ဒေါ်မြကြည် (စံသိန်းပွဲရုံ)
အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၁၄လမ်း၊ အမှတ် ၄၀နေ (ရွှေကျင်ပွဲရုံပွဲစားကြီး ဦးမောင်လေး-ဒေါ်ရင်)တို့၏သမီး၊ (ဒေါ်အေးနွဲ့)၊ (ဦးအေးသိန်း)-ဒေါ်စောကြည်၊ (ဦးလှတင်)-ဒေါ်ဝင်းကြည်၊ ဒေါ်စိန်အေး၊ ဦးအေးသန်း-(ဒေါ်လှလှမြင့်)တို့၏အဒေါ်၊ ဦးဇော်မင်းအောင်-ဒေါ်မြင့်သန်းနွယ်(Pyi Hein Aung Co., Ltd.)၊ ဦးတင်ထွန်းအောင်(N.Y)၊ ဦးဇော်ထွန်း(M.M.A မြောင်းမြ)-ဒေါ်စုလေးမေ၊ ဒေါ်နှင်းအေးကြည်(Golden Min Khaung Co.,Ltd.)၊ ဦးအောင်ခင်-ဒေါ်ညိုနွဲ့ဦး၊ ဦးဖြိုးဝေလင်း-ဒေါ်ကြည်ကြည်ဝင်းတို့၏အဘွား၊ မောင်ပြည့်ဟိန်းအောင်၊ မအိန္ဒြာအောင်၊ မောင်ပြည့်ဖြိုးထွန်း၊ မောင်ကောင်းပြည့်စုံ၊ မောင်သော်ထက်နိုင်၊ မငြိမ်းထက်အောင်၊ မထက်ထက်ဦးတို့၏ဘွားဘွားကြီးသည် ၂၆-၂-၂၀၁၅ရက်(ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် အာရုတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၂-၂၀၁၅ရက်(စနေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း၊ တံတား၊ ရေကန် ဒါယိကာမကြီး
### ဒေါ်မြကြည် (စံသိန်းပွဲရုံ)
အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ အမှတ် ၄၀၊ ၁၄လမ်း၊ လမ်းမတော်မြို့နယ်နေ (ရွှေကျင်ပွဲရုံပွဲစားကြီး ဦးမောင်လေး-ဒေါ်ရင်)တို့၏သမီး၊ (ဦးသိန်းမောင်-ဒေါ်အုန်းကြည်)၊ (ဦးသိန်း-ဒေါ်သန်းစိန်)တို့၏ညီမ၊ (ဦးကြည်ဝင်း-ဒေါ်တင်ရီ)တို့၏ အစ်မ၊ ဦးစန်းဝင်း-ဒေါ်နုနုယဉ်၊ ဦးအောင်ကျော်ဇော-ဒေါ်ယဉ်မေသိန်း၊ ဦးအောင်ကြည်တို့၏ကြီးကြီး၊ ကိုနေထွန်း၊ မချစ်စုရည်၊ မောင်ဆက်ဖြိုးဝေ၊ မဝတီကျော်ဇော၊ မဟန်သူအောင်၊ မနှင်းပွင့်အောင်၊ မဆုလာဒ်ပိုင်တို့၏ဘွားဘွားသည် ၂၆-၂-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် အာရုတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၈-၂-၂၀၁၅ရက်(စနေနေ့)ညနေ ၃နာရီတွင်ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

### ဦးကျော်အေး (GE-4)(ငြိမ်း) အသက်(၇၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ည)ရပ်ကွက်၊ ဘုမ္မာ ၉လမ်း၊ အမှတ် ၂၈၉နေ [ဒေါ်တင်တင်စိန်(ခ)ဒေါ်မွေး]၏ခင်ပွန်း၊ ဦးဝင်းလှိုင်(GE-4)-ဒေါ်သီတာသန်း၊ ဒေါ်သီသီလှိုင်(စီမံ/စီးပွားဝန်ကြီးဌာန)၊ ဦးကျော်မင်း(ရွှေနဂါးဖျော်ရည်)-ဒေါ်ရီရီလှိုင်တို့၏ဖခင်၊ မမွေးသဥ္ဇာကျော် (ရင်းနှီး/ကုမ္ပဏီဦးစီးဌာန)၊ မနှင်းဝေလွင်၊ မောင်သူရကျော်၊ မောင်ခန့်မင်းထွန်း၊ မောင်ရဲထွဋ်ကျော်၊ မောင်ကောင်းပြည့်စုံတို့၏အဘိုးသည် ၂၅-၂-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇း၃၀နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁-၃-၂၀၁၅ရက် (တနင်္ဂနွေနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၁၅နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်သန်းရီ (မြန်မာ့ထီးစက်ရုံ၊ ငြိမ်း)
အသက်(၇၄)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ပိုင်ကျုံကြီးကျေးရွာနေ (ဦးမောင်မောင်-ဒေါ်ခင်ကြည်)တို့၏သမီး၊ လှိုင်မြို့နယ်၊ ပါရမီလမ်း၊ အမှတ် ၃၉၊ ပထမထပ်နေ ဦးသိန်းစိုး (မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်၊ ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ (ဦးသန်းအောင်)-ဒေါ်ခင်သိန်း၊ (ဦးကျော်သိန်း)-ဒေါ်ခင်စန်းရီ၊ (ဦးအောင်သန်း)-ဒေါ်ခင်ထွေးရီတို့၏အစ်မ/ညီမ၊ ဦးချစ်ဆွေ-ဒေါ်အိအိမင်း(စင်ကာပူ)၊ ဦးတင့်ဇော်ထွန်း(ဌာနခွဲမှူး၊ M.P.P.E)-ဒေါ်အေးအေးမိုးတို့၏မိခင်၊ မောင်ပြည့်ဖြိုးအောင်၊ မောင်သူရဆွေ၊ မောင်ကောင်းမြတ်ထွန်း၊ မောင်ကောင်းမြတ်ဆွေတို့၏အဘွားသည် ၂၄-၂-၂၀၁၅ရက်(အင်္ဂါနေ့)နံနက်၅း၁၅နာရီတွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ပစ္စည်းလေးပါး၊ ပိဋကတ်သုံးပုံ ဒါယိကာမကြီး
### ဒေါ်မြင့်မြင့် (မိုးကုတ်ယောဂီ)
အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၁၀၃လမ်း၊ အမှတ် ၂၇(B) နေ (ဦးသိန်း-ဒေါ်ကြင်)တို့၏သမီးကြီး၊ ဦးအောင်စံသိမ်း(လ/ထညွှန်ကြားရေးမှူး၊ ငြိမ်း၊ စာရင်းစစ်ချုပ်ရုံး)၏ဇနီး၊ ဦးအေးသောင်း-ဒေါ်အေးကြွယ်၊ ဦးခင်မောင်အေး-ဒေါ်ခင်ခင်အေး၊ ဦးအောင်ဇေယျ-ဒေါ်ခင်ခင်ငွေး၊ ဦးကျော်မြင့်-ဒေါ်စုစုငွေး၊ ဦးကြည်စိန်-ဒေါ်လှလှကျော်၊ (ဦးသောင်းဆွေ)-ဒေါ်စန်းစန်းတို့၏အစ်မကြီး၊ ဦးသန်းထိုက်-ဒေါ်အေးအေးမွန်၊ ဦးဇော်မိုးနိုင်(Rose Garden Hotel)-ဒေါ်တင်ရီ(ရာဖြတ်/စည်ပင်)တို့၏မိခင်၊ မြေးလေးယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၂၆-၂-၂၀၁၅ရက် နံနက် ၅း၅၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးဖေအောင် (ဗန်းမော်)
အသက်(၅၆)နှစ်

သံသရာတစ်ကွေ့မှာ ခဏတာတွေ့ခဲ့ရပေမယ့် ထာဝရမမေ့အပ်သူ မောင်ငယ်တစ်ယောက် ဆုံးရှုံးကြွေလွင့်ရခြင်းအတွက် နှမြောတသဖြစ်ရပါတယ်။ မင်းအတွက် ရည်စူးကုသိုလ်များကို မြင့်မြတ်သောဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

**ချစ်တဲ့အစ်မများ - ဒေါ်ရီရီညွှန့်၊ ဒေါ်ကြူကြူညွှန့်၊ ဦးအောင်မြင့်-ဒေါ်မူမူညွှန့်(မိသားစု)**

ဒီမိုကရေစီအတွက် မရှိမဖြစ်လိုအပ်တဲ့ မီဒီယာလွတ်လပ်ခွင့်ကို မျိုးစေ့ချဆောင်ရွက်နေတဲ့အချိန်မှာ မီဒီယာကျင့်ဝတ်၊ မီဒီယာစည်းကမ်းများကို လိုက်နာဖို့၊ အခြေအမြစ်မရှိတဲ့ သတင်းတွေ၊ ပုဂ္ဂိုလ်ရေး တိုက်ခိုက်ပုတ်ခတ်မှုတွေ ပြုလုပ်ခြင်းကို ရှောင်ရှားကြဖို့ လိုပါတယ်။

(နိုင်ငံတော်သမ္မတ၏ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့ ရေဒီယိုမိန့်ခွန်းမှ ကောက်နုတ်ချက်)

# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း အများပြည်သူနှင့်သက်ဆိုင်သည့် ကျန်းမာရေးစီမံခန့်ခွဲမှုစနစ်များ လေ့လာ



**ဗန်ကောက် ဖေဖော်ဝါရီ ၂၆**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ရောက်ရှိနေသော ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ယနေ့နံနက်ပိုင်း ဒေသစံတော်ချိန် ၉ နာရီခွဲတွင် အမျိုးသားကျန်းမာရေးစောင့်ရှောက်မှုဌာနသို့ ရောက်ရှိကြသည်။

ယင်းနောက် ရှင်းလင်းဆောင်၌ အမျိုးသားကျန်းမာရေးစောင့်ရှောက်မှုဌာန ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် Dr.Weerawat Phancrut က ထိုင်းနိုင်ငံ၏အလုံးစုံပါဝင်သော ကျန်းမာရေးစောင့်ရှောက်မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များက သိရှိလိုသည်များကို မေးမြန်းခဲ့ကြသည်။

ထို့နောက် ဒုတိယသမ္မတသည် အမျိုးသားကျန်းမာရေးစောင့်ရှောက်မှုဌာနမှ တာဝန်ရှိသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ဌာနအတွင်းရှိ Call Center Room၊ Data Center Room တို့ကို လှည့်လည်ကြည့်ရှုလေ့လာသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် အမျိုးသားကျန်းမာရေးစောင့်ရှောက်မှုဌာန ဒုတိယအထွေထွေအတွင်းရေးမှူးချုပ်က RATHKAEW AUTHENTIC THAI RESTAURANT ၌ တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့ကြသည်။

*စာမျက်နှာ ၉ ကော်လံ ၃* ◆

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း အမျိုးသားကျန်းမာရေးစောင့်ရှောက်မှုဌာနတွင် ကြည့်ရှုလေ့လာစဉ်။

(သတင်းစဉ်)

# ကိုးကန့်သောင်းကျန်းသူများ အလစ်အငိုက် ချောင်းမြောင်းပစ်ခတ်တိုက်ခိုက်ခြင်းများဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

တပ်မတော်စစ်ကြောင်းများက လောက်ကိုင်ဒေသအတွင်း နယ်မြေရှင်းလင်းခြင်းများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ ကိုးကန့်သောင်းကျန်းသူများအနေဖြင့် တောင်ပေါ်၊ တောတွင်းအရေးသာသောနေရာများမှ ပုန်းခိုစောင့်ဆိုင်း၍ ချုံခိုတိုက်ခိုက်ခြင်း၊ အလစ်အငိုက်ချောင်းမြောင်းပစ်ခတ်တိုက်ခိုက်ခြင်းများ ဆောင်ရွက်လာခဲ့သည်။

ထိုသို့ချောင်းမြောင်းတိုက်ခိုက်ရာတွင် ဖေဖော်ဝါရီ ၂၅ ရက်နေ့၌ လောက်ကိုင်အနောက်မြောက်ဘက်တစ်ဝိုက်တွင်တစ်ကြိမ်၊ ချင်းရွှေဟော်နှင့်လုံထန်ကျေးရွာကြားတွင် တစ်ကြိမ်၊ လောက်ကိုင်နှင့်ကုန်းကြမ်းကြား ၂၃ မိုင်အနီးတွင်တစ်ကြိမ် နယ်မြေရှင်းလင်းလျက်ရှိသော တပ်မတော်စစ်ကြောင်းများအား ကိုးကန့်သောင်းကျန်းသူအင်အားစုအချို့တို့က အလစ်အငိုက်ချောင်းမြောင်းပစ်ခတ်တိုက်ခိုက်လာသဖြင့် ထိတွေ့တိုက်ပွဲများဖြစ်ပွားခဲ့သည်။

အလားတူ ၄င်းနေ့မွန်းလွဲပိုင်းတွင် လောက်ကိုင်ဒေသအတွင်း အင်အားဖြည့်တင်းရန် ချီတက်လျက်ရှိသော တပ်မတော်စစ်ကြောင်းအား KIA(ကချင်)၊ SSA (ဝမ်ဟိုင်း)လက်နက်ကိုင်အဖွဲ့တို့က နမ့်ဆလပ်အနီးတစ်ဝိုက်မှ လက်နက်ကြီး၊ လက်နက်ငယ်တို့ဖြင့် အလစ်အငိုက်ပစ်ခတ်တိုက်ခိုက်၍ ဆုတ်ခွာထွက်ပြေးရာ တပ်မတော်စစ်ကြောင်းများက လိုက်လံရှင်းလင်းလျက်ရှိသည်။

ထို့အပြင် ယနေ့နံနက်ပိုင်းတွင် လောက်ကိုင်အနီး မန်ချူးကျေးရွာအရှေ့တောင်ဘက် လျှိုမြောင်ကြားကြခင်းအနီး၌ နယ်မြေရှင်းလင်းလျက်ရှိသော တပ်မတော်စစ်ကြောင်းနှင့်ကိုးကန့်သောင်းကျန်းသူအင်အားစုအချို့တို့ ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ပြီး ဆုတ်ခွာသွားရာ

*စာမျက်နှာ ၁၂ ကော်လံ ၄* ❐

# MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၈)ကို ကြိုတင်လေ့လာခြင်း

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

၂၀၁၅ ရာသီ MNL အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၈)ကို ယခုတစ်ပတ် စနေ၊ တနင်္ဂနွေနှင့်တနင်္လာနေ့များတွင် ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ထိပ်သီးအသင်းအချင်းချင်း တွေ့ဆုံလျက်ရှိသည်။ ခုနစ်ပွဲဆက်အနိုင်ရထားသော ရန်ကုန်နှင့်ရှုံးပွဲ မရှိသေးသည့် ကမ္ဘောဇ၊ ဒုတိယနေရာမှ ဧရာဝတီနှင့် လက်ရှိချန်ပီယံ ရတနာပုံအသင်းတို့ပွဲမှာ အကြိတ်အနယ်ရှိလာနိုင်ပေသည်။

ပွဲစဉ်(၈)အဖြစ် ဖေဖော်ဝါရီ ၂၈ ရက်တွင် အောင်ဆန်းကွင်း၌ မကွေးနှင့် ဇေယျာရွှေမြေ၊ သုဝဏ္ဏကွင်း၌ ရခိုင်နှင့် ချင်းယူနိုက်တက်၊ မတ် ၁ ရက်တွင် တောင်ကြီးကွင်း၌ ကမ္ဘောဇနှင့် ရန်ကုန်၊ သုဝဏ္ဏကွင်း၌ ဇွဲကပင်နှင့်နေပြည်တော်၊ အောင်ဆန်းကွင်း၌ မနောမြေနှင့် ဟံသာဝတီ၊ မတ် ၂ ရက်တွင် ကျောက်တိုင်ကွင်း၌ ဧရာဝတီနှင့် ရတနာပုံအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပွဲစဉ်(၇)အပြီးတွင် ရန်ကုန်အသင်းက ခုနစ်ပွဲကစား ခုနစ်ပွဲစလုံးအနိုင်ရကာ ၂၁ မှတ်ဖြင့် ထိပ်ဆုံးတွင် ဦးဆောင်နေသည်။ ဧရာဝတီအသင်းက ခြောက်ပွဲကစား ၁၆ မှတ်၊ ကမ္ဘောဇအသင်းက ခုနစ်ပွဲကစား ၁၅ မှတ်၊ လက်ရှိချန်ပီယံ ရတနာပုံအသင်းက ခြောက်ပွဲကစား ၁၃ မှတ်၊ မကွေးအသင်းက ခုနစ်ပွဲ ကစား ၁၂ မှတ်၊ ချင်းယူနိုက်တက်အသင်းက ခြောက်ပွဲကစား ရှစ်မှတ်၊ ရခိုင်အသင်းက ခုနစ်ပွဲကစား ခြောက်မှတ်တို့ ရရှိထားသည်။ *စာမျက်နှာ ၅ ကော်လံ ၁* ●



ရတနာပုံနှင့် ဧရာဝတီအသင်းတို့ ၂၀၁၅ Charity Cup ပြိုင်ပွဲတွင် တွေ့ဆုံခဲ့စဉ်။


CLAIMS DAY NOTICE
M.V GOLDEN FAN VOY:NO(24)

Consignees of cargo carried by M.V GOLDEN FAN VOY: NO. (24) are here by notified that the vessel will arrive on about 2-3-15 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်


R/488 ဖြင့် မြန်မာ့အလင်းသတင်းစာတိုက်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာနက ထုတ်ဝေသည်။
မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။